

ကုသိုလ်ပန်း
ပုံပြတရားတော်
နိုင်ငံခြားသာသနာပြုမဟာစည်ဆရာကထိက
ပြန့်တန်းသာ အရှင်သုန္ဒရ ဘိဓော
အမျိုးသားပထမကျော်၊ အစိုးရဓမ္မာစရိယ

တတိယ အကြိမ်

၁၉၇၂-ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ [၃၀၀၀]
မျက်နှာဖုံး ပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး - ဦးကိုလေး။
ဘလောက် လွင် နှင့် ရွှေရေး။
မျက်နှာဖုံးရိုက် - မျိုးညွန့်
ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် [၉၃၀]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၃၂]

တန်ဖိုး ၇-ကျပ်။

ထုတ်ဝေသူ။ ။ဒေါ်တီ (မြဲ-၀၀၆၇)၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၇၊ ၇၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဒေါ်တီ (မြဲ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၇၊ ၇၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

၁၅၈၅၅

မဟာစည် နိုင်ငံခြားသာသနာပြု ဓမ္မကထိက
ပြန်တန်ဆာ အရှင်သုန္ဒရ (ဘီ–အေ)
အမျိုးသား ပထမကျော် - အစိုးရဓမ္မာစရိယ

# ကုသိုလ်ပန်း

## ပုံပြတရားတော်

သီရိရတနာ စာပေတိုက်
၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# ကုသိုလ်ပန်း ပုံပြ တရားတော်

## ပ ဏာ ၁ မ

ပုညပုပ္ဖံ ပိဋ္ဌန္ဒိတွာ၊ ယော ပါပုဏိ ပဒံဝရံ။
အမှာကမ္ပိ ပိဋ္ဌန္ဒေတုံ၊ ဒေသေသိတံ နမာ မဟံ။ ။

ယောနာဃကော၊လူနတ်ဗြဟ္မာ သတ္တဝါအများတို့ရဲ့ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မှန် ဖြစ်တော်မူသော အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ပုညပုပ္ဖံ၊ လူ နတ် နိဗ္ဗာန် သုံးတန် စခန်း တက်လှမ်းနိုင်ခွင့် ပန်းဆယ်ပွင့်ကို။ ပိဋ္ဌန္ဒိတွာ၊ ဘဝများစွာ လှမ်းကာဆွတ်ချူ ကိုယ်တော် တိုင် ပန်ဆင်တော်မူခဲ့လေပြီး၍။ ပဒံဝရံ၊သေခြင်းကင်းပြတ် အမြတ်ကြွန်း နိဗ္ဗာန်နန်းသို့။ပါပုဏိ၊ အရဟတ္တဖိုလ်ပန်း ပန်ဆင်မြန်း၍ တက်လှမ်းဆိုက်ရောက်တော်မူခဲ့လေပြီ။ အမှာကမ္ပိ၊ လူနတ်နိဗ္ဗာန်

သုံးတန်စခန်း တက်လှမ်းလိုကြသော သတ္တဝါအများ အကျွန်ုပ်တို့အားလည်း။ ပိဋကနေတုံ၊ သုံးတန်စခန်း တက်လှမ်းဝင်ခွင့် ပန်းဆယ်ပွင့်ကို လှမ်းလင့်လွယ်ကူ ကြိုက်ရာကြိုက်ရာ ဆွတ်ယူပန်ဆင်နိုင်ကြပါစေခြင်းအကျိုးငှာ။ ဒေသေသိ၊ ဘယ်စခန်းသို့ တက်လှမ်းလိုပြန် ဘယ်ပန်းပန်ဟု နည်းညွှန်ပြသ ဟောကြား ဆုံးမတော်မူခဲ့လေပြီ။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်ထသော။ တံ နာယကံ၊ လူနတ်ပြဟ္မာ သတ္တဝါအများတို့ရဲ့ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မှန်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ တရားနာသူ များဗိုလ်လူတို့အား မြတ်ကုသိုလ်ပန်း ဆင်မြန်းကြရန် တိုက်တွန်းတရား ဟောကြားတော့မည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ နမာမိ၊ တရားဟော တရားနာ ဘေးရန်ကွာကြောင်း သုမှန်တောင်းကာ ရှိခိုးကန်တော့လိုက်ရပါတော့သည် ဘုရား။

သာဓု၊ သာဓု၊ သာဓု။

# "မြတ်ကုသိုလ်ပန်း ဆင်မြန်းကြပါ"

ဒီနေ့ ဟောမယ့်တရားကတော့ "မြတ်ကုသိုလ်ပန်း ဆင်မြန်းကြပါ"ဆိုတဲ့တရား ဖြစ်ပါတယ်။ "ပုညကြိယဝတ္ထုဆယ်ပါး" ကို ပန်း အနေထားကာ တင်စားဟောကြားမည့် တရားပါပဲ။

"ပန်း"ကို လူတိုင်း နှစ်သက်မြတ်နိုးကြပါတယ်။ အထူးသဖြင့် အမျိုးသမီးများက ပန်းကို ပိုပြီး နှစ်သက်ကြပါတယ်၊ ဒီခေတ်မှာ အမျိုးသမီးများသာ ပန်းပန်ကြပေမယ့် ရှေးခေတ်ကတော့ အမျိုးသားများလည်း ပန်းပန်ကြဟန် တူပါတယ်။ "ပန်းပန်မှ လှတယ်၊ နန်းဆန်တယ်"လို့ ထင်ကြပါတယ်။

ဒါကြောင့်လည်း ပန်းကို အမြတ်တနိုး ပန်ဆင်ကြခြင်း ဖြစ်ပါတယ်။

ဒီလို လှတယ်ထင်လို့ ပန်းကို အမြတ်တနိုး ပန်ဆင်ကြပေမယ့် ပကတိ ပန်းတွေဟာ ဆင်မြန်းသူကို အမြဲတမ်း မလှပစေနိုင်ပါဘူး။ မညှိုးနွမ်းခင် ခဏတာမျှသာ လှပစေနိုင်ပါတယ်။ ဒါတောင် အချိုးကျကျ မပိုမလို ပန်ဆင်တတ်ပါမှ လှပတာ ဖြစ်ပါတယ်။

"ကုသိုလ်ပန်း" ကတော့ ဆင်မြန်းသူကို ဘဝအဆက်ဆက် လှပစေနိုင်ပါတယ်။ မိမိတို့ ဆင်မြန်းရာ "ကုသိုလ်ပန်း" က များလေလေ မြင့်မြတ်တဲ့ အထက်တန်းစား ဘဝတွေကို ရောက်နိုင်လေလေပါပဲ။

ဒါကြောင့် ''ပကတိ ပန်း'' ကို ဆင်မြန်းဖို့ထက် ''ကုသိုလ်ပန်း''ကို ဆင်မြန်းကြဖို့ တိုက်တွန်း ဟောကြားရခြင်း ဖြစ်ပါတယ်။

## ပုညကြိယဝတ္ထု ဆယ်ပါး

လူတိုင်း ပန်ဆင်စရာ ''ကုသိုလ်ပန်း'' ဟာ ဆယ်မျိုး ရှိပါတယ်။ သူတို့က ဘာတွေလဲလို့ဆိုယင်

(၁) ဒါန (၂) သီလ (၃) ဘာဝနာ

(၄) အပစာယန (၅) ဝေယျာဝစ္စ (၆) ပတ္တိဒါန

(၇) ပတ္တာနုမောဒန (၈) ဓမ္မဿဝန (၉) ဓမ္မဒေသနာ

(၁၀) ဒိဋ္ဌိဇုကမ္မ-တို့ ဖြစ်ကြပါတယ်။

---

[၁] ရှေးခေတ်က အမျိုးသမီးများသာမက အမျိုးသားများပါ ခေါင်းမှာ ပန်းပန်လေ့ ရှိကြပုံ။ [ကြာခွက်ဆံထုံးနဲ့ ပန်းပန်ထားသူ ရှင်လောင်းပုံ။]



သူတို့ရဲ့အမည်ပွါယ်တွေကိုတော့ နောက်ပိုင်းကျမှ ဖော်ပြပါ့မယ်။ နာမည်ရင်းအတိုင်းဆိုယင် သူတို့ကို "ပုညကြိယဝတ္ထု ဆယ်ပါး" လို့ ခေါ်ပါတယ်။

ပုညကြိယဝတ္ထုဆိုတာ သုံးပုဒ်တွဲ ပါဠိစကားပါပဲ။ "ပုည=ကောင်းမှု၊ ကြိယ=ပြုသင့်ပြုထိုက်သော၊ ဝတ္ထု=တည်ရာ" တဲ့။

ဒီတော့ အားလုံးပေါင်းလိုက်ယင် "ကောင်းကျိုးရဲ့တည်ရာဖြစ်လို့ ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်"လို့ အဓိပ္ပါယ်ရပါတယ်။ လွယ်အောင်ပြောရယင် "ကောင်းကျိုးကို ဖြစ်စေတဲ့အကြောင်းတရား"ပါပဲ။

[အမှာ။ ။ပုညကြိယဝတ္ထုအရ ကုသိုလ်စေတနာကို ကောက်ယူရသော်လည်း ဤ၌ ကလေးသူငယ်များအတွက်သာ အဓိကထား ဖော်ပြခြင်းဖြစ်၍ ကုသိုလ်စေတနာဟု ဖော်မပြပဲ အရပ်သုံးစကားနှင့် ဖော်ပြခြင်း ဖြစ်ပါသည်။]

ဒီ ပုညကြိယဝတ္ထုဟာ ဆယ်ပါးရှိပေမယ့် သဘောတူရာတူရာ စုလိုက်ယင် (၁) ဒါနအုပ်စု၊ (၂) သီလအုပ်စု၊ (၃) ဘာဝနာအုပ်စုရယ်လို့ အုပ်စုသုံးစု ရပါတယ်။ ဘယ်လိုလဲဆိုယင်=

(၁) ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန တို့က ဒါနအုပ်စု။

(၂) သီလ၊ အပစာယန၊ ဝေယျာဝစ္စ တို့က သီလအုပ်စု။

(၃) ဘာဝနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ တို့က ဘာဝနာအုပ်စု ဖြစ်ပါတယ်။

## ''အုပ်စုတွဲတာ သိစရာ''

### [ ဒါန အုပ်စု ]

ပေးကမ်းစွန့်ကြဲမှု ဒါနဆိုတာ မနာလိုမှု (ဣဿာ)၊ ဝန်တိုမှု (မစ္ဆရိယ) သဘာဝဆိုးတွေကို ကျော်လွှားနိုင်မှ အထမြောက်ပါတယ်။ မိမိရဲ့ ကုသိုလ်အဖို့ကို အမျှဝေမှု=ပတ္တိဒါန၊ သူတပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်နှမောသာဓုခေါ်မှု=ပတ္တာနုမောဒန တို့ဟာလည်း မနာလိုမှုနှင့် ဝန်တိုမှုတို့ကို ကျော်လွှန်နိုင်မှသာ ဖြစ်နိုင်ပါသည်။ ဒီ ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒနတို့ဟာ အခြည်ကွဲပေမယ့် သဘောချင်းတူလို့ သူတို့ကို ဒါနအုပ်စုအဖြစ် မှတ်ယူရပါသည်၊

### [ သီလ အုပ် စု ]

သီလဆိုတာ ကိုယ်နှုတ်ကို စောင့်ထိန်းမှု အလေ့အကျင့်ပင် ဖြစ်ပါတယ်။ ကြီးမြတ်သူကို ရိုသေသမှု=အပစာယန၊ ကြီးမြတ်သူရဲ့ အပြစ်မဲ့ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်သုပ်ကိုင်ပေးမှု=ဝေယျာဝစ္စ တို့ဟာ ရှေးသူတော်ကောင်းတို့ရဲ့ အလေ့အကျင့်ကောင်းများပင် ဖြစ်ပါတယ်။ ဒီလို အလေ့အကျင့် သဘောချင်းတူလို့ ''သီလ၊ အပစာယန၊ ဝေယျာဝစ္စ'' တို့ကို သီလအုပ်စုအဖြစ် မှတ်ယူရပါတယ်။

### [ဘာဝနာအုပ်စု]

ဘာဝနာဆိုတာ ''လွန်ကဲမြင့်မြတ်တဲ့ ကုသိုလ်စိတ်ကို တိုးပွားစေတဲ့သဘော''ပင် ဖြစ်ပါတယ်။ သူတော်ကောင်းတရား နာကြားမှု-ဓမ္မသဝန၊သူတော်ကောင်းတရား ဟောကြားပြသမှု=ဓမ္မဒေသနာ၊

အယူကိုဖြောင့်အောင် ပြုမှု-ဒိဋ္ဌိဇုကမ္မတို့ဟာလည်း ကုသိုလ်တရားကို တိုးပွားစေတဲ့ သဘောတွေပါပဲ။ ဒီလို သဘောချင်းတူလို့ "ဘာဝနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာနှင့် ဒိဋ္ဌိဇုကမ္မ"တို့ကို ဘာဝနာအုပ်စု အဖြစ် မှတ်ယူရပါတယ်။

ဒိဋ္ဌိဇုကမ္မဟာ အုပ်စုတိုင်းမှာလည်း ပါနိုင်ခွင့် ရှိပါတယ်။ အခုအချိန်ကစပြီး ရှေ့ကို အုပ်စုတွဲ အစဉ်အတိုင်းသာ ဆက်လက်ဖော်ပြသွားပါမယ်။

## ''ပေးလှူရာ၀ယ် သတိပြုဖွယ်''

ပေးကမ်းစွန့်ကြဲမှုမှန်သမျှဟာ ''ဒါန'' ဖြစ်ပါတယ်။ ဒါနနဲ့ ပတ်သက်လို့ ကျမ်းဂန်များမှာ အမျိုးအစား အတော်များများ ခွဲခြားဖော်ပြထားပါတယ်။ ဒါပေမယ့် ဒီမှာတော့ လူငယ်လူရွယ်များအတွက် ဒါန(၂)မျိုးကိုသာ သိသာရုံ အကျဉ်းချုံး ဖော်ပြသွားပါမယ်။

သူတို့က (၁) ကုသိုလ်မရသော (လောကဝိသယ) ဒါနနဲ့

(၂) ကုသိုလ်ရသော (ပုညဝိသယ) ဒါနတို့ ဖြစ်ကြပါတယ်။

နံပါတ် (၁) အမျိုးအစားက ''ချစ်ခင်လို့ပေးတဲ့အမျိုး၊ ကြောက်လို့ပေးတဲ့အမျိုး၊ မလွှဲသာအားနာလို့ ပေးတာမျိုး'' ဖြစ်ပါတယ်။ ဒီလိုပေးတာမျိုးဟာ ဒါနဖြစ်ပေမယ့် ကုသိုလ်မရပါဘူး။ နောင်ဘ၀ ကောင်းကျိုးကို မဖြစ်စေနိုင်ပါဘူး။

နံပါတ် (၂) အမျိုးအစားကတော့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ပြီး ပေးလှူတဲ့အမျိုး ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုယင် ပေးလှူသူဟာ ပေးလှူခြင်းဖြင့် ကုန်သွားတဲ့ ပစ္စည်းမျှမကတဲ့ စေတနာတွေကို ငါတို့ရရှိသွားတယ်။ ဒီစေတနာတွေဟာ အရိပ်သဖွယ် ငါတို့နောက် တကောက်ကောက် လိုက်မှာပဲလို့ ယုံကြည်တာဟာ ကံကိုယုံကြည်တာ ဖြစ်ပါတယ်။

ငါတို့ပြုတဲ့ဒါနဟာ ကျိန်းသေ ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်တယ်လို့ ယုံကြည်တာဟာ ကံရဲ့အကျိုးကို ယုံကြည်မှုပါပဲ။

ဒီလို ကံ၊ ကံရဲ့အကျိုးကို ယုံကြည်မှုမျိုးနဲ့ ပေးလှူတဲ့ဒါနဟာ ကုသိုလ်ရပါတယ်။ ဆုတောင်းတောင်း၊ မတောင်းတောင်း လူချမ်းသာ နတ်ချမ်းသာကို တိုက်ရိုက် ဖြစ်စေနိုင်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းလည်း ဖြစ်ပါတယ်။

## မြတ်ဒါနပန်း ဆင်မြန်းရကျိုး

ဒါနနဲ့ ပတ်သက်တဲ့သဘောတရားတွေ ခဏရပ်နားပြီး "ဒါနပန်း"ဆင်မြန်းလို့ ကောင်းကျိုးချမ်းသာ ရရှိသွားတဲ့ သာဓကတွေလေး ဆက်ကြဦးစို့။

အခါတပါးမှာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ဟာ ရဟန်းတော် ၅၀၀ နဲ့အတူ ကပိလဝတ်နေပြည်တော်သို့ ကြွချီဆိုက်ရောက်တော်မူလာပါတယ်။ ဒီသတင်းကို ကြားတယ်ဆိုယင်ပဲ ဆွေတော်မျိုးတော်

---

[၂] ကပိလဝတ်နေပြည်တော်သို့ ကြွချီဆိုက်ရောက်လာသော ရှင်အနုရုဒ္ဓါ မထေရ်မြတ်ကို ဆွေတော်မျိုးတော် မင်းသား မင်းသမီးများက လာရောက်ဖူးမြော်ကြပုံ။



သာကီဝင်မင်းသား မင်းသမီးတွေဟာ မထေရ်မြတ်ထံသို့ သူ့ထက်ငါဦးအောင် အဖူးအမြော် ရောက်လာကြပါတယ်။ ဒါပေမယ့် မထေရ်မြတ်ရဲ့နှမငယ် ရောဟိနီ မင်းသမီးကတော့ ရောက်မလာပါဘူးတဲ့။

မထေရ်မြတ်က သူ့နှမငယ်အကြောင်း မေးတဲ့အခါ "ကိုယ်ရေပြားရောဂါ စွဲကပ်နေလို့ ရှက်တာနဲ့ ရောဟိနီ မလာကြောင်း" ဆွေတော်မျိုးတော်များက လျှောက်ထားကြပါတယ်။ အဲဒီအခါ မထေရ်မြတ်က လူလွှတ်ပြီး ရောဟိနီကို အခေါ်ခိုင်းလိုက်ပါတယ်။

ရောဟိနီဟာ မနေသာတော့ပဲ တကိုယ်လုံး အဝတ်သင်တိုင်း ခြုံလွှမ်းပြီး မထေရ်မြတ်ထံ ရောက်လာပါတယ်။

မထေရ်မြတ်က "သင် ဘာကြောင့် မလာသလဲ"လို့ နှမငယ်ကို မေးတယ်။ "နူနာစွဲနေလို့ ရှက်တာနဲ့ မလာတာပါ"လို့ နှမငယ်က လျှောက်ထားပါတယ်။

ဒီလိုဆိုယင် "သင် ဘာဖြစ်လို့ ကုသိုလ်ကောင်းမှု မပြုတာလဲ" လို့ မထေရ်က ထပ်မေးပါတယ်။ "ဘယ်လို ပြုရမှာလဲ"လို့ နှမငယ်က ပြန်လျှောက်ထားတယ်။

အဲဒီအခါ မထေရ်မြတ်က ရောဟိနီကို လက်ဝတ်လက်စားတွေရောင်းပြီး နားနေစရာ ဇရပ် ဆောက်ဖို့ပြောပါတယ်။ အခြား ဆွေတော်မျိုးတော်တွေကိုလည်း ဇရပ်ဆောက်ရာမှာ ကူညီလုပ်ကိုင်ပေးဖို့ တိုက်တွန်းပါတယ်။ သူကိုယ်တိုင်လည်း ကြပ်မတ်ညွှန်ကြားပေးမည့်အကြောင်း မိန့်ကြားပါတယ်။

ဒါနဲ့ ရောဟိနီဟာ သူ့လက်ဝတ်လက်စားတွေကို ငွေတစ်သောင်းနဲ့ ရောင်းတယ်။ ရှေးခေတ် ငွေတစ်သောင်းက အတော် တန်ဖိုးရှိဟန်တူပါတယ်။ အဲဒီ ငွေနဲ့ ဘုံ (၂) ဆင့်ရှိတဲ့ ဇရပ်တဆောင် ဆောက်လုပ်စေတယ်။ ဆွေတော်မျိုးတော်တွေကလည်း ကူညီ လုပ်ကိုင်ပေးကြတယ်။ မထေရ်မြတ် ကိုယ်တိုင်လည်း ကြည့်ရှုညွှန်ကြားပေးပါတယ်။

ဇရပ် အဖြူထည်ပြီးလို့ အထက်မှာ ပျဉ်ချပ်မိုးပြီးချိန်ကစပြီး မထေရ်မြတ်က ရောဟိနီကို အောက်ထပ်မှာ တံမြက်စည်းလှည်းခိုင်းတယ်။ နေရာ ခင်းခိုင်းတယ်။ သောက်ရေအိုး တည်ခိုင်းတယ်။ ရောဟိနီဟာ မထေရ်မြတ် ခိုင်းတဲ့အတိုင်း တံမြက်စည်းလှည်းချိန်ကစပြီး နူနာရောဂါဟာ သက်သာ လာတယ်တဲ့။

ဇရပ်ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဇရပ်ပေါ်ပင့်ပြီး ဆွမ်းကပ်လှူဒါန်း ပါတယ်။ အလှူ့အစ်မကတော့ ရှက်တာနဲ့ ကိုယ်တိုင်ရောက်မလာပါဘူး။ ဒါနဲ့ မြတ်စွာဘုရားက “အလှူရှင်ဟာ ဘယ်သူလဲ၊ ဘာကြောင့် မလာသလဲ”လို့ မသိဟန်ဆောင်ပြီး မေးတော်မူပါတယ်။

ရှင်အနုရုဒ္ဓါက “နှမငယ် ရောဟိနီရဲ့ အလှူဖြစ်ပါတယ်။ နှမငယ်မှာ နူနာရောဂါစွဲနေလို့ ရှက် တာနဲ့ မလာကြောင်းပါ ဘုရား”လို့ ပြန်လည်လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက “ရောဟိနီ မင်းသမီးကို ရအောင်ခေါ်လာခဲ့”လို့ မိန့်ကြားတော်မူပါတယ်။

ရောဟိနီမင်းသမီးလည်း မနေသာတော့ပဲ ဘုရားထံမှောက် ရောက်လာရပါတယ်။ မြတ်စွာ ဘုရားက ရောဟိနီအား “မလာတဲ့အကြောင်း” မေးတော်မူတဲ့အခါ နူနာရောဂါရှိလို့ မျက်နှာမပြဝံ့

တာနဲ့ မလာခြင်းဖြစ်ကြောင်း'' ရောဟိနီက လျှောက်ထားပါတယ်။ ဒီလိုနဲ့ စကားစရပြီး မြတ်စွာဘုရားက ရောဟိနီ နူနာရောဂါစွဲရတဲ့ အတိတ်ကံအကြောင်းကို ပြန်ပြောင်းဟောပြတော်မူပါတယ်။

## အတိတ်ဘဝ ဟောညွှန်ပြ

ရောဟိနီဟာ အတိတ်ဘဝတခုမှာ ဗာရာဏသီ မင်းတပါးရဲ့ မိဖုရားကြီးတဦး ဖြစ်ခဲ့ဖူးပါတယ်။ သူဟာ ဘုရင့်ကချေသည်မတဦးကို မျက်မုန်းကျိုးနေတယ်။ ဒါနဲ့ ခွေးလှေးယားသီးတွေ ရှာဖွေတယ်။ အဲဒီနောက် ကချေသည်မရဲ့ အဝတ်အထည် အိပ်ရာနေရာတွေပေါ်မှာ ခွေးလှေးယားသီးမှုန့်တွေကို တိတ်တဆိတ် ပက်ဖြူးထားတယ်။ ဒါ့အပြင် ကချေသည်မကို သူ့ထံခေါ်ပြီး ကျီစယ်နောက်ပြောင်သလိုလိုနဲ့ ခွေးလှေးယားသီးမှုန့်တွေကို ကချေသည်မကိုယ်ပေါ် လောင်းချတယ်။ ကချေသည်မဟာ မကြာမီ တကိုယ်လုံး ယားယံတဲ့အနာတွေ ဖြစ်ပေါ်လာပါတယ်။

''အဲဒီဘဝက ကျူးလွန်ခဲ့တဲ့ မကောင်းမှုကံကြောင့် အခုလို နူနာရောဂါစွဲရခြင်း ဖြစ်တယ်။ အမျက်ဒေါသ မာန်မာနစတဲ့ တရားဆိုးတွေကို ပယ်ရှားပစ်ရမယ်'' စသည်ဖြင့် မြတ်စွာဘုရားက ရောဟိနီအား တရားဟောပါတယ်။

---

[၃] ရောဟိနီအလောင်း မိဖုရားသည် သူအမြင်ကပ်နေသူ နန်းတွင်း ကချေသည်မတဦးအား ကျီစားဟန်ပြုပြီး ခွေးလှေးယားသီးမှုန့်များဖြင့် ပက်ဖြူးနေပုံ။



တရားပွဲအပြီးမှာ ရောဟိနီဟာ သောတာပန်ဖြစ်သွားပါတော့တယ်။ စွဲကပ်နေတဲ့ နူနာရောဂါလည်း လုံးဝ ပျောက်ကင်းသွားပါတယ်။ သူဟာ အသက်အတိုင်းနေပြီး သေဆုံးတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ နတ်သမီး သွားဖြစ်ပါတယ်။

ဒီနေရာမှာ နတ်သား နတ်သမီးဖြစ်ပုံကို လူငယ် လူရွယ်များအတွက် ဗဟုသုတဖြစ်ဖွယ် ဖော်ပြပါဦးမယ်။ နတ်ဆိုတာ လူတွေလို အမိဝမ်းမှာ ပဋိသန္ဓေမနေရပါဘူး။ လူ့ဘဝက သေပြီးတာနဲ့ နတ်ပြည်မှာ ချက်ချင်း ကိုယ်ထင်ရှား ဘွားကနဲ သွားဖြစ်ကြတယ်။

နတ်သမီး သွားဖြစ်သူဟာ တခါတည်း နတ်ဝတ်တန်ဆာ အပြည့်အစုံနဲ့ ၁၆-နှစ်သမီးအရွယ် ဘွားကနဲ သွားဖြစ်တယ်။ နတ်သားဖြစ်သူဟာ နတ်ဝတ်တန်ဆာ အပြည့်အစုံနဲ့ အသက်(၂၀)အရွယ် ဘွားကနဲ သွားဖြစ်တယ်။ ရုပ်ရှင်ပိတ်ကားပေါ်မှာ ဇာတ်လိုက်မင်းသား မင်းသမီးရုပ်များ ဘွားကနဲ ပေါ်လာသလို နေမှာပါပဲ။ သူတို့ရဲ့ ရုပ်အဆင်းဟာလည်း တသက်လုံး ဒီအတိုင်းပဲတဲ့။

ဒါပေမယ့် နတ်သားနတ်သမီးတိုင်း ဗိမာန်ရှင်တော့ မဖြစ်ကြပါဘူး။ ဗိမာန်ရှင်နတ်သား တဦးဦးရဲ့ အိပ်ရာပေါ်မှာ ဘွားကနဲဖြစ်လာသူ နတ်သမီးကို ဗိမာန်ရှင် နတ်သားက ကြင်လျာအဖြစ်

---

[၄] ဗိမာန်ရှင် နတ်သားလေးဦးတို့၏ နယ်စပ်တွင်ဖြစ်လာသူ ရောဟိနီနတ်သမီးကို နတ်သားလေးဦးတို့က သူရထိုက် ငါရထိုက် ငြင်းခုံလုယက်နေကြပုံ။




၁၅၈၅၅ | ကမ္ဘာအေး၊ ရန်ကုန်

သိမ်းပိုက်တယ်တဲ့။ သူ့ရဲ့ ရင်ခွင်ပေါ်မှာ ဘွားကနဲဖြစ်လာသူ နတ်သားနတ်သမီးများကိုတော့ သားသမီးများအဖြစ် သိမ်းပိုက်တယ်။ သူ့ပိုင်နက်အတွင်းမှာ ဖြစ်လာသူ နတ်သားနတ်သမီးများကိုတော့ ဗိမာန်ရှင်က အခြွေအရံအဖြစ် သိမ်းယူတယ်တဲ့။

တချို့ နတ်သား နတ်သမီးများဟာ ဗိမာန်နှစ်ခုကြားမှာ သွားဖြစ်ကြတယ်။ ဒီအခါမျိုးမှာ ဗိမာန်ရှင် နတ် (၂) ဦးဟာ အသစ်ဖြစ်လာသူ နတ်သား နတ်သမီးကို သူရထိုက် ငါရထိုက် ငြင်းခုံလုယက်ကြတယ်။ ဒီအခါ သိကြားမင်းထံ အဆုံးအဖြတ်ခံယူကြရတယ်တဲ့။

သိကြားမင်းက အသစ်ဖြစ်လာသူ နတ်နဲ့နီးတဲ့ ဗိမာန်ရှင်ကို အနိုင်ပေးတယ်။ တခါတရံ အကွာအဝေးချင်းတူညီနေတတ်တယ်။ အဲဒီအခါမျိုးမှာ အသစ်ဖြစ်လာသူ နတ်သားနတ်သမီး မျက်နှာမူတဲ့ ဗိမာန်ရှင်ကို အနိုင်ပေးတယ်။ အသစ်ဖြစ်လာသူ နတ်ဟာ ဗိမာန် ၂-ခုကြား အကွာအဝေးတူရာမှာလည်း ဖြစ်မယ်၊ ဘယ်ဗိမာန်ဘက်ကိုမှလည်း မျက်နှာမမူဘူးဆိုယင်တော့ သိကြားမင်းက အဲဒီနတ်သစ်ကို သူ့ရဲ့အခြွေအရံအဖြစ် သိမ်းယူတယ်တဲ့။ ဒီလိုမှ မလုပ်ယင်လည်း တရားက ပြီးမှာမှ မဟုတ်ပဲကိုး။

ယခု ရောဟိနီနတ်သမီးကတော့ ဗိမာန်ရှင်နတ်သား ၄-ဦးတို့ရဲ့ နယ်စပ်မှာ သွားဖြစ်ပါတယ်။ ဒါနဲ့ နတ်သားလေးဦးတို့ဟာ ရောဟိနီကို သူရထိုက် ငါရထိုက် ငြင်းခုံလုယက်ကြတယ်။ နောက်ဆုံးမှာ သိကြားမင်းထံ အဆုံးအဖြတ်ခံဖို့ ရောက်လာကြပါတယ်။

## သိကြားမင်းလဲ အဖြစ်သဲ

သိကြားမင်းက နတ်သား ၄-ဦးတို့အား "အမောင်တို့၊ သင်တို့ဟာ ဒီနတ်သမီးကို မြင်ရတဲ့ အခါ ဘယ်လိုစိတ်ဖြစ်ကြသလဲ"လို့ မေးပါတယ်။ နတ်သား ၄-ဦးက သူတို့ရဲ့စိတ်ဖြစ်ပုံကို အသီးသီး ဒီလို ဖြေကြားကြပါတယ်။

ပထမနတ်သားက "ရောဟိနီနတ်သမီးကို မြင်ရတဲ့အခါ ကျွန်တော်မျိုးစိတ်တွေဟာ စစ်မြေပြင်မှာ တီးခတ်တဲ့ စစ်စည်(သံ)လို မရပ်မတည်နိုင်အောင် ဖြစ်ရပါတယ်" တဲ့။

ဒုတိယနတ်သားက "သူ့ကိုမြင်ရတော့ ကျွန်တော်မျိုးမှာ တောင်ကျရေတံခွန်လို ချစ်စိတ်တွေ မပြတ် ဝေရစပ် ဖြစ်ပေါ်လာပါတယ်" တဲ့။

တတိယနတ်သားက "ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး ကျွန်တော်မျိုးရဲ့ မျက်လုံးတွေဟာ ပုဇွန်မျက်လုံးလို ပြူးထွက်လာပါတယ်" တဲ့။

စတုတ္ထနတ်သားကတော့ "သူ့ကိုမြင်ရတဲ့အခါ ကျွန်တော်မျိုးရဲ့စိတ်ဟာ စေတီထိပ်က အလံတံခွန်လို မရပ်မနား တဖျပ်ဖျပ် လှုပ်ရှားနေပါတယ်" တဲ့။

အဲဒီနတ်သား ၄-ဦးတို့ရဲ့ အသီးသီး လျှောက်တင်စကားကို ကြားနာပြီးနောက် သိကြားမင်းက ဒီလိုပြန်ပြောပါတယ်။

“အမောင်တို့၊ ရောဟိနီနတ်သမီးကို မြင်ရလို့ သင်တို့ရဲ့စိတ်ဖြစ်ပုံက ဖြေဖျောက်မယ်ဆိုယင် ရနိုင်ပါသေးတယ်။ ငါသိကြားမှာတော့ ဒီနတ်သမီးကိုမှမရယင် အသက်သေရပါတော့မယ်၊ ရမှသာ အသက်ရှင်နိုင်ပါလိမ့်မယ်” တဲ့။

ဒီတော့မှ နတ်သား ၄-ဦးတို့ဟာ သူတို့ထက်အဖြစ်သဲသူ သိကြားမင်းကို “အရှင်သိကြားမင်း၊ သေတော့မသေလိုက်ပါနဲ့၊ ရောဟိနီကို အရှင်သိကြားမင်းပဲသိမ်းပိုက်ပါတော့”လို့ ပြောကြားအပ်နှံပြီး ပြန်သွားကြပါသတဲ့။

သိကြားမင်းကြီးဟာ ရောဟိနီနတ်သမီးကို သိပ်ချစ်တယ်။ သိပ်အလိုလိုက်တယ်တဲ့။ ရောဟိနီ ဘယ်သွားချင်သွားချင် လိုက်ပို့တယ်။ ရောဟိနီရဲ့စကားဆိုယင် သိကြားမင်းက ဘယ်တော့မှ မပယ်ရှားဘူးတဲ့။

ဒီဝတ္ထုမှာ နူနာရောဂါရှင် ရောဟိနီမင်းသမီးဟာ အလှူပွဲအပြီးမှာ ရောဂါ ပျောက်သွားတယ်။ အလှူပွဲကိုအကြောင်းခံပြီး တရားနာရ၊ တရားနှလုံးသွင်းရလို့၊ သောတာပန် အရိယာ ဖြစ်ခဲ့တယ်။ သေတော့လည်း နတ်ပြည်ရောက်ပြီး နတ်မင်း သိကြားမင်းတွေရဲ့ ငန်းငန်းတက် ချစ်ခင်နှစ်သက် မြတ်နိုးခြင်းကို ခံခဲ့ရပါတယ်။

ဒါဟာ “ဒါန ကုသိုလ်ပန်း”ကို ဆင်မြန်းရခြင်းရဲ့ အကျိုးပါပဲ။

## ဒါနစွမ်းအင် နိဗ္ဗာန်ဝင်

ဒါနကြောင့် နတ်ပြည်ရောက်ရပုံတော့ တော်လောက်ပါပြီ။ အခု ဒါနကြောင့် နိဗ္ဗာန်ရောက်နိုင်ပုံကို ဆက်လက်ဖော်ပြပါမယ်။

ဒါနပြုတဲ့အခါ (၁) ဝမ်းမြောက်ဝမ်းသာ ပြုရတယ်။ (၂) ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ရတယ်။ (၃) နိဗ္ဗာန်ကို ဆုတောင်းပြီး လှူရတယ်။

ဝမ်းမြောက်ဝမ်းသာပြုယင် ဖြစ်လေရာရာ ဘဝတိုင်းမှာ သူများထက်ပိုပြီး အကျိုးပေး ထက်သန်မယ်။ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ယင် နောင် လူဖြစ်၊ နတ်ဖြစ်တဲ့အခါ အကျွတ်တရား ရနိုင်တဲ့ ဉာဏ်မျိုးနဲ့ လူဖြစ်မယ်၊ နတ်ဖြစ်မယ်။ နိဗ္ဗာန်ကိုဆုတောင်းပြီးလှူယင် တရားနာနိုင်၊ တရားအားထုတ်နိုင်မယ့် နေရာမျိုးမှာ လူဖြစ်မယ်၊ နတ်ဖြစ်မယ်။

ဒီလို မိမိမှာ အကျွတ်တရားရနိုင်တဲ့ ဉာဏ်မျိုးလည်းရှိမယ်၊ တရားနာနိုင်၊ တရားအားထုတ်နိုင်တဲ့နေရာမျိုးမှာလည်း လူဖြစ် နတ်ဖြစ်မယ်ဆိုယင် အဲဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိသွားနိုင်ပါတယ်။

ဒါဟာ မိမိတို့ပြုခဲ့တဲ့ ဒါနက နိဗ္ဗာန်ရောက်အောင် အထောက်အပံ့ပေးပုံပါပဲ။

ဒါ့အပြင် သာသနာတွင်းမှာဆိုယင် ဒါနကိုအခြေခံပြီး မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ပါတယ်။

ဘယ်ဂုိလဲဆိုယင် ဒါနပြုသူဟာ ဆိတ်ငြိမ်ရာမှာနေရာယူပြီး မိမိရဲ့ဒါနကို အဖန်ဖန် ပြန်လည် အောက်မေ့ဆင်ခြင်ရတယ်။ ဒီလို အောက်မေ့ဆင်ခြင်တာဟာ (စာဂါနုဿတိ) ဘာဝနာကုသိုလ်ဖြစ် တယ်။ ဒီကုသိုလ်ဟာ နှစ်သက်ဝမ်းမြောက်မှု၊ ကိုယ်စိတ်ငြိမ်းအေးမှု၊ ကိုယ့်ရောစိတ်ပါ ချမ်းသာမှု၊ စိတ်တည်ငြိမ်မှုသဘောတွေကို အဆင့်ဆင့် ဖြစ်ပေါ်စေနိုင်ပါတယ်။

အဲဒီလိုဖြစ်ပေါ်လာယင် ဖြစ်ဆဲသဘောတွေကို "နှစ်သက်ယင် နှစ်သက်တယ်၊ ငြိမ်းအေးယင် ငြိမ်းအေးတယ်၊ ချမ်းသာယင် ချမ်းသာတယ်" စသည်ဖြင့် ရှုမှတ်သွားရတယ်။ ဒီလို ရှုမှတ်ဖန်များ ယင် ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီး မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တဲ့အထိ ပေါက်မြောက် သွားနိုင်ပါတယ်။

ဒါဟာ ဒါနကြောင့် ဒီဘဝမှာပင် နိဗ္ဗာန်ရရှိနိုင်ပုံပါပဲ။

ကဲ... မြတ်ဒါနပန်း ဆင်မြန်းကြဖို့ တိုက်တွန်းဟောကြားတဲ့ တရားကိုတော့ ဒီမျှနဲ့ပဲ ရပ်နား ကြပြီး၊ ဒါနနဲ့အုပ်စုတူတဲ့ "ပတ္တိဒါန" အကြောင်းကို ဆက်ကြပါဦးစို့။

## "အမျှဝေက အကျိုးရ"

ပတ္တိဒါနဆိုတာ မိမိပြုလုပ်ရရှိတဲ့ ကုသိုလ်အဖို့ကို မိမိနဲ့အညီအမျှရရှိစေရန် ရည်သန်ပြီး အခြားသူများအား ပေးဝေခြင်း ဖြစ်ပါတယ်။ ဒီလိုပေးဝေတာမျိုးကို "အမျှဝေတယ်"လို့ ပြောဆိုရိုးပြုကြပါတယ်။

မိမိရဲ့ကုသိုလ်အဖို့ကို အမျှပေးဝေယင် ပေးဝေသူ အလှူရှင်မှာ ကုသိုလ်လျော့မသွားပဲ ဒါနနဲ့သဘောတူတဲ့ ကုသိုလ်အသစ်တောင် ထပ်မံ တိုးပွားလာပြန်ပါသေးတယ်။ ဒီလို အမျှဝေမှုကုသိုလ်ကြောင့် အကျိုးရရှိနိုင်တဲ့ သာဓကဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

### သူကြွယ်ဝတ္ထု သာဓကရှု

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်မှာ ဘုရားအလောင်းဟာ သူကြွယ်မျိုးဝယ် ဖြစ်ခဲ့ဖူးပါတယ်။

အလောင်းတော်ဟာ အရှယ်ရောက်တဲ့အခါ စီးပွားရအောင် ရှာတယ်။ သူ့မှာ ညီငယ် တယောက်လည်းရှိတယ်။ သူတို့ရဲ့ဖခင်သေဆုံးပြီးတဲ့နောက် ညီအစ်ကို ၂-ယောက်တို့ဟာ မိဘလက်ငုတ် ဖြစ်တဲ့ အရောင်းအဝယ်အလုပ်ကို ဆက်လုပ်ကြပါတယ်။ တနေ့မှာ သူတို့ဟာ ရွာတရွာသို့သွားပြီး ကုန်ရောင်းကြတဲ့အခါ အသပြာတစ်ထောင်ရလာကြပါတယ်။ အပြန်မှာ မြစ်ဆိပ်တခုသို့ရောက်တဲ့အခါ လှေဆိုက်ပြီး ပါလာတဲ့ ထမင်းထုပ်ကို ဖြေစားကြပါတယ်။

ဘုရားအလောင်းဟာ ထမင်းကျန် ဟင်းကျန်လေးများကို မြစ်ထဲရှိ ငါးလေးများအား ပက်ကျွေးပြီး၊ မြစ်စောင့်နတ်အား အလှူအဖို့ကို အမျှပေးဝေပါတယ်။ မြစ်စောင့်နတ်ဟာအလှူအဖို့ ကို ဝမ်းမြောက်နုမောသာခုခေါ်ရပြီး အခြံအရံတိုးတက်ရရှိသွားပါတယ်။ ဘုရားအလောင်းလည်း ထမင်းစားပြီးနောက် သဲပြင်ပေါ်မှာ အပေါ်ရုံအဝတ်ခင်းပြီး ခဏမှိန်းလိုက်ဘာ မကြာမီ အိပ်ပျော် သွားပါတယ်။

ဘုရားလောင်းရဲ့ညီဟာ ခိုးချင်ဝှက်ချင်စိတ်ရှိသူ ဖြစ်ပါတယ်။ ငွေအားလုံးကို သူတယောက် တည်း အကုန်လိုချင်နေပါတယ်။ ဒါနဲ့ သူဟာ ဘုရားအလောင်းအိပ်ပျော်နေတုန်း ငွေထုပ်နဲ့ အရွယ်တူ ကျောက်စရစ်ထုပ်တထုပ်ကို တိဘ်တဆိတ်ပြုလုပ်ပြီး ငွေထုပ်နှင့် ရောထားလိုက်ပါတယ်။

---

[၅] ဘုရားအလောင်းသူကြွယ်သည် ထမင်းကျန်ဟင်းကျန်လေးများကို မြစ်ထဲရှိ ငါးများအား ပက် ကျွေးပြီး မြစ်စောင့်နတ်အား အမျှပေးဝေနေပုံ။



လှေစီးပြီး အပြန်ခရီးဆက်ကြတဲ့အခါ မြစ်လယ်အရောက်မှာ ညီဖြစ်သူက လှေကို လူးသွားအောင် ရုတ်တရက်လှုပ်ခါလိုက်ပါတယ်။ သူ့အကြံကတော့ ကျောက်စရစ်ထုပ် ရေထဲကျသွားအောင် လုပ်လိုက်ခြင်းပါပဲ။ ဒါပေမယ့် ကျောက်စရစ်ထုပ်မကျပဲ ငွေထုပ် ကျသွားပါတယ်။ သူ့စိတ်ထဲမှာတော့ ကျောက်စရစ်ထုပ်ကျသွားတယ်ပဲ ထင်နေပါတယ်။ အစ်ကိုဖြစ်သူကိုတော့ "ငွေထုပ်ကျသွားပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ"လို့ နှမြောဝမ်းနည်းဟန်မျိုးနဲ့ ပြောပါတယ်။

ဘုရားအလောင်းက "ရေထဲကျသွားတာ ဘာတတ်နိုင်မှာလဲ၊ ရှိပါစေတော့"လို့ ပြောပြီး အသီးသီး ကိုယ့်အိမ်ကိုယ် ပြန်ကြပါတယ်။

ဘုရားအလောင်းရဲ့ကုသိုလ်အဖို့ကို ဝမ်းမြောက်နုမော် သာဓုခေါ်ရသူမြစ်စောင့်နတ်က ကျသွားတဲ့ငွေထုပ်ကို ငါးကြီးတကောင်အား သူ့တန်ခိုးဖြင့်မျိုစေပြီး ကိုယ်တိုင်စောင့်ရှောက်နေပါတယ်။

ညီယုတ်ဟာ သူ့အိမ်အရောက်မှာ "ငါတော့အစ်ကို့ကို တပတ်ရိုက်နိုင်ခဲ့လို့ ငွေတစ်ထောင်လုံး အပိုင်ရတာပဲ"လို့ တယောက်တည်းပြောပြီး အထုပ်ကိုဖြေလိုက်တဲ့အခါ ငွေမဟုတ်ပဲ ကျောက်စရစ်ခဲတွေ့ဖြစ်နေတာတွေ့ရပါတယ်။ ဒါနဲ့ သူဟာ အလွန်စိတ်ပျက်ပြီး ခုတင်ဘောင်ကိုဖက်ကာ ဝမ်းနည်းပက်လက် အိပ်စက်နေပါတယ်။

---

[၆] ဘုရားလောင်းသူကြွယ်၏ ဇနီးက ငါးကြီး၏ဝမ်းဗိုက်ကိုခွဲလိုက်ရာ ငွေထုပ်ကိုတွေ့မြင်ရပုံ။



အဲဒီနေ့မှာပဲ ငါးဖမ်းဖို့ကွန်ပစ်နေကြတဲ့ တံငါသည်အချို့ဟာ အဲဒီငွေထုပ်မျိုထားတဲ့ ငါးကြီးကို ဖမ်းမိသွားကြပါတယ်။ သူတို့ဟာ ဗာရာဏသီမြို့ထဲမှာ ငါးကြီးကို ငွေတစ်ထောင်ကျပ်ခုနစ်ပဲဖြင့်လှည့်လည်ရောင်းချကြပါတယ်။ ဘယ်သူကမှမဝယ်ကြပဲ တံငါသည်များကို လှောင်ပြောင် လှတ်ကြပါကယ်။ ဒါနဲ့ တံငါများဟာ နောက်ဆုံးမှာ ဘုရားအလောင်းသူကြွယ်အိမ်သို့ ရောက်ရှိကြပြီး ငါးကြီးကို ခုနစ်ပဲနဲ့ပဲ ရောင်းချသွားကြပါတယ်။

ဘုရားအလောင်းက ငါးကြီးကို ဇနီးသည်အား ပေးအပ်လိုက်ပါတယ်။ သူ့ဇနီးက ငါးကြီးကို ဗိုက်ခွဲကြည့်တဲ့အခါ ငွေထုပ်ကိုတွေ့မြင်ရပါဘယ်။ ဘုရားအလောင်းက ငွေထုပ်ကို သေသေချာချာကြည့်တဲ့အခါ သူ့တံဆိပ်အမှတ်အသားကို တွေ့ရလို့ ရေထဲကျသွားတဲ့ ငွေထုပ်မှန်း သိရပါတော့တယ်။

အဲဒီခဏမှာ မြစ်စောင့်နတ်က ကိုယ်ထင်ပြပြီး "သူ့ညီယုတ် လုပ်ခဲ့သမျှတွေကို" ပြန်ပြောပြပါတယ်။

"စိတ်ကောင်းမရှိသူဟာ မကြီးပွားနိုင်ပါဘူး။ ငါဟာ သင့်ပစ္စည်း မပျက်စီးစေချင်လို့ ယူဆောင်ပြီး လာပို့ခြင်းဖြစ်တယ်။ ဒီငွေကို သင့်ညီသူခိုးအား ခွဲဝေမပေးပါနဲ့" လို့ ပြောကြားပြီး ပျောက်ကွယ်သွားပါတယ်။

ဒါပေမယ့် ဘုရားအလောင်းကတော့ စိတ်မကောင်းဖြစ်နေသူ ညီယုတ်အား ငွေထုပ်တဝက်ကို ဝေငှပေးလိုက်ပါသေးတယ်။

ဒီဝတ္ထုကို သုံးသပ်ကြည့်ယင် ရေထဲကျသွားတဲ့ငွေထုပ်ကို ဘုရားအလောင်းပြန်ရတာဟာ မိမိပြုခဲ့တဲ့ ကုသိုလ်အဖို့ကို မြစ်စောင့်နတ်အား အမျှပေးဝေခဲ့တဲ့အတွက် သာဓုခေါ်ရဆူ မြစ်စောင့်နတ်က ပြန်လည်မ စလို့ဖြစ်ပါတယ်။ ဒီဝတ္ထုမှာ "ပတ္တာနုမောဒန" အကျိုးပြစကား အနည်းငယ် ပါနေပေမယ့် သိပ်မထင်ရှားလို့ သီးခြားဖော်ပြပါဦးမယ်။

## "သာဓုခေါ်က အကျိုးရ"

ပတ္တာနုမောဒန ဆိုဟာ အလှူရှင်ကပေးဝေလာတဲ့ ကုသိုလ်အဖို့ကို ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုမှုဖြစ်ပါတယ်။ ဒီလို သာဓုခေါ်ဆိုယင် ခေါ်ဆိုသူမှာ အကျိုးကျေးဇူး ရရှိနိုင်ပါတယ်။ ဒါနဲ့ဆိုင်ရာ သာဓကဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရားရှင် ကြွဝင်ဆိုက်ရောက်တော်မူလာတဲ့ ပထမဆုံးနေ့မှာ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်နှင့် ပရိသတ် တစ်သိန်း တစ်သောင်းတို့ဟာ သောတာပန် ဖြစ်ကြပါတယ်။ နောက်နေ့မှာ မြတ်စွာဘုရားဟာ သိကြားမင်းကို ရှေ့က (လမ်းပြ) ထားပြီး မင်းနန်းတော်သို့ ကြွရောက်ကာ အလှန်ကြီးကျယ်တဲ့အလှူကို ခံယူတော်မူပါတယ်။

---

[၇] မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး၏ အလှူကို ခံယူရန် သိကြားမင်းကို လမ်းပြထားပြီး နန်းတော်သို့ ကြွဝင်တော်မူပုံ။



အဲဒီအလှူပွဲမှာ မင်းကြီးဟာ မြတ်စွာဘုရား သီတင်းသုံးစရာ ကျောင်းဆောက်ဖို့ စဉ်းစားနေတာနဲ့ သူ့အလှူရဲ့အဖို့ကို အမျှမဝေမိဘူး။ ဒါကို သာဓုခေါ်ဖို့ အစောင့်ကြီး စောင့်နေကြရှာတဲ့ ပြိတ္တာတွေက မကျေနပ်ကြပါဘူး။ ဒါနဲ့ သူတို့ဟာ ညကျတဲ့အခါ မင်းကြီးကြားလောက်အောင် ကြောက်မက်ဖွယ်အသံကြီးများနဲ့ အော်ဟစ်ညည်းညူသံ ပေးကြတယ်တဲ့။

## ရှည်လျားကမ္ဘာ များပြိတ္တာ

ဒီပြိတ္တာတွေဟာ မင်းကြီးရဲ့ အတိတ်ဘဝက ဆွေမျိုးဟောင်းတွေပါပဲ။ လွန်ခဲ့တဲ့ ၉၂-ကမ္ဘာကာလ၊ ဖုဿဘုရားရှင်လက်ထက်မှာ ဗိမ္ဗိသာရအလောင်းဟာ ဘုရားရှင်နဲ့ ဖအေတူမအေကွဲ မင်းသားသုံးဦးတို့ရဲ့ အတွင်းဝန် ဖြစ်ခဲ့ဖူးပါတယ်တဲ့။

အဲဒီမင်းသားသုံးဦးက နောင်တော်ဖုဿဘုရားရှင်နဲ့ သံဃာတော်ပေါင်း ကိုးသောင်းကို သူတို့နေရာဇနပုဒ်သို့ ပင့်ဆောင်ခွင့်ရပြီး ဝါတွင်းသုံးလပတ်လုံး အလှူအတန်း ပြုလုပ်ပါတယ်တဲ့။

အဲဒီအလှူပွဲမှာ အတွင်းဝန်ဦးဆောင်တဲ့ လူပေါင်း တစ်သောင်း တစ်ထောင်တို့က ချက်ရေးပြုတ်ရေး ဆွမ်းကပ်ရေးတွေ တာဝန်ယူကြရပါတယ်။ အဲဒီအတွင်းဝန်ရဲ့ ဆွေမျိုးတွေထဲက စိတ်ကောင်း

---

[၈] ဗိမ္ဗိသာရအလောင်း အတွင်းဝန်၏ ဆွေမျိုးများသည် သံဃာတော်များအတွက် ချက်ပြုတ်ထားသော အစားအစာများကို ခိုးဝှက်စားသောက်ကြပုံ။



မရှိသူများဟာ အလှူပွဲ ကသိကအောင့်ဖြစ်အောင် ပြုခဲ့ကြပါတယ်။ သံဃာတော်များအတွက် ချက်ပြုတ်စီစဉ်ထားတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်တွေကို သူတို့ကိုယ်တိုင်လည်း ဦးဦးဖျားဖျား တိတ်တဆိတ် ခိုးဝှက်စားသောက်ကြတယ်။ သားငယ် သမီးငယ်များကိုလည်း ခိုးဝှက်ကျွေးမွေးခဲ့ကြပါတယ်တဲ့။

အတွင်းဝန်နှင့် စိတ်ကောင်းရှိသူများကတော့ သေတဲ့အခါ နတ်ဘုံအမျိုးမျိုးမှာ နတ်အာရုံ ကာမဂုဏ်စည်းစိမ်တွေကို တဘုံပြီးတဘုံ လှည့်လည်စံစားခဲ့ကြရပါတယ်။ အဲဒီအတွင်းဝန်ဟာ ဒီဘုရားလက်ထက်မှာ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာပါတယ်။ အခြား စိတ်ကောင်းရှိသူများက သူ့ရဲ့အခြွေအရံတွေ ဖြစ်လာကြပါတယ်။

အခြား စိတ်ကောင်းမရှိသူများကတော့ ဖုဿဘုရားရှင်လက်ထက်ကစပြီး ၉၂-ကမ္ဘာလုံးလုံး ငရဲဘုံအမျိုးမျိုးမှာ ဆိုးကျိုးတွေကို တဘုံပြီးတဘုံ ပြောင်းလဲခံခဲ့ကြရပါတယ်။ ဒီ ကမ္ဘာရောက်လို့ ကဿပဘုရားရှင်လက်ထက်ကျမှ သူတို့ဟာ ငရဲဘုံကလွတ်ပြီး ပြိတ္တာဖြစ်လာကြပါတယ်။

ကဿပဘုရားလက်ထက်မှာ အခြားပြိတ္တာတွေဟာ သူတို့ရဲ့ ဆွေမျိုးများပေးဝေတဲ့ ကုသိုလ်အဖို့ကို ဝမ်းမြောက်နုမောဲ် သာဓုခေါ်ရပြီး ကျွတ်လွတ်ကုန်ကြပါတယ်။ ဒါကိုမြင်ရတော့ ဗိမ္ဗိသာရရဲ့ ဆွေမျိုးဟောင်း ပြိတ္တာများဟာ ကဿပဘုရားထံသွားပြီး သူတို့ကော ကျွတ်နိုင် မကျွတ်နိုင် မေးမြန်းလျှောက်ထားခဲ့ကြပါတယ်။

"ဂေါတမဘုရားရှင်လက်ထက်ကျယင် သင်တို့ရဲ့ ဆွေမျိုးဟောင်း ဗိမ္ဗိသာရမင်းက သင်တို့အတွက် ကုသိုလ်ပြုပြီး အမျှဝေလိမ့်မယ်။ အဲဒီအခါကျမှ သင်တို့ကျွတ်ကြမယ်"လို့ ကဿပဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

ဘုရားတဆူနဲ့တဆူ ကြားကာလဟာ အင်မတန် ရှည်လျားလှပါတယ်။ ဒါပေမယ့် ကဿပမြတ်စွာဘုရားရဲ့ ဗျာဒိတ်စကားကို ကြားရတဲ့ ပြိတ္တာများကတော့ ဒီနေ့နက်ဖြန် ကျွတ်ကြရတော့မလောက် အောက်မေ့မှတ်ထင်ပြီး အစောင့်ကြီးစောင့်၊ အမျှော်ကြီး မျှော်နေခဲ့ကြရှ..ပါတယ်တဲ့။

ဒီဘုရားလက်ထက်မှာ သူတို့ရဲ့ ဆွေမျိုးဟောင်း ဗိမ္ဗိသာရမင်းကြီး အလှူကောင်းမှု ပြုတယ်ဆိုယင်ပဲ ဝိုင်းအုံရောက်ရှိလာကြပါတယ်။ ဝမ်းမြောက်နှမော် သာဓုခေါ်ဖို့ ပါးစပ်တပြင်ပြင်နဲ့ အသင့် စောင့်နေကြရှာပါတယ်။

ဒါပေမယ့် မင်းကြီးက ကျောင်းတော်ဆောက်ဖို့ စဉ်းစားနေတာနဲ့ မေ့ပြီး ဘယ်သူ့ကိုမှ အမျှမဝေမိဘူးတဲ့။ ဒါကြောင့် သူ့ဆွေမျိုးဟောင်း ပြိတ္တာတွေက မကျေမနပ်ဖြစ်ကြပြီး ညဘက်မှာ ကြောက်မက်ဖွယ်ကောင်းအောင် အော်ဟစ်ကြခြင်းပါပဲ။

မင်းကြီးဟာ ကြောက်မက်ဖွယ် အော်ဟစ်ညည်းညူသံတွေ ကြားရတဲ့အကြောင်းကို နောက်နေ့နံနက်မှာ မြတ်စွာဘုရားအား လျှောက်ထားပါတယ်။ မြတ်စွာဘုရားက သူ့ဆွေမျိုးဟောင်း ပြိတ္တာတွေအကြောင်းကို ပြန်ပြောင်းမိန့်ကြားတော်မူပါတယ်။

အကြောင်းစုံသိရတဲ့ မင်းကြီးဟာ အဲဒီနေ့ နံနက်ပိုင်းမှာပဲ ဆွေမျိုးဟောင်း ပြိတ္တာတွေအတွက် အလှူပွဲစီစဉ်ပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို နန်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းခဲဖွယ် ဘောဇဉ် စတဲ့ အလှူပစ္စည်းတွေကို ဆက်ကပ်လှူဒါန်းပါတယ်။ သူပြုတဲ့ အလှူကုသိုလ်ရဲ့အဖို့ကို ဆွေမျိုး ပြိတ္တာများအား အမျှအတန်း ပေးဝေပါတယ်။ မြတ်စွာဘုရားရဲ့ အဓိဋ္ဌာန်ကြောင့် မင်းကြီးဟာ သူ့ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

အဲဒီအခါကျမှ ပြိတ္တာများဟာ မင်းကြီးရဲ့အလှူအဖို့ကို ဝမ်းမြောက်နှမော် သာဓုခေါ်ကြရပါတယ်။ ဒီလိုသာဓုခေါ်လိုက်ရတယ်ဆိုယင်ပဲ သူတို့ဟာ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားကြပါတယ်။ ချက်ချင်း နတ်အသွင်ပြောင်းကာ ကောင်းမွန်တဲ့ နတ်စည်းစိမ်များကို ခံစားသွားကြရပါတယ်။

ဒီအကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ယင် သူတပါးပေးဝေလာတဲ့ ကောင်းမှုကုသိုလ် အဖို့ကို ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုတာဟာ အကျိုးရှိတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

---

[၉] ဗိမ္ဗိသာရမင်းကြီး ပေးဝေသော ကုသိုလ်အဖို့ကို သာဓုခေါ်ရသူ ဆွေမျိုးဟောင်း ပြိတ္တာများသည် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားပြီး နတ်စည်းစိမ်များကို ခံစားသွားကြရပုံ။



ကဲ....မြတ်ကုသိုလ်ပန်း ဆင်မြန်းကြဖို့ တိုက်တွန်းဟောကြားလာလိုက်တာ အုပ်စုတူဖြစ်တဲ့ "ဒါန၊ ပတ္တိဒါန၊ ပတ္တာနုမောဒန"တို့ အကြောင်းတော့ စုံသွားပါပြီ။ ဒီအုပ်စုကို နိဂုံးချုပ်တဲ့အနေနဲ့ တရားဆောင်ပုဒ်လေးစွေဆိုပြီး တခန်းရပ်ကြပါဦးစို့။

**"ဒါနဆိုင်ရာ ဆောင်ပုဒ်ကဗျာ"**

ဒါနဆိုင်ရာ အုပ်စုတွဲကို၊ ကွဲကွဲပြားပြား သိသင့်တယ်။
ကိုယ့်ပစ္စည်းကို ပေးစွန့်ကြဲတော့၊ ဒါနလို့ပဲ ခေါ်ရတယ်။
ကံအကျိုးကို ယုံကြည်ပြုမှ၊ အကျိုးပေးမှု ဖြစ်နိုင်တယ်။
လူနတ်ချမ်းသာ တိုက်ရိုက်ရလို့၊ နိဗ္ဗာန်ကျွေအောင် ထောက်ပံ့တယ်။
မိမိကုသိုလ် ပေးဝေငှတော့၊ ပတ္တိဒါန ဖြစ်ပါတယ်။
လှူမျှဝေလာ ခေါ်သာခုက၊ ပတ္တာနုမော် ဖြစ်ပါတယ်။
သုံးပါးလုံးဟာ သဘောမကွဲလို့၊ တအုပ်စုအထဲ ထားရတယ်။
မှတ်ကွယ်- မှတ်ကွယ်။

❀

## "လူနှင့်ဆိုင်ရာ သီလမှာ"

ဒါနအုပ်စုတွဲတော့ ပြီးသွားပါပြီ။ သီလအုပ်စုတွဲကို ဆက်ကြပါဦးစို့။

ဒါန အမျိုးအစား များသလိုပဲ သီလလည်း အမျိုးအစား များပါတယ်။ ဒါပေမယ့် လိုရင်းသဘော ပြောရယင် "သီလဆိုဘာ အကုသိုလ်မဖြစ်စေအောင် ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်ရတဲ့ အလေ့အကျင့် သဘောပါပဲ။"

ဒီနေရာမှာ (၁) အမျိုးသားရဟန်းနှင့်ဆိုင်တဲ့ သီလ၊ (၂) အမျိုးသမီးရဟန်းနှင့်ဆိုင်တဲ့ သီလ၊ (၃) ရှင်သာမဏေနှင့်ဆိုင်တဲ့ သီလ၊ (၄) လူဝတ်ကြောင်နှင့် ဆိုင်တဲ့ သီလ ရယ်လို့ ၄-မျိုးထဲက လူဝတ်ကြောင်နှင့်ဆိုင်တဲ့ သီလကိုသာ အကြမ်းဖျင်းလောက် ဖော်ပြသွားပါမယ်။

### ငါး ပါး သီ လ

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ (၂) သူ့ဥစ္စာ ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်မှု၊ (၃) သူ့သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်မှု၊ (၄) လိမ်ညာ ပြောဆိုခြင်းမှ

ရှောင်ကြဉ်မှု၊ (၅) အရက်သေစာ(မူးယစ်ဆေးဝါး)သောက်စားခြင်းမှ ရှောင်ကြဉ်မှုဆိုတဲ့ ဒီ ငါးပါးသီလဟာ လူဝတ်ကြောင်များ အမြဲတမ်း ဆောက်တည် ကျင့်သုံးရမည့်သီလပဲ ဖြစ်ပါတယ်။

## ရှစ်ပါးသီလ

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ (၂) သူ့ဥစ္စာခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်မှု၊ (၃) မေထုန်မှုမှ ရှောင်ကြဉ်မှု၊ (၄) လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ (၅) အရက်သေစာ(မူးယစ်ဆေးဝါး)သောက်စားခြင်းမှ ရှောင်ကြဉ်မှု၊ (၆) နေလွဲညစာ စားသောက်ခြင်းမှ ရှောင်ကြဉ်မှု၊ (၇) က, ဆို, တီး, ပွဲမှလည်းကောင်း၊ ပန်းနံ့သာလိမ်းကျံခြင်းမှလည်းကောင်း ရှောင်ကြဉ်မှု၊ (၈) မြင့်သောနေရာ၊ မြတ်သောနေရာ အိပ်ခြင်းမှ ရှောင်ကြဉ်မှုဆိုတဲ့ ဒီရှစ်ပါးသီလကတော့ လူဝတ်ကြောင်များရဲ့ ဥပုသ်သီလ ဖြစ်ပါတယ်။

ဥပုသ်သီလ ဆိုပေမယ့် ဥပုသ်နေ့မှာသာ ဆောက်တည်ကျင့်သုံးကောင်းတာ မဟုတ်ပါဘူး။ အခြားနေ့တွေမှာလည်း ဆောက်တည်ကျင့်သုံးကောင်းတာပါပဲ။

ငါးပါးသီလ ဆောက်တည်ကျင့်သုံးယင် ရနိုင်တဲ့ ကောင်းကျိုးပြ သာဓကဝတ္ထုတွေကိုတော့ "လူ့ကျင့်ဝတ်တရားတော်" မှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒါကြောင့် ဒီမှာတော့ နေ့ဝက်မျှ ဥပုသ်သီလ ဆောက်တည်ကျင့်သုံးခဲ့လို့ ရရှိတဲ့ကောင်းကျိုးပြ ဝတ္ထုသာဓကလေးကိုသာ ဖော်ပြပါတော့မယ်။

## ပြတ်သီလပန်း ဆင်ပြန်းရကျိုး

မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မမူခင်လေးမှာ ကောသမ္ဗီပြည် ဃောသကသဌေး၊ ကုက္ကုဋသဌေးနှင့် ပါဝါရိကသဌေး သူငယ်ချင်း သုံးဦးတို့ဟာ ရသေ့ငါးရာကို ကိုးကွယ်ဆည်းကပ်ကြပါတယ်။ သူတို့ဆရာ ရသေ့များဟာ ကောသမ္ဗီပြည်မှာ မိုးလေးလ၊ ဟိမဝန္တာမှာ ဆောင်းလေးလနဲ့ နွေလေးလ၊ ဒီလို အလှည့်ကျ နေလေ့ရှိကြပါတယ်။

မြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးစမှာ အဲဒီ ရသေ့များဟာ ကောသမ္ဗီပြည်ဘက် ခရီး ထွက်လာခဲ့ကြပါတယ်။ အဲဒီ အချိန်မှာ "ဘုရားပွင့်ပြီ" ဆိုတဲ့ သတင်းစကားကို ကောသမ္ဗီပြည်သားတို့ မကြားမသိကြရသေးပါဘူး။

ရသေ့များဟာ ခရီးကြမ်းကို ဖြတ်သန်းလာရလို့ ရေကလည်းဆာ၊ ပင်ကလည်း ပင်ပန်းတာနဲ့ လမ်းမအနီး တောအုပ်ဝက ညောင်ပင်ကြီးအောက်မှာ နားနေကြပါတယ်။ သူတို့ဟာ ညောင်ပင်ရဲ့ အခြေအနေကိုကြည့်ပြီး "ဒီ ညောင်ပင်မှာ ညောင်စောင့်နတ်တော့ ရှိမှာပဲ၊ ညောင်စောင့်နတ်က ငါတို့ကို ရေလေးများပေးယင် ကောင်းမှာပဲ" လို့ ကြံစည်ကြပါတယ်။

သူတို့အကြံကို ညောင်စောင့်နတ်က သိပါတယ်။ ဒါနဲ့ တန်ခိုးဖြင့် ညောင်ပင်[illegible]မှ [illegible]ကိုး ထိပ်လောက်ရှိတဲ့ ရေလျှင်တန်းကြီး ပန်းထွက်စီးကျလာအောင် ဖန်ဆင်းလိုက်ပါတယ်။ ရသေ့များ ဟာ ဝမ်းမြောက်ဝမ်းသာ ရေသောက်သုံးကြရပါတယ်။

အဲဒီနောက် "ရေတော့ သောက်သုံးရပြီ၊ ညောင်စောင့်နတ်က ငါတို့ကို အစားအစာလေး များ ကျွေးယင် ကောင်းမှာပဲ" လို့ ကြံစည်ကြပြန်ပါတယ်။ သူတို့ရဲ့ အကြံကိုသိတဲ့ ညောင်စောင့် နတ်က သူတို့နဲ့သင့်လျော်ရာ နတ်ဿဂုဏ် ခဲဖွယ်ဘောဇဉ်ကို ရသေ့တို့အား ကိုယ်ထင်မပြပဲ ဆက်ကပ် လှူဒါန်းပါတယ်။ ရသေ့များလည်း ဝဝလင်လင် စားသုံးကြရပါတယ်။

တဖန် ရသေ့များက "ညောင်စောင့်နတ်ကြောင့် ရေလည်းသောက်သုံးရ၊ နတ်အစားအစာ လည်း စားရပြီ။ ညောင်စောင့်နတ်က ကိုယ်ထင်ပြယင် ကောင်းမှာပဲ" လို့ ကြံစည်ကြပြန်ပါတယ်။ ဒါနဲ့ ညောင်စောင့်နတ်က ကိုယ်အပေါ်တပိုင်းကို ထင်ထင်ရှားရှား ပြပါတယ်။

အဲဒီအခါ ရသေ့များက "အသင် နတ်မင်း၊ သင်ဟာ စည်းစိမ်တန်ခိုး ဝေဖြိုးကြီးမားပါ ပေတယ်။ ဘယ်လိုကောင်းမှုကုသိုလ်မျိုးပြုခဲ့လို့ ဒီလို ကြီးကျယ်ခမ်းနားတဲ့ နတ်စည်းစိမ်ကို ခံစားရပါ သလဲ" လို့ မေးမြန်းကြပါတယ်။

ပထမတော့ ညောင်စောင့်နတ်က သူ့ကုသိုလ်ဟာ မဖြစ်စလောက်ပါလို့ ခပ်လျှိုလျှိုဖြေပါ တယ်။ ဒါပေမယ့် ရသေ့တွေက မရမကမေးတာနဲ့ သူ့အကြောင်းကို ပြန်ပြောင်း ပြောပြပါတယ်။

---

[၁၀] ညောင်စောင့်နတ်က ရသေ့များအတွက် မိမိတန်ခိုးဖြင့် ညောင်ပင်ခွကြားမှ ရေလုံးကြီးစီးကျစေပုံ။



## အတိတ်ဘဝ ပြောကာပြ

သူဟာ လူ့ဘဝတုန်းက သာဝတ္ထိပြည်ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သဌေးရဲ့အိမ်မှာ အလုပ်သမားတဦး ဖြစ်ခဲ့ဖူးပါတယ်။

အနာထပိဏ်ဟာ သူ့အိမ်က ကျေးကျွန်များ၊ အလုပ်သမားများပါမကျန် အိမ်ရှိ လူအားလုံး ကို ဥပုသ်နေ့မှာ ဥပုသ်စောင့်ခိုင်းလေ့ရှိပါတယ်။

အခု နတ်ဖြစ်မယ့်သူဟာ ဥပုသ်နေ့တနေ့မှာ နံနက်စောစောထပြီး အလုပ်လုပ်ဖို့ တောထဲသို့ တယောက်တည်း ထွက်သွားခဲ့ပါတယ်။ ကျန်လူတွေ အားလုံးကတော့ ဥပုသ်စောင့်သုံးကြပါတယ်။ ဒါကို အဲဒီ အလုပ်သမားက သိဟန်မတူပါဘူး။

ထမင်းချက်ကျွန်မဟာ အဲဒီနေ့မှာ တယောက်စာအတွက်သာ ညစာ ချက်ရပါတယ်။ တောသွားအလုပ်သမား ပြန်လာတော့ ကျွန်မက သူ့တယောက်တည်းကိုပဲ ထမင်းကျွေးဖို့ ခူးခပ်ပြင်ဆင် ပေးပါတယ်။ တအိမ်လုံးလည်း တိတ်ဆိတ်နေပါတယ်။ ဒါနဲ့ အလုပ်သမားက အခြားလူတွေ အကြောင်း မေးမြန်းကြည့်တော့ ကျွန်မက "အခြားလူတွေ ဥပုသ်စောင့်နေကြတယ်"လို့ပြောပါတယ်။

အဲဒီအခါ အလုပ်သမားက "သူကော ဥပုသ်စောင့်လို့ ဖြစ်မဖြစ် သဌေးကြီးကို မေးပေးပါ" လို့ တောင်းပန်စကား ပြောကြားပါတယ်။ ကျွန်မက သဌေးကြီးကို မေးကြည့်တဲ့အခါ "တနေ့လုံး

[၁၁] ဘုရားကျောင်းဒကာ အနာထပိဏ်သဌေးသည် ဥပုသ်နေ့များ၌ အိမ်ရှိလူအားလုံးကို ဥပုသ်စောင့်ခိုင်း လေ့ရှိသဖြင့် အားလုံးစုပေါင်း ဥပုသ်ယူနေကြပုံ။



တော့ ဥပုသ်စောင့်လို့ မဖြစ်တော့ဘူး။ နေ့ဝက် စောင့်ချင်ယင်တော့ ရသေးတယ်” လို့ ပြောလိုက်ပါတယ်။

ဒါနဲ့ အဲဒီအလုပ်သမားဟာ စားတော့မည့်ဆဲဆဲ ထမင်းပွဲကိုမစားတော့ပဲ ပါးစပ်ဆေးပြီးဥပုသ်သီလ ဆောက်တည်ကျင့်သုံးပါတယ်။ မိမိနေရာသွားပြီး အသာအိပ်နေပါတယ်။ သူဟာ တနေ့လုံး အစာမစားထားလို့ ညဘက်မှာ အပြင်းအထန်လေနာထပြီး မိုးလင်းခါနီးလောက်မှာ အနိစ္စရောက်သွားရှာပါတယ်။

အဲဒီလို နေ့ဝက်မျှ ဥပုသ်သီလ ဆောက်တည်ကျင့်သုံးခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် ယခု ညောင်ပင်မှာ စည်းစိမ်ရှင် ညောင်ပင်စောင့်နတ်မင်း လာဖြစ်ရခြင်းပါပဲလို့ နတ်မင်းက ရှင်းလင်းပြောပြပါတယ်။

ဒီတော့မှ ရသေ့များလည်း ဘုရားပွင့်တော်မူမှန်း သိသွားကြပါတယ်။ ကောသမ္ဗီပြည်သို့ ရသေ့များရောက်ကြတဲ့အခါ သူတို့ဒကာ သဌေးများလည်း ဘုရားပွင့်ကြောင်း သတင်းကောင်းကို ရသေ့များထံမှ ကြားသိရပါတယ်။

အထက်ပါ ညောင်စောင့်နတ်အကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မယ်ဆိုယင် “မြတ်သီလပန်း” ဆင်မြန်းသူများဟာ လူချမ်းသာ နတ်ချမ်းသာလောက်တော့ အသာလေး ရရှိနိုင်ကြတယ် ဆိုတာ သိသာနိုင်ပါတယ်။

## သီလစွမ်းအင် နိဗ္ဗာန်ဝင်

"သီလပန်း"ဟာ ဆင်မြန်းသူအား လူ့ချမ်းသာ၊ နတ်ချမ်းသာကို တိုက်ရိုက်ရစေနိုင်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းလည်း ဖြစ်ပါတယ်။

သီလစောင့်ထိန်းသူမှာ မိမိသီလစင်ကြယ်ပုံကို အဖန်ဖန် အထပ်ထပ် အောက်မေ့ ဆင်ခြင်ရပါတယ်။ ဒီလိုအောက်မေ့ဆင်ခြင်တာဟာ ( သီလာနုဿတိ ) ဘာဝနာ ကုသိုလ်ဖြစ်ပါတယ်။ ဒီကုသိုလ်ဟာ နှစ်သက် ဝမ်းမြောက်မှု၊ ကိုယ်စိတ်ငြိမ်းအေးမှု၊ ကိုယ်ရော့စိတ်ပါ ချမ်းသာမှု၊ စိတ်တည်ငြိမ်မှုသဘောတွေကို အဆင့်ဆင့် ဖြစ်ပေါ်စေနိုင်ပါတယ်။

အဲဒီအခါ ဖြစ်ပေါ်ဆဲသဘောတရားတွေကို မြစ်ပေါ်တဲ့အတိုင်း "နှစ်သက်ယင် နှစ်သက်တယ်၊ ဝမ်းမြောက်ယင် ဝမ်းမြောက်တယ်၊ ငြိမ်းအေးယင် ငြိမ်းအေးတယ်" စသည်ဖြင့် မပြတ်ရှုမှတ်သွားရပါတယ်။

ဒီလို ရှုမှတ်သွားယင် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တဲ့အထိ ဆိုက်ရောက်သွားနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုအခွင့်အရေးမျိုးကတော့ သာသနာတွင်း အခါမှာသာ ရရှိနိုင်ပါတယ်။

ကဲ....သီလစွမ်းအင်ကြောင့် နိဗ္ဗာန်ဝင်နိုင်ပုံနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြပါဦးစို့။

## တိဿထေရ်ရှင် သီလစင်

သာဝတ္ထိပြည်မှန် ဇေတဝန်ရောင်မောင်း သင်္ဃေးကျောင်းမှာ မြတ်စွာဘုရားရှင် ကိန်းအောင်း ငုံမွလျော် စံပျော်တော်မူစဉ်မှာ တိဿအမည်ရှိတဲ့ ရဟန်းတပါးဟာ ဘုရားရှင်ထံမှ တရားအားထုတ် နည်းကိုတောင်းယူပြီး တောထဲသို့ ကြွသွားခဲ့ပါတယ်။ သင့်လျော်ရာ နေရာရှာတဲ့အခါ တောတွင်း ချိုင့်ဝှမ်းတနေရာမှာ စိတ်နှလုံးချမ်းမြေ့ဖွယ် လိုဏ်ဂူတခုကို တွေ့ရပါတယ်။ အဲဒီမှာနေပြီး ရဟန်းတရား ပွားများ အားထုတ်ဖို့ ဆုံးဖြတ်ပါတယ်။

နောက်တနေ့ကျတော့ ရွာတရွာသို့ ဆွမ်းခံကြွပါတယ်။ ဒကာမကြီးတဦးက ရဟန်းတော်ကို မြင်လျှင်မြင်ချင်း သားအရင်းလို ချစ်ခင်ကြည်ညိုသွားတာနဲ့ အဲဒီ ဂူမှာပဲ ဝါကပ်ဖို့၊ သူ့အိမ်ကို အမြဲ တမ်း ဆွမ်းခံကြွဖို့ လျှောက်ထားပါတယ်။

အဲဒီ လိုဏ်ဂူမှာ ရှိနှင့်တဲ့ လိုဏ်စောင့်နတ်သမီးဟာ သီလရှိသူ ရဟန်းတော်နဲ့ အတူမနေနိုင်ပါ ဘူး။ ဒါကြောင့် ရဟန်းတော်ရောက်ကတည်းက သားငယ်သမီးငယ်တွေကို လက်ကဆွဲပြီး အပြင်သို့ ထွက်ကာ ရှောင်နေရပါတယ်။ အစကတော့ ဒီရဟန်းတော်ဟာ ၁-ရက်လောက်ကြာယင် ပြန်သွား

---

[၁၂] သီလရှိသူ ရဟန်းတော်နှင့် အတူမနေနိုင်၍ လိုဏ်စောင့် နတ်သမီးသည် သားသမီးများကို ခေါ်ဆောင်ကာ လိုဏ်အပြင်ဘက်မှာ ရှောင်နေရပုံ။



လိမ့်မယ်လို့ နတ်သမီးက ထင်ခဲ့ပါတယ်။ ဒီလိုနဲ့စောင့်ကြည့်လာလိုက်တာ ၁၅-ရက်လောက် ရောက်သွားပါတယ်။ ဒီတော့မှ ရဟန်းတော်ဟာ မပြန်ပဲ လိုဏ်ဂူမှာပဲ ဝါကပ်မယ်ဆိုတာ ရိပ်မိသွားပါတယ်။

သီလရှိတဲ့ ရဟန်းတော်ဖြစ်လို့ မောင်းထုတ်ဖို့ကလည်း မလွယ်၊ အတူနေဖို့ကလည်း မဖြစ်နဲ့ နတ်သမီးခမြာ အခက်ကြုံနေရပါတော့တယ်။ ဒါနဲ့ ဒီလိုဏ်ဂူမှ ရဟန်းတော် ပြောင်းသွားအောင် အကြံထုတ်ပါတယ်။ ရဟန်းတော်ရဲ့သီလ ချွတ်ယွင်းမှုရှိမရှိ သိရအောင် နတ်မျက်စိနဲ့ ကြည့်ပါတယ်။ ရဟန်းဖြစ်စမှ ခု အချိန်အထိ ရဟန်းတော်ရဲ့ သီလဟာ မှဲ့တပေါက်လောက်မျှ အစွန်းအထင်းမရှိပဲ အလွန်စင်ကြယ်လှတာကို တွေ့ရပါတယ်။

ဒါနဲ့ နောက်ထပ် အကြံထုတ်တဲ့အခါ အခြားအကြံတခု ရသွားပါတယ်။ တနေ့ နံနက်မှာ လိုဏ်စောင့်နတ်ဟာ ရဟန်းတော်ရဲ့ ဆွမ်းဒကာမရဲ့သားအကြီး သူငယ်ကိုဝင်ပူးပါတယ်။ ဦးခေါင်း နောက်ပြန်လည်အောင် လုပ်ပါတယ်။ သူငယ်လေးဟာ မျက်လုံးတွေမှိတ်ပြီး ပါးစပ်မှ အမြှုပ်တွေ တစီစီ ထွက်နေပါတယ်။

အမေဖြစ်သူက သားဖြစ်ပုံကို ရုတ်တရက်မြင်လိုက်ရတော့ "အမလေး၊ ဘယ်လိုဖြစ်ရတာလဲ သားရဲ့" ဆိုပြီး ငိုကြွေးပါတယ်။ အဲဒီအခါ ဝင်ပူးနေတဲ့နတ်က "ငါ ဖမ်းစားဆားတာ ဖြစ်တယ်။ ပူဇော်ပသတာကို မလိုချင်ဘူး၊ သူငယ် အသက်ချမ်းသာချင်ယင် ဆွမ်းခံ ကိုယ်တော်ထံမှ နွယ်ချို ရအောင်တောင်းပါ။ နွယ်ချိုနှင့် ဆီ ရောကြိုပြီး သူငယ်အတွက် နှာနှပ်ဆေး လုပ်ပေးပါ။ ဒီလိုလုပ်မှ သူငယ်ကို ငါလွှတ်မယ်" လို့ ပြောပါတယ်။

ဒါပေမယ့် ဒကာမကြီးက နတ်ပြောတာကို လက်မခံဘူး။ "သား သေချင် သေသွားပါစေ၊ ဆွမ်းခံကိုယ်တော်ထံကတော့ နွယ်ချို မတောင်းနိုင်ဘူး" လို့ ပြန်ပြောပါတယ်။

တဖန် နတ်က "နွယ်ချိုမတောင်းနိုင်ယင် သူငယ်ရဲ့နှာခေါင်းထဲသို့ ရှိန်းခိုမှုန့် လောင်းထည့်ပေးဖို့ ဆွမ်းခံကိုယ်တော်အား ခိုင်းပါ" လို့ ပြောပါတယ်။ဒါကိုလည်း ဒကာမကြီးက လက်မခံပါဘူး။

ဒါပေမယ့် နတ်ကလည်း အလျှော့မပေးဘူး။ ဒီလိုဆိုယင် "ကိုယ်တော်ရဲ့ ခြေဆေးရေကိုယူပြီး သူငယ်ရဲ့ခေါင်းပေါ် လောင်းချပေးပါ" လို့ ပြောပါတယ်။ "ဒါတော့ လုပ်လို့ဖြစ်တယ်၊ လုပ်မယ်" လို့ ဒကာမကြီးက ဝန်ခံပါတယ်။

ဒီလိုနဲ့ ဆွမ်းခံချိန်ရောက်လို့ ရဟန်းတော်ကြွလာတဲ့အခါ ခြေတော်ကို ရေဆေးပြီး ခွက်ဖြင့် ရေခံယူပါတယ်။ အဲဒီနောက် "အရှင်ဘုရား၊ ဒီ ခြေဆေးရေကို သူငယ်ရဲ့ခေါင်းပေါ် လောင်းချချင်တယ်" လို့ ဒကာမကြီးက ခွင့်တောင်းစကား လျှောက်ထားပါတယ်။ ရဟန်းတော်ကလည်း "လောင်းချချင် လောင်းချလိုက်" လို့ အမိန့်ရှိပါတယ်။

ဒကာမကြီးလည်း ခြေဆေးရေကို သားခေါင်းပေါ်လောင်းချလိုက်ပါတယ်။ ဒီအခါ သူ့သားဟာ အကောင်းပကတိ ပြန်ဖြစ်သွားပါတယ်။ နတ်လည်း ဝင်ပူးနေရာမှထွက်သွားပြီး လိုဏ်ခေါင်းဂူမှာ သွားရပ်နေပါတယ်။

ရဟန်းတော်လည်း ဒကာမကြီးအိမ်မှာ ဆွမ်းစားပြီးနောက် တရားနှလုံးသွင်းယင်း လိုဏ်ဂူအရောက် ပြန်ကြွသွားပါတယ်။ လိုဏ်ခေါင်းဝ ရောက်တယ်ဆိုယင်ပဲ နတ်သမီးက ကိုယ်ထင်ပြပြီး "ဆေးဆရာကြီး၊ ဒီလိုဏ်ဂူထဲ မဝင်ပါနဲ့" လို့ ဆီးပြောပါတယ်။

ရဟန်းတော်က "သင် ဘယ်သူလဲ၊ ငါ ကခါမှလည်း ဆေးမကုဖူးပါလား" လို့ မေးပါတယ်။ "ကျွန်ုပ်ဟာ ဒီ လိုဏ်ဂူစောင့်နတ်ပဲ၊ အယင်က ဆေးကုဖူးတာ မကုဖူးတာ အသာထားလိုက်ပါ။ ဒီနေ့ ဆွမ်းဒကာမသားရဲ့ခေါင်းပေါ်ကို ခြေဆေးရေလောင်းခိုင်းတာတော့ မှတ်မိတယ်မဟုတ်လား" လို့ နတ်က ပြန်မေးပါတယ်။ ဒီတော့မှ ရဟန်းတော်က "ဪ- ဒါကို သင် ပြောတာကိုး" လို့ ပြန်ပြီး ပြောကြားပါတယ်။

အဲဒီနောက် ရဟန်းတော်ဟာ "နတ်ကတောင် အပြစ်ရှာလို့ မရအောင် ငါ့သီလဟာ အလွန်စင်ကြယ်ပါကလား" လို့ သူ့သီလကို ပြန်လည်ဆင်ခြင်ရာက အလွန်နှစ်သက်မှုသဘောတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီ ဖြစ်ဆဲသဘောတွေကို ဖြစ်တိုင်းဖြစ်တိုင်း မပြတ် ဆက်လက်ရှုမှတ်သွားလိုက်တာ ရဟန်းတော်ဟာ ခြေထောက်တောင် တဘက်မျှ မမြှောက်လိုက်ရသေးပဲ ရပ်ယင်းပင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပါတယ်။ မိစ္ဆာနတ်ကိုလည်း အဲဒီမှာ မနေဖို့ ပြောဆိုဆုံးမ လွှတ်လိုက်ပြီး ရဟန်းတော်ဟာ ဝါတွင်းသုံးလပတ်လုံး အဲဒီလိုဏ်ဂူမှာပဲ သီတင်းသုံးနေထိုင်ပါတယ်။

[၁၃] ဆွမ်းခံရွာမှ ပြန်လာသူ မထေရ်မြတ်ကို လိုဏ်စောင့်နတ်သမီးက ''ဆေးဆရာကြီး၊ လိုဏ်ဂူထဲ မဝင်ပါနဲ့'' ဟု တားဆီးပြောကြားနေပုံ။



မြတ်စွာဘုရားလက်ထက်က "တိဿ" ဆိုတဲ့ ဘွဲ့တူသူတွေ များလွန်းလို့ ဒီရဟန်းတော်ကို "ပဗ္ဗာရဝါသီတိဿ" လို့ ခေါ်မှတ်ပြုကြပါတယ်။ "ပဗ္ဗာရဝါသီ" ဆိုတာ ချိုင့်ဝှမ်းမှာနေသူလို့ အဓိပ္ပာယ်ရပါတယ်။

ကဲ- "မြတ်သီလပန်း" ဆင်မြန်းကြဖို့ တိုက်တွန်းဟောကြားတဲ့ တရားကိုတော့ ဒီမျှနဲ့ပဲ ရပ်နားပြီး သီလနှင့် အုပ်စုတူဖြစ်တဲ့ "အပစာယန၊ ဝေယျာဝစ္စ" တို့အကြောင်းကို ဆက်ကြပါဦးစို့။

## ရှိခိုးရိုသေ အသက်ရှည်

မိဘ, ဆရာသမား, အသက်ကြီးသူ, မြင့်မြတ်သူ, တရားစောင့်သော ရဟန်းသံဃာ, ဘုရားပုထိုး စေတီတို့ကို ရှိခိုးမှု၊ လက်အုပ်ချီမှု၊ ခရီးဦးကြိုဆိုမှု၊ လမ်းဖယ်ပေးမှု စတဲ့ ရိုးရိုးသားသား စေတနာ သန့်သန့် အရိုအသေပြုတာမှန်သမျှဟာ "အပစာယန" ကုသိုလ် ဖြစ်ပါတယ်။

ဒီ အပစာယန ကုသိုလ်ပန်း ဆင်မြန်းသူဟာ ဒီဘဝမှာတင်ပဲ အသက်ရှည်,အဆင်းလှ,ချမ်းသာ ရပြီး ဉာဏ်ပညာပါ ပွင့်လန်းနိုင်ခြင်းဆိုတဲ့ အကျိုးတရားများကို ရရှိနိုင်ပါတယ်။ ဒီလို ရနိုင်ကြောင်းကို သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဟာ ဒီဃလမ္ဗိကမြို့ တောကျောင်းမှာ သီတင်းသုံးနေ တော်မူစဉ်အခါ အာယုဝဍ္ဎနသတို့သားကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့ပါတယ်။

## အာယုဝဍ္ဎန သက်ရှည်ရ

ဒီဃလမ္ဗိက မြို့သားနှစ်ဦးတို့ဟာ သာသနာပ ရသေ့များ ပြုလုပ်ကြပါတယ်။ ရသေ့ပြုပြီး ၄၈-နှစ်အကြာမှာ တပါးက လူထွက်ချင်တာနဲ့ သူကျင့်ခဲ့တဲ့အကျင့်ကို အခြားသူများအားရောင်းစား တဲ့အတွက် ငွေ ၁၀၀ နဲ့ နွား ၁၀၀ ရရှိခဲ့ပါသတဲ့။

အဲဒီရသေ့ဟာ လူထွက်ပြီး အိမ်ထောင်ပြုကာ စီးပွားရှာပါတယ်။ မကြာမီ သူ့ဇနီးက သား လေးတယောက် ဖွားမြောက်ပါတယ်။

တနေ့မှာ သူ့သူငယ်ချင်းရသေ့ဟာ သူတို့မြို့ကို ရောက်လာပါတယ်။ ရသေ့လူထွက်က ဇနီး သည်နဲ့သားငယ်ကိုခေါ်ပြီး ရသေ့ထံသွားပါတယ်။ ရောက်တဲ့အခါ သားငယ်ကို ဇနီးသည်ထံပေးထား ပြီး သူငယ်ချင်းရသေ့အား ရှိခိုးပါတယ်။ ရသေ့က “အသက်ရှည်ပါစေ” လို့ ဆုပေးပါတယ်။ သူ့ဇနီးဖြစ်သူက ရသေ့ကို ရှိခိုးတဲ့အခါမှာလဲ ရသေ့က “အသက်ရှည်ပါစေ” လို့ပဲ ဆုပေးပါတယ်။

အဲဒီနောက် သူတို့ရဲ့သားငယ်ကို ရသေ့အား ရှိခိုးစေပါတယ်။ ဒါပေမယ့် သူငယ်ရှိခိုးတဲ့ အခါ ရသေ့က “အသက်ရှည်ပါစေ” လို့ မပြောပဲ ဆိတ်ဆိတ်နေပါတယ်။ ဒါနဲ့ ရသေ့လူထွက်က သူ့သားငယ်အား ဆုမပေးတဲ့အကြောင်းကို မေးပါတယ်။ ရသေ့က ကလေးမှာ အသက်အန္တရာယ် ရှိတယ်။ ၇-ရက်သာ အသက်ရှင်တော့မယ်လို့ ပြောပါတယ်။

ရသေ့လုလင်ဟာ သားအတွက် အလွန်စိုးရိမ်သွားပါတယ်။ သားငယ် အန္တရာယ်ကင်းပြီး အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်းများရှိယင် ပေးဖို့ တောင်းပန်ပါတယ်။ ရသေ့က "သူ့ဝေ့ာ့မဘတ်နိုင်ဘူး၊ ဂေါတမမြတ်စွာဘုရားထံ သွားကြ" လို့ ညွှန်ပါတယ်။

ဒီရသေ့လုလင်ဟာ ဗုဒ္ဓဘာသာဝင်မဟုတ်ပါဘူး။ ဒါကြောင့် ဘုရာထံသွားယင် သူတို့ရဲ့ ကျင့်ဝတ်ပျက်ပြားမှာကြောက်လို့ မသွားချင်ကြောင်း ပြောပါသေးတယ်။ ဒါပေမယ့် "သင်တို့ရဲ့ သားငယ်ကိုချစ်ယင် ရဟန်းဂေါတမထံ သွားသာ သွားကြ" လို့ ရသေ့က ထပ်မံတိုက်တွန်းတာနဲ့ သားအရေးကြောင့် ရသေ့လုလင်နဲ့မိသားစုဟာ ဘုရားထံသို့ သွားကြပါတယ်။

ဘုရားထံမှောက် ရောက်တဲ့အခါ သူတို့လင်မယားနှစ်ယောက်က မြတ်စွာဘုရားအား အယင် ရှိခိုးကြတယ်။ မြတ်စွာဘုရားက ရသေ့ဆုပေးသလို "အသက်ရှည်ကြပါစေ" လို့ ဆုပေးတော်မူ ပါတယ်။

ကလေးငယ်ရှိခိုးတဲ့အခါ မှာတော့ ဘုရားက ဆုမပေးပဲ ဆိတ်ဆိတ်နေတော်မူပါတယ်။ အကျိုး အကြောင်း မေးလျှောက်ကြည့်တဲ့အခါ ရသေ့ပြောသလိုပဲ မြတ်စွာဘုရားက မိန့်ကြားတော် မူပါတယ်။

---

[၁၄] ရသေ့လုလင်နှင့် မိသားစုတို့က သူငယ်ချင်းရသေ့ထံ သွားရောက်ဖူးမြော်နေကြပုံ။



ရသေ့လုလင်ထွက်က ကလေးငယ်အနှစ်တော်ကင်းပြီး အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်းကို မိန့်ကြားဖို့ လျှောက်ထား တောင်းပန်ပါတယ်။ ဒါနဲ့ မြတ်စွာဘုရားက ကလေးအတွက် ပြုလုပ်ပေးရမည့် အစီအစဉ်ကို မိန့်ကြားပါတယ်။

ရသေ့လုလင်ထွက်ဟာ မြတ်စွာဘုရားမိန့်ကြားတဲ့အစီအစဉ်အတိုင်း သူ့အိမ်ရှေ့မှာ မဏ္ဍပ်ဆောက်လုပ်ပါတယ်။ အလယ်မှာ ခုတင်တလုံးချထားပါတယ်။ ခုတင်ပတ်ပတ်လည်မှာ ရဟန်းတော်များအတွက် နေရာ ၈-ခု ခင်းထားပါတယ်။ အဲဒီနေရာများကို တထပ်ပတ်ပြီး နေရာ ၁၆-ခု ခင်းထားပြန်ပါတယ်။ ပြီးစီးတော့မှ မြတ်စွာဘုရားထံ ပြီးစီးကြောင်း သွားရောက်လျှောက်ထားပါတယ်။

အဲဒီနောက် မြတ်စွာဘုရားက ရဟန်းတော်များအား ပုဏ္ဏားအိမ်သို့စေလွှတ်ပြီး ပရိတ်ရွတ်ခိုင်းပါတယ်။ ရဟန်းတော်များဟာ သူငယ်ကို ခုတင်ပေါ်မှာထားပြီး ၇ ရက်လုံးလုံး နေ့ရောညပါ မပြတ် ပရိတ်ရွတ်ဖတ်ကြပါတယ်။ ၇ ရက်မြောက်သောနေ့မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်တော် မူလာပါတယ်။ အဲဒီအခါ ဘုရားဖူးဖို့ တန်ခိုးကြီးနတ်တွေ များစွာ စုရုံးရောက်ရှိလာကြပါတယ်။

အဲဒီအချိန်မှာ သူငယ်ကို စားဖို့စောင့်နေသူ ဘီလူးတကောင်ဟာ တန်ခိုးကြီးနတ်တွေ ရောက်လာတာနဲ့ အခွင့်မသာပဲ ရှောင်သွားရပါတယ်။ ဒီဘီလူးဟာ ဝေဿဝဏ် နတ်မင်းကြီးအား ၁၂-နှစ်

[၁၅] သူငယ်ကို အလယ်က ခုတင်ပေါ်မှာထားပြီး ရဟန်းတော်များက ဝိုင်းပတ်ကာ အသံမစဲပရိတ်ရွတ်ဖတ်နေကြပုံ။



ပိုင်တိုင် ခစား လုပ်ကျွေးခဲ့ပါတယ်။ ဒါနဲ့ နတ်မင်းကြီးက သူ့ကို ဆုချတဲ့အနေနဲ့ ၇-ရက်မြောက်ယင် ရသေ့လူထွက်ရဲ့သားငယ်ကို စားခွင့်ပေးလိုက်ပါတယ်။ အခုတော့ တန်ခိုးကြီးနတ်တွေ ရောက်လာလို့ ရှောင်ပေးရတာနဲ့ စားခွင့်ရက် ကျော်လွန်သွားပါတယ်။ ဘီလူးဟာ သူငယ်ကို စားခွင့်မရတော့ပါဘူး။

၈-ရက်မြောက်နေ့ အရုဏ်တက်ချိန်မှာ ဖခင်ဖြစ်သူက သူငယ်ကိုယူပြီး မြတ်စွာဘုရားရဲ့ ခြေတော်စုံကို ဦးတိုက်ရှိခိုးစေပါတယ်။ ဒီတော့မှ မြတ်စွာဘုရားက "သူငယ် အသက်ရှည်စေ" လို့ ဆုပေးပါတယ်။ ရသေ့လူထွက်က သူ့သားငယ် အသက်ဘယ်လောက်ရှည်မလဲလို့ မြတ်စွာဘုရားအား လျှောက်ထားကြည့်ပါတယ်။ မြတ်စွာဘုရားက "ဒီသူငယ် အသက် ၁၂၀ ရှည်မယ်" လို့ မိန့်တော်မူပါတယ်။ ဒါနဲ့ သူ့သားငယ်ကို အာယုဝဍ္ဎနလို့ အမည်မှည့်ပါတယ်။ မြန်မာလိုဆိုယင် မောင်သက်ရှည် လို့ ခေါ်နိုင်ပါတယ်။

ဒီသတို့သားဟာ ကြီးပြင်းလာတဲ့အခါ အခြံအရံ ဥပါသကာ (ရတနာသုံးပါး ဆည်းကပ်သူ) ၅၀၀ နှင့် အတူ လှည့်လည် သွားလာလေ့ရှိပါတယ်။ ဒါကို မြင်ကြရတဲ့ ရဟန်းတော်များက "ငါ့ရှင်တို့၊ ၇-ရက်သာအသက်ရှင်ရမည့် သူငယ်ဟာ အခုတော့ကြီးပြင်းလာပြီး အသက် ၁၂၀ တောင် ကြာအောင်နေရမယ် ဆိုပါကလား။ လူတွေ အသက်ရှည်ရာ ရှည်ကြောင်း တရားကောင်း ရှိဟန် တူသည်" ဟသည်ဖြင့် တရားသဘင်မှာ အချင်းချင်း ပြောဆိုဆွေးနွေးကြပါတယ်။

ဒီရဟန်းတော်များရဲ့စကားကို အကြောင်းပြုပြီး "ရှိသေထိုက်သူ၊ ရှိခိုးထိုက်သူများအား ရှိသေရှိခိုးခြင်းပြုသူများဟာ အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာရပြီး ဉာဏ်ပညာ ပွင့်လန်းနိုင်တယ်" လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။ တရားပွဲအပြီးမှာ အာယုဝဍ္ဎနနဲ့ ဥပါသကာ ၅၀၀ တို့ဟာ သောတာပန်များ ဖြစ်သွားကြတယ်။

ဒီဝတ္ထုမှာ အာယုဝဍ္ဎန သတို့သား ငယ်စဉ်က ဘီလူးစားမခံရတာဟာ ပရိတ်တော်ရဲ့ တန်ခိုးကြောင့် ဖြစ်တယ်။ အသက် ၁၂၀ ထိ နေရတာကတော့ မြတ်စွာဘုရားအား ရှိခိုးမှု အပစာယန ကုသိုလ်ပန်း ဆင်မြန်းခွင့်ရလို့ ဖြစ်ပါတယ်။

## သေခြင်း ၄-မျိုး

ဒီစကားနဲ့ပတ်သက်ပြီး ပိုမို ရှင်းလင်းသွားအောင် လူတွေရဲ့ သေခြင်း ၄-မျိုးအကြောင်းကို အနည်းငယ် ဖော်ပြချင်ပါသေးတယ်။ အဲဒီ ၄ မျိုးက (၁) အသက်တမ်းကုန်လို့ သေခြင်း၊ (၂) ကံကုန်လို့ သေခြင်း၊ (၃) အသက်,ကံ ၂ ပါးစုံကုန်လို့သေခြင်း၊ (၄) မကောင်းတဲ့ ကြားဖြတ်အဖျက်ကံကြောင့် သေခြင်း (ဥပစ္ဆေဒက မရဏ) တို့ ဖြစ်ကြပါတယ်။

အဲဒီ ၄-မျိုးထဲက နံပါတ်(၁)အမျိုးအစားဟာ အသက် ၁၀၀ တမ်းခေတ်မှာ အသက် ၁၀၀ ကျမှ သေခြင်းမျိုးဖြစ်တယ်။

နံပါတ်(၂)အမျိုးအစားဟာ အသက်တမ်းက ၁၀၀ ခေတ်ဖြစ်ပေမယ့် အသက်ရှည်ဖို့ ကုသိုလ်ကံက အနှစ် ၅၀ စာမျှသာပါလို့ အသက် ၅၀ အရွယ်မှာ သေရခြင်းမျိုး ဖြစ်တယ်။

နံပါတ်(၃)အမျိုးအစားကတော့ လူဖြစ်တဲ့ခေတ်ကလဲ အသက် ၁၀၀ တမ်းခေတ်၊ အသက်ရှည်ဖို့ ကုသိုလ်ကံကလဲ နှစ် ၁၀၀ နေနိုင်မယ့်ကံပါလာပြီး အသက် ၁၀၀ အကြာမှာ သေခြင်းမျိုး ဖြစ်ပါတယ်။

နံပါတ်(၄)အမျိုးအစားက လူဖြစ်ရာခေတ်ကလဲ အသက် ၁၀၀ တမ်း၊ အသက်ရှည်ဖို့ကံကလဲ အနှစ် ၁၀၀ စာ ပါရှိပေမယ့် သက်တမ်းနဲ့ ကံမကုန်ခင် သေခြင်းမျိုးဖြစ်ဘယ်။ အာယုဝဍ္ဎန သတို့သားဟာ ယေဘုယျကသာ ဘီလူးစားခံရပြီး သေသင် ဒီသေခြင်းမျိုးနဲ့ သေခြင်းလို့ ဆိုရပါမယ်။

အပစာယန ကုသိုလ်ပန်း ဆင်မြန်းသူဟာ ကြားဖြတ်အဖျက်အဆီးကံကြောင့် မသေနိုင်ပါဘူး။ အသက်ရှည်ဖို့ ပါလာတဲ့ ကုသိုလ်ကံ မကုန်မချင်း အသက်မသေနိုင်ဘူးလို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် အပစာယန ကုသိုလ်ပန်းဟာလဲ ဆင်မြန်းသင့်တဲ့ ပန်းတပွင့်ပါပဲ။

ကဲ....အပစာယနအကြောင်းတော့ တော်လောက်ပါပြီ။ ဝေယျာဝစ္စအကြောင်း ဆက်ကြပါဦးစို့။

## ရိုသေဆောင်ရွက် အကျိုးထွက်

ဖျားနာသူ, မိတ်ဆွေ, မိဘ ဆရာသမား, အသက်ကြီးသူ, မြင့်မြတ်သူ, ရဟန်းသံဃာ, ဘုရား စေတီတို့ရဲ့ အပြစ်မဲ့ပြုဖွယ် ကိစ္စမှန်သမျှကို စေတနာသန့်သန့်နဲ့ ဆောင်ရွက်လုပ်ကိုင်ပေးတာ မှန်သမျှဟာ "ဝေယျာဝစ္စ" ကုသိုလ် ဖြစ်ပါတယ်။

ဒီ အပစာယနနဲ့ ဝေယျာဝစ္စကုသိုလ်(၂)ပါးဟာ ဒါနပြုတဲ့နေရာမှာလည်း ပူးတွဲပါဝင်တတ်ပါတယ်။ ဒါကြောင့် အပစာယန၊ ဝေယျာဝစ္စအပြင် ဒါနနဲ့ပါသက်ဆိုင်တဲ့ ဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

တခါတုန်းက ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရားရှင် ကိန်းအောင်းမွေ့လျော်စံပျော်တော်မူစဉ် ဝေသာလီပြည်မှာ (၁) အငတ်ဘေး၊ (၂) ဘီလူးဘေး၊ (၃) ရောဂါဆိုးဘေး၊ ဒီဘေးကြီးသုံးပါး ဖြစ်ပွားပြီး လူပေါင်းများစွာ သေကြေပျက်စီးကြပါတယ်။

ဒါနဲ့ မင်းနှင့်တကွ တိုင်းသူပြည်သားတွေက ဘေးဆိုးကြီးသုံးပါး ပျောက်ကင်းသွားရေးအတွက် စည်းဝေးတိုင်ပင်ကြ၊ အကြံအစည် အမျိုးအမျိုးတင်ပြကြပါတယ်။ နောက်ဆုံးမှာ မြတ်စွာဘုရားကို ဝေသာလီပြည်သို့ပင့်ရန် အားလုံးသဘောတူကြပါတယ်။

အဲဒီနောက် လိစ္ဆဝီမင်းသား ၂ပါးတို့ဟာ ဘုရားပင့်ရန် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိလာကြပါတယ်။ ဗိမ္ဗိသာရမင်းထံ အယင် သွားရောက်ပန်ကြားပြီး မြတ်စွာဘုရားအား ဝေသာလီပြည်သို့ ကြွတော်မူဖို့ လျှောက်ထားကြပါတယ်။ မြတ်စွာဘုရားက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ပါတယ်။

မြတ်စွာဘုရား ဝေသာလီပြည်ကြွမည့် သတင်းစကားကြားရတော့ ဗိမ္ဗိသာရမင်းက မြတ်စွာဘုရားကို ခေတ္တဆိုင်းငံ့ဖို့ လျှောက်ထားပြီး ခရီးလမ်းကို အဆန်းတကြယ် ကြိုတင်ပြင်ဆင်ပါတယ်။ ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်ကမ်းအထိ ငါးယူဇနာ (မိုင် လေးဆယ်ကျော် ငါးဆယ်) ခန့် ခရီးကို ဆူးငုတ် ခလုတ်ကန်သင်း အလျှင်းမရှိရအောင် မြေညှိပါတယ်။ သဲဖြူခင်းပါတယ်။ လမ်းဘေးဝဲယာမှာ ငှက်ပျောပင်စိုက် ရေပြည့်အိုး တည်၊ တံခွန်ကုက္ကား မုလေးပွား စသည်များကို စီမံပြုလုပ် လွှင့်ထူထားပါတယ်။ တယူဇနာကွာ အရပ်တိုင်း အရပ်တိုင်းမှာ တဲကျောင်းကြီး တဆောင်စီ တဆောင်စီ ဆောက်လုပ်ထားပါတယ်။ ဂင်္ဂါမြစ်တဘက်ကမ်းမှ ဝေသာလီပြည်အထိ သုံးယူဇနာ ရှိပါတယ်။ အဲဒီ ခရီးတလျှောက်လုံးကိုလည်း လိစ္ဆဝီမင်းတွေက ဗိမ္ဗိသာရမင်း ပြုလုပ်သလိုပဲ ခမ်းခမ်းနားနားပဲ အဆန်းတကြယ် ပြုပြင်ဆင်ယင်ထားကြပါတယ်။

## ဘုရားကြွချီ ဝေသာလီ

ခရီးလမ်း ပြင်ဆင်ပြီးတဲ့အခါ မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာတို့ဟာ ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ကြွချီတော်မူကြပါတယ်။ ဗိမ္ဗိသာရမင်းနှင့် ပြည်သူပြည်သားများက ခရီးလမ်း တလျှောက်လုံး လိုက်ပါပို့ဆောင်ကြပါတယ်။ မြတ်စွာဘုရားအား ထီးဖြူ ၂ လက်၊ သံဃာတော် တပါးစီ တပါးစီအား ထီးဖြူတလက်စီ တလက်စီ ဆောင်းမိုးပြီး ပို့ဆောင်ကြပါတယ်။

---

[၁၆] ရာဇဂြိုဟ်မှ ဝေသာလီပြည်သို့ မြတ်စွာဘုရားနှင့် သံဃာတော် ငါးရာတို့ ကြွတော်မူရာ မင်းနှင့် ပြည်သူများက ခမ်းခမ်းနားနား ပို့ဆောင်ကြပုံ။



လမ်းပေါ်မှာလည်း ပုဆစ်ဒူးခေါင်း မြုပ်လောက်အောင် ပန်းမျိုးစုံ ကြဲဖြန့်ထားပါတယ်။ တဲကျောင်း ရောက်တိုင်း ရောက်တိုင်း အလှူကြီး မှုလုပ်ပါတယ်။ ၃၂-ရက်ကြာမှ ဂင်္ဂါမြစ်ကမ်းကို ရောက်ပါတယ်။ မြစ်တဘက်သို့ပို့တဲ့အခါ လှေကြီး ၂ စီး တွဲစပ်ကာ မဏ္ဍပ်ဖောင်ဖွဲ့ပြီး မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်တွေကို တင်ဆောင်ပို့ပေးကြပါတယ်။

လှေဖောင်ဖြင့် တယူဇနာခရီး သွားရစဉ်အတွင်းမှာ ရေနတ်နဂါးတွေက မြတ်စွာဘုရားကို အမျိုးမျိုး ပူဇော်ကြပါတယ်။ မြတ်စွာဘုရားရဲ့ဖောင်တော် ဝေသာလီဘက်ကမ်း ဆိုက်ရောက်တယ် ဆိုယင်ပဲ တမိုးလုံးပြိုကျတော့မလို မဲမှောင်အုံ့ဆိုင်းလာပါတယ်။

ကမ်းပေါ်သို့ မြတ်စွာဘုရား ခြေတော်ချလိုက်တာနဲ့ ပေါက္ခရဝဿမိုးကြီး သွန်းဖြိုး ရွာချပါတယ်။ ဒီမိုးက ရေစိုခံချင်သူကိုသာ စိုစေပြီး၊ မခံချင်သူကို မစိုစေတဲ့ မိုးပါပဲ။

ဝေသာလီပြည်နားသို့ မြတ်စွာဘုရားရှင် မဆိုက်ရောက်ခင်မှာပဲ မြို့ထဲရှိ သူသေကောင်တွေ၊ အပုပ်အစပ်တွေဟာ မိုးရေထဲ မျောပါကုန်ပါတယ်။ တမြို့လုံး သန့်ရှင်းသွားပါတယ်။

ဝေသာလီပြည်သူပြည်သားများဟာ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို ပို့ဆောင်ပူဇော်တာထက် ၂ ဆ သာအောင် ပူဇော်ပင့်ဆောင်ကြပါတယ်။

---

[၁၇] မြတ်စွာဘုရားနှင့် သံဃာတော်များ ဝေသာလီပြည်ဘက်သို့ လှေဖောင်တော်ဖြင့် မြစ်ကြောင်းအတိုင်း ကြွတော်မူစဉ် ရေနတ်နဂါးများက ပူဇော်ကြပုံ။



မြေညီ၊ သဲဖြူခင်း၊ ရာဇမတ်ကာ၊ တံခွန်ကုက္ကား မုလေးပွားများ စိုက်ထူဆင်ယင်ထားတဲ့ လမ်းပေါ်မှာ ရေငင်စုံပန်းများကို ပုဆစ်ဒူးဝန်းနှစ်မျှ ခင်းဖြန့်ပူဇော်ကြပါတယ်။ မြတ်စွာဘုရားအား ထီးဖြူလေးလက်၊ သံဃာတော် တပါးစီ တပါးစီအား ထီးဖြူ ၂-လက်စီ ၂-လက်စီ ဆောင်းမိုးပြီး ကြီးကျယ်ခမ်းနားစွာ ပင့်ဆောင်ကြပါတယ်။

ဝေသာလီမှ ရာဇဂြိုဟ် အပြန်ခရီးမှာလည်း ဒီထက်ပိုပြီး တပြည်နဲ့တပြည် အားကျမခံ အပြိုင် အဆိုင် ပင့်ဆောင်ကြပါတယ်။

အထူးသဖြင့် အသွားအပြန် ခရီးတလျှောက်လုံးမှာ နတ်တွေ၊ ဗြဟ္မာတွေက တံခွန်တွေ၊ ထီးဖြူတွေ လှူဒါန်းပူဇော်ကြတာဟာ စကြဝဠာတတိုက်လုံး ဖုံးလွှမ်းသွားလောက်အောင်ပါပဲ တဲ့။ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ ပူဇော်ပွဲကြီး ဖြစ်ပါတယ်။ ဒီလို ပွဲကြီးမျိုးဟာ မြတ်စွာဘုရားရဲ့ တသက်တာမှာ ဒီပွဲပါနဲ့မှ သုံးပွဲသာ ရှိပါသတဲ့။

ပါသွားကြတဲ့ ရဟန်းတော်များဟာ ဝေဠုဝန်ကျောင်းတော် ပြန်ရောက်တော့ လမ်းခရီး တလျှောက်လုံးမှာ မြတ်စွာဘုရား ဘုန်းတန်ခိုးကြီးမားပုံ၊ အံ့မခန်း အပူဇော်ခံရပုံတွေကို ချီးကျူး စကား ပြောကြားကြပါတယ်။

ဒီလိုပြောတာကို မြတ်စွာဘုရား ကြားသိတော်မူတဲ့အခါ "အခုလို အပူဇော်ခံရတာဟာ ငါရဲ့ တန်ခိုးကြောင့်လည်း မဟုတ်ဘူး၊ နတ်ဗြဟ္မာတွေရဲ့ တန်ခိုးကြောင့်လည်းမဟုတ်ဘူး၊အတိတ်က ငါပြုခဲ့တဲ့ ကုသိုလ်ကံကြောင့်သာ ဖြစ်တယ်" လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီနောက် ရဟန်းတော်များရဲ့ တောင်းပန်လျှောက်ထားချက်အရ သခ်ဇာတ်ကြောင်းကို မြတ်စွာဘုရားက ပြန်ပြောင်း ဟောပြတော်မူပါတယ်။

**သခ်ပုဏ္ဏား ကုသိုလ်ပွား**

အတိတ်ဘဝတခုမှာ မြတ်စွာဘုရားအလောင်းဟာ တက္ကသိုလ်ပြည်ဝယ် သခ်အမည်ရှိကဲ့ ပုဏ္ဏားတဦး ဖြစ်ခဲ့ဖူးပါတယ်။ သူဟာ အတတ်ပညာ သင်ယူလိုသူ ၁၆ နှစ်အရွယ် သား သုသိမကို ဗာရာဏသီပြည်ရှိ သူ့သူငယ်ချင်း ပုဏ္ဏားဆရာကြီးထံ ပညာသင်ယူရန် လွှတ်လိုက်ပါတယ်။

ပုဏ္ဏားငယ် သုသိမဟာ ဉာဏ်ပညာထက်မြက်သူ ဖြစ်တယ်။ သူများ ၁၂-နှစ်လောက် သင်ယူရတဲ့ ဗေဒင်ပညာစုံကို သူက ၂-လ ၃-လလောက်နဲ့ အကုန်တတ်မြောက်သွားတယ်။ သုသိမဟာ သင်ယူပြီး ဗေဒင် ၃-ပုံကို အကုန်လုံး ဆင်ခြင်သုံးသပ်ကြည့်တဲ့အခါ ပညာရဲ့အစနဲ့ အလယ်ကိုသာ တွေ့ရတယ်။ အဆုံးကို မတွေ့ရဘူးတဲ့။

ဒါနဲ့ သူ့ဆရာကိုမေးကြည့်တော့ သူ့ဆရာကလည်း အစနဲ့အလယ်သာသိပြီး အဆုံးကို မသိပဲ ဖြစ်နေပါတယ်။ ဒါကြောင့် ဆရာပုဏ္ဏားကြီးက မိဂဒါဝုန်တောမှာရှိတဲ့ ပစ္စေကဗုဒ္ဓါများကို မေးကြည့်ဖို့ အကြံပေးပါတယ်။

ဒါနဲ့ သုသိမဟာ ပညာရဲ့အဆုံးကို မေးဖို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်များထံ ရောက်သွားရာက သူပါ သင်္ကန်းဝတ်ဖြစ်သွားပါတယ်။ သူလည်း မကြာမီ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။ ပစ္စေကဗုဒ္ဓါ ဆိုတာ သီးခြားဘုရားအငယ်စား ဖြစ်ပါတယ်။ ဒီဘုရားငယ်မျိုးဟာ သစ္စာလေးပါးတရားကို ကိုယ်တိုင် ထိုးထွင်းသိပေမယ့် သူတပါးသိအောင်တော့ မဟောပြောနိုင်၊ မပြသနိုင်ဘူးတဲ့။

သုသိမပစ္စေကဗုဒ္ဓါ အရှင်မြတ်ဟာ အလွန် ကျော်ကြား ထင်ရှားပါတယ်။ အခြံအရံ များတယ်၊ လာဘ်လာဘ အလွန်ပေါများပါတယ်။ ဒါပေမယ့် အတိတ်ဘဝက အသက်တိုစေတတ်တဲ့ (သူ့အသက် သတ်ဖြတ်မှု) အကုသိုလ်ကံ ကျူးလွန်ခဲ့လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ပရိနိဗ္ဗာန် စံသွားရရှာပါတယ်။

ဗာရာဏသီပြည်သူပြည်သားတွေက မြို့တံခါးနားမှာ သုသိမပစ္စေကဗုဒ္ဓါရဲ့ ဓာတ်တော်တွေကို ဌာပနာပြီး စေတီတည်ထား ကိုးကွယ်ကြပါတယ်။

ခမည်းတော် သင်္ခပုဏ္ဏားကြီးဟာ သားဖြစ်သူ သုသိမက လူလည်းမလာ၊ သတင်းလည်းမပို့ တာနဲ့ စိတ်ပူပြီး လိုက်လာပါတယ်။ ဗာရာဏသီပြည်ရောက်တော့ သုသိမ စေတီနားမှာ လူတွေ ရုံးစုရုံးစုဖြစ်နေတာကို တွေ့ရပါတယ်။

---

[၁၈] ဘုရားလောင်း သင်္ခပုဏ္ဏားကြီးသည် သားဖြစ်သူ သုသိမလုလင်အား ဗာရာဏသီပြည်ရှိ သူငယ်ချင်း ပုဏ္ဏားဆရာကြီးထံ ပညာသင် စေလွှတ်နေပုံ။



ဒါနဲ့ လူတွေကို သူ့သား သုသိမအကြောင်း စုံစမ်းမေးမြန်းကြည့်ပါတယ်။ လူတွေက သုသိမ ရောက်လာပုံကစပြီး ပရိနိဗ္ဗာန်စံတဲ့အထိ ဇာတ်ကြောင်းစုံ ခင်းပြကြပါတယ်။ "ဒီစေတီဟာ သုသိမသစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဓာတ်တော်များ ဌာပနာထားတဲ့စေတီပဲ"လို့ ညွှန်ပြကြပါတယ်။

ဘုရားအလောင်း သင်္ခပုဏ္ဏားကြီးဟာ အလွန် စိတ်မကောင်းဖြစ်သွားပါတယ်။ မြေကြီးကို လက်နဲ့ ပုတ်ကာပုတ်ကာ အားရအောင် ငိုကြွေးပါတယ်။ ငိုလို့အားရတော့မှ စေတီရင်ပြင်ပေါ်သို့ ရိုရိုသေသေ တက်သွားပါတယ်။ ရင်ပြင်မှာ မြက်နုတ်ပါတယ်။ ပါလာတဲ့ အပေါ်ရုံအဝတ်နဲ့ သဲဖွေး သယ်ယူပြီး စေတီရင်ပြင်မှာ ခင်းပါတယ်။ ရင်ပြင်မှာ ဖုံမထအောင် ကရားထဲကရေနှင့် ပက်ဖျန်းပါတယ်။

အနီးအနားမှ ရရာ တောပန်းလေးများကို ဆွတ်ယူပြီး စေတီတော်မှာ ရိုရိုသေသေ တင်လှူပူဇော်ပါတယ်။ ပုဆိုးကို တံခွန်ပြားလုပ်ပြီး လှူပါတယ်။ ပါလာတဲ့ထီးကိုလည်း စေတီထိပ်မှာ ရိုရိုသေသေ ချည်မိုးပြီး လှူဒါန်းထားခဲ့ပါတယ်။ ဒါတွေဟာ ဘုရားအလောင်း သင်္ခပုဏ္ဏားကြီးရဲ့ ကုသိုလ်ပန်း ဆင်မြန်းခဲ့ပုံတွေပါပဲ။

---

[၁၉] ဘုရားအလောင်း သင်္ခပုဏ္ဏားကြီးသည် သုသိမစေတီရင်ပြင်၌ မြက်နုတ်သခင်းပြီး ဝေယျာဝစ္စ ကုသိုလ်ပြုနေပုံ။



## ဝေယျာဝစ္စကုသိုလ် များထိုထို

အခု ဘုရားဖြစ်လာတဲ့အခါ ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်အထိ ရှစ်ယူဇနာ(မိုင် ၇၀-ခန့်)ရှိတဲ့ မြေပြင်ခရီးတလျှောက်လုံး ခလုတ်ကန်သင်း အလျှင်းမရှိ ညီညာတဲ့လမ်းပေါ်မှာ ကြွလာရတာဟာ အဲဒီ သခ်ပုဏ္ဏားဘဝက စေတီရင်ပြင်မှာ မြက်နုတ်ခဲ့တဲ့ ဝေယျာဝစ္စ ကုသိုလ်ရဲ့ အစွမ်းကြောင့် ဖြစ်ပါတယ်။

ဘုရားကြွလာ လမ်းပေါ်မှာ လူတွေက သဲဖြူခင်းပြီး ပူဇော်တာဟာ သခ်ပုဏ္ဏားဘဝက စေတီရင်ပြင်မှာ သဲဖြူခင်းခဲ့တဲ့ ဝေယျာဝစ္စကုသိုလ်ကြောင့် ဖြစ်ပါတယ်။

ဝေသာလီပြည်ဘက် မြစ်ကမ်းပေါ် ခြေတော်ချမိတာနဲ့ ပေါက္ခရဝဿမိုး သွန်းဖြိုးရွာချတာ ဟာ သခ်ပုဏ္ဏားဘဝက စေတီရင်ပြင်မှာ ဖုံမထအောင် ရေဖျန်းခဲ့တဲ့ ဝေယျာဝစ္စ ကုသိုလ်ပန်း ဆင်မြန်းခဲ့လို့ပါပဲ။

လမ်းပေါ်မှာ ပန်းခင်းပြီး အပူဇော်ခံရတာ၊ ထီးဖြူတွေ တံခွန်တွေ မိုးကာပြီး ပူဇော်တာ ကို ခံရတာကတော့ သခ်ဘဝမှာ စေတီတော်အား ပန်း တံခွန် ထီး လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်ရဲ့ အစွမ်းကြောင့် ဖြစ်ပါတယ်။

အသွားအပြန် ခရီးတလျှောက်လုံးမှာ လူ,နတ်,နဂါး,သိကြား,ဗြဟ္မာတွေရဲ့ ရှိခိုးတာ၊ လက်အုပ် ချီတာ၊ ခရီးဦးကြိုဆိုတာတွေကို ခံယူရတာကတော့ သခ်ဘဝက စေတီတော်ကို ရိုသေခဲ့၊ ရှိခိုးခဲ့တဲ့

"အပစာယန" ကုသိုလ်ရဲ့အစွမ်းကြောင့် ဖြစ်ပါတယ်။ ဘုရားဖြစ်လို့ အလကားသက်သက် အပူဇော်ခံရတာ မဟုတ်ပါဘူး။

ဒါကြောင့် အပစာယန၊ ဝေယျာဝစ္စတို့ဟာလည်း လူတိုင်းလူတိုင်း ဆင်မြန်းသင့်တဲ့ မြတ်ကုသိုလ်ပန်းတွေပါပဲ။ ကဲ-အုပ်စုဘူဖြစ်တဲ့ သီလ၊ အပစာယန၊ ဝေယျာဝစ္စတို့အကြောင်းတွေ တော်လောက်ပါပြီ။ နိဂုံးချုပ် တရားဆောင်ပုဒ်ကဗျာလေးတွေဆိုပြီး တခန်းရပ်ကြပါဦးစို့။

**သီလဆိုင်ရာ ဆောင်ပုဒ်ကဗျာ**

သီလဆိုင်ရာ အုပ်စုဘွဲ့ကို၊ ကွဲကွဲပြားပြား သိသင့်ဘယ်။
ကိုယ်နှုတ်ကို ထိန်းချုပ်ပြုတော့၊ သီလစောင့်မှု ခေါ်နိုင်တယ်။
လူနတ်ချမ်းသာ တိုက်ရိုက်ရလို့၊ သက်ရှည်ဆင်းလှ သာလွန်တယ်။
သီလဆင်ခြင် ရှုမှတ်ပွားတော့၊ မဂ်ဖိုလ်များလဲ ရနိုင်တယ်။
ကြီးမြတ်သူကို ရိုသေပြုတော့၊ အပစာယနမှု ဖြစ်ပါတယ်။
ပြစ်မဲ့ပြုဖွယ် လုပ်ဆောင်ပြုတော့၊ ဝေယျာဝစ္စမှု ဖြစ်ပါတယ်။
သီလနဲ့သာ သဘောမကွဲလို့၊ တအုပ်စုအထဲ ထားပါတယ်။
မှတ်ကွယ်-မှတ်ကွယ်။

## “နာရခဲလှ မြတ်ဓမ္မ”

သီလတွဲပြီးတော့ ဘာဝနာအတွဲကို ဖော်ပြဖို့ အလှည့်ရောက်လာပါပြီ။ ဘာဝနာဆိုတာ “မြင့်မြတ်လွန်ကဲတဲ့ ကုသိုလ်တရားကို တိုးပွားစေတဲ့သဘော” ဖြစ်ကြောင်း ပြဆိုခဲ့ ပြီးပါပြီ။ ဒီ ဘာဝနာက (၁) သမထဘာဝနာ၊ (၂) ဝိပဿနာဘာဝနာရယ်လို့ ၂-မျိုး ရှိနေပါတယ်။ ဒါကြောင့် သူတို့ကို အခု ဖော်မပြသေးပဲ နောက်ဆုံးကျမှ ဖော်ပြပါမယ်။

အခုတော့ ဘာဝနာအတွဲထဲက ဓမ္မသဝနအကြောင်းကို စတင်ဖော်ပြပါမယ်။ ဓမ္မသဝန ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန် ရရာရကြောင်း တရားကောင်းများကို ယုံယုံကြည်ကြည် စေတနာသန့်သန့် နာယူမှု ပင် ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော် ထွန်းကားတဲ့နိုင်ငံ၊ ဗုဒ္ဓသာသနာထွန်းကားတဲ့ ခေတ်အခါမျိုးမှာ သူတော် ကောင်းတရားနာကြားရဖို့ မခဲယဉ်းပေမယ့် ဗုဒ္ဓသာသနာ မထွန်းကားတဲ့နိုင်ငံ၊ မထွန်းကားတဲ့ခေတ် မျိုးမှာ သူတော်ကောင်းတရား နာကြားရဖို့ဆိုတာ မလွယ်လှပါဘူး။ မလွယ်ပုံနဲ့ပတ်သက်တဲ့ ဝတ္ထု ကြောင်းလေး ဖော်ပြပါဦးမယ်။

## တရားနာလိုလှ ဓမ္မသုဒ္ဓရ

ကဿပမြတ်စွာဘုရားရဲ့ သာသနာတော်ကွယ်ပျောက်ပြီးတဲ့နောက်ပိုင်းမှာ ဓမ္မသုဒ္ဓရ အမည်ရှိတဲ့ မင်းကြီးတပါးဟာ ထင်ရှားရှိခဲ့ဖူးပါတယ်။ ဒီမင်းဟာ မင်းကျင့်တရား ၁၀-ပါးနဲ့အညီ မင်းပြုတယ်။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ခဲ့ပြီးတဲ့အကြောင်းကို တဆင့်စကားမျှ ကြားရဖူးတယ်။ သူဟာ ဘုရားဟောတဲ့ တရားတော်ကို အလွန်နာယူချင်စိတ် ဖြစ်ပေါ်နေပါတယ်။ ဒါပေမယ့် တပုဒ်တဂါထာမျှလောက်တောင် ဟောပြောတတ်သူ (ဓမ္မကထိက)ကို မတွေ့ရပါဘူးတဲ့။

ဒါနဲ့ သူဟာ တနေ့မှာ ငွေတစ်ထောင်ထုပ်ကို ဆင်ပေါ်တင်ပြီး "တရားဟောပြောတတ်သူဖြစ်က ဒီအသပြာထောင်ထုပ်ကိုယူပြီး ဘုရင်ကြီးအား တရားလာဟောပါ"လို့ မောင်းကြေးနင်း လည်စေပါတယ်။ ဒီလို တနေ့လုံး မောင်းခတ်ရှာဖွေပေမယ့် တရားဟောမည့်သူ ရှာမတွေ့တာနဲ့ အသပြာထောင်ထုပ်ဟာ မင်းထံ ပြန်ရောက်လာပါတယ်။

ဒုတိယနေ့မှာ မင်းကြီးဟာ မင်းချင်းများအား အသပြာနှစ်ထောင်ထုပ်ကို ဆင်ပေါ်တင်စေပြီး မောင်းလည်ခတ်စေကာ တရားဟောတတ်သူကို ရှာဖွေခိုင်းတယ်။ သူ့စိတ်ထဲမှာ တရားက အဖိုးတန်ပြီး တရားပူဇော်ငွေကနည်းနေလို့သာ ဟောသူထွက်မလာခြင်းဖြစ်တယ်လို့ ထင်နေပါတယ်။ ဒါကြောင့် တရားပူဇော်ခငွေကို တနေ့ တဆတဆ တိုးတိုးပြီး ကြေငြာလာလိုက်ဟာ ၇-ရက်တောင် ရောက်လာပါတယ်။ တရားဟောတတ်သူကိုတော့ ရှာမတွေ့ပါဘူးတဲ့။

မင်းကြီးဟာ တရားနာချင်တဲ့စိတ်ကို မဖြေဖျောက်နိုင်တာနဲ့ တိုင်းပြည်ကို မှူးကြီးမတ်ရာ သေနာပတိများထံ ခေတ္တအပ်နှံထားခဲ့ပါတယ်။ သူကတော့ တရားဟောပြောတတ်သူ ရှာဖွေရန် တယောက်တည်း ခရီးထွက်ခွာသွားပါတယ်။

ဒီမင်းကြီးရဲ့ တရားနာလိုတဲ့ ကုသိုလ်ဆန္ဒပြင်းထန်မှုကြောင့် သိကြားမင်းရဲ့နေရာ မြကျောက် ဖျာဟာ တင်းမာပူပြင်းတဲ့ အခြင်းအရာကို ပြပါသတဲ့။

ဒီမြကျောက်ဖျာဟာ ပင်လယ်ခေါင်ရမ်းပန်းအဆင်းနဲ့ တူတယ်။ အလျားယူဇနာ ၆၀၊ အနံ ယူဇနာ ၅၀၊ အမြင့် ၁၅ ယူဇနာ ရှိတယ်။ အကြောင်းထူးမရှိတဲ့အခါမျိုးမှာ လဲဝါဂွမ်းလို အလွန် နူးညံ့တယ်။ အကြောင်းထူးရှိယင် ပူပြင်းခက်မာတဲ့ အခြင်းအရာကို ပြလေ့ရှိပါတယ်တဲ့။

အခု သိကြားမင်းဟာ သူ့နေရာ မြကျောက်ဖျာ တင်းမာပူပြင်းတဲ့ အခြင်းအရာကို တွေ့သိရ တော့ အခြေအနေ ဆင်ခြင်ကြည့်ပါတယ်။ ဓမ္မသုဒ္ဓရမင်းကြီးခမြာ တရားနာချင်ရှာလွန်းလို့ ထီးနန်းကို စွန့်လွှတ်ပြီး တရားဟောပြောတတ်သူကို လိုက်လံရှာဖွေနေတယ်ဆိုတာကို သိမြင်သွားပါတယ်။ အဲဒီ အချိန်မှာ မင်းကြီးဟာ တောထဲသို့ ရောက်နေပါတယ်။

---

[၂၀] ငွေအသပြာ ထောင်ထုပ်ကို ဆင်ပေါ်တင်ကာ မြို့မောင်းလည်ခတ်ပြီး တရားဟောတတ်သူကို လိုက်လံရှာဖွေနေပုံ။



ဒါနဲ့ သိကြားမင်းဟာ လူ့ပြည်ဆင်းလာတယ်။ ပြီးတော့ မင်းကြီးကို အလိုစမ်းချင်တာနဲ့ သိကြားမင်းက ဘီလူးယောင်ဆောင်ပြီး မင်းကြီးရှေ့မှာ ရင်ဆိုင်ရပ်လာတယ်။

ဘီလူး။ ။အရှင်မင်းကြီး၊ အဖော်မပါပဲ တယောက်တည်း ဘယ်သွားမလို့လဲ။

မင်းကြီး။ ။ကဿပ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတပုဒ်လောက် ဟောပြောတတ်သူကို ရှာဖွေဖို့ ထွက်လာပါတယ်။

ဘီလူး။ ။ငါ တရားနည်းနည်းတော့ ဟောပြောတတ်ပါတယ်။

မင်းကြီး။ ။ဒီလိုဆိုယင် ငါ့ကို တရားဟောပြပါ။

ဘီလူး။ ။အခု ငါ အစာဆာနေသေးတယ်၊ သင့်အသားကိုစားပြီးမှ တရားဟောနိုင်မယ်။

မင်းကြီး။ ။ငါ့အသားကိုစားပြီးမှ တရားဟောယင် ငါ ဘယ်လိုလုပ်ပြီး တရားနာနိုင်တော့မလဲ။ သင်လဲ ငါ့အသားကိုစားရအောင် ငါလဲ တရားနာရအောင် အကြံထုတ်ပါဦး။

မင်းကြီးစကားကို ကြားရတဲ့ သိကြားမင်းဟာ တောင်ချောက်ကြီးတခုကို သူ့တန်ခိုးဖြင့် ဖန်ဆင်းပါတယ်။ မင်းကြီးကို တောင်ထိပ်ပေါ်တက်ခိုင်းတယ်။ သူက တောင်အောက် ချောက်ထဲမှာ

---

[၂၁] တရားနာလိုသူမင်းကြီးသည် တရားဟောမည့်သူ တောင်အောက်ရှိ ဘီလူး၏ ပါးစပ်တွင်းသို့ တောင်ပေါ်မှ ခုန်ဆင်းချနေပုံ။



ရုပ်နေတယ်။ သူ့အစီအစဉ်က သူ့ပါးစပ်ထဲသို့ မင်းကြီးက ခုန်ဆင်း၊ သူက တရားဟောယင်း မင်းကြီးကို ဖမ်းယူစားဖို့ ဖြစ်ပါတယ်။

မင်းကြီးဟာ ဘီလူးရဲ့အစီအစဉ်အတိုင်း တောင်အောက်ရှိ ဘီလူးပါးစပ်ထဲသို့ တောင်ပေါ်မှ ခုန်ချလိုက်ပါတယ်။ ဒါပေမယ့် ဘီလူးယောင်ဆောင်ထားတဲ့ သိကြားမင်းက တရားမဟောပဲ မင်းကြီးကို အသာကလေး မနာမကျင်အောင် ဆီးကြိုပွေ့ယူထားလိုက်ပါတယ်။

မင်းကြီးဟာ အဲဒီနောက်မှ ဘီလူးကို သိကြားဖြစ်မှန်း သိသွားပါတယ်။ သိကြားမင်းအား တရားဟောပြရန် တောင်းပန်ပါတယ်။ သိကြားမင်းက ''အနိစ္စာဝတသင်္ခါရာ''စတဲ့ ဂါထာတပုဒ်ကို ဟောပြပါတယ်။ အခု ဒီဂါထာရဲ့အဓိပ္ပာယ်ကို ဖော်ပြပါမယ်။

''ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ဟာ မမြဲကြဘူး။ ဖြစ်တတ်ပျက်တတ်ကြတယ်။ ဖြစ်ပြီးတာနဲ့ ချုပ်ပျောက်သွားကြတာချည်းပဲ။ ဒီလို ဖြစ်တတ်ပျက်တတ်တဲ့ ရုပ်နာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟာ အမှန်ချမ်းသာတယ်''တဲ့။

အဲဒီ သိကြားမင်း ဟောပြတဲ့ဂါထာဟာ ဒီခေတ် မြန်မာနိုင်ငံမှာဆိုယင် ခဏခဏကြားနေရတဲ့ တရားဂါထာဖြစ်တယ်။ အထူးသဖြင့် အသုဘတိုင်းလိုလိုမှာ ဟောပြောကြ၊ ရွတ်ဆိုကြ၊ ကြားနာနေကြရတဲ့ ဂါထာပါပဲ။

ဒါပေမယ့် သာသနာပအခါမှာဆိုယင် ဒီလိုတရားမျိုး နာရဖို့ မလွယ်လှဘူး ဆိုတာတော့ အထက်ပါဝတ္ထုအရ ထင်ရှားလှပါတယ်။ ဒါကြောင့် မိမိတို့ ဗုဒ္ဓသာသနာတော်နဲ့ ကြုံကြိုက်နေရတဲ့

အခွင့်ကောင်းကို အမြတ်တနိုး အလေးထားကြပြီး သူတော်ကောင်းတရား နာကြားခွင့်ရတိုင်း မပျင်းမရိ နာယူသင့်ကြပါတော့တယ်။

## တရားနာက ကောင်းကျိုးရ

ကဲ-တရားနာရဖို့ခဲယဉ်းကြောင်း ဖော်ပြတဲ့ သာဓကဝတ္ထုကတော့ ပြီးသွားပါပြီ။ သူတော်ကောင်းတရား နာကြားယင် ရနိုင်တဲ့ အကျိုးပြဝတ္ထုကြောင်းလေး ဆက်ကြပါဦးစို့။

သူတော်ကောင်းတရားကို နာယူတာဟာ (ဈာန်မဂ်ဖိုလ်မရမီ ရှေ့ပိုင်း) ဘာဝနာကုသိုလ်နဲ့ အတူတူပင် ဖြစ်ပါတယ်။ လူနတ်နိဗ္ဗာန် သုံးတန်သောအကျိုးကို ပေးစွမ်းနိုင်ပါတယ်။

အခါတပါးမှာ မြတ်စွာဘုရားဟာ စမ္ပာပြည် ဂဂ္ဂရာ ရေကန်အနီးက ကျောင်းတိုက်ကြီးမှာ ရဟန်းတော်များနဲ့အတူ သီတင်းသုံးတော်မူပါတယ်။ တညနေမှာ မြတ်စွာဘုရားဟာ ဂဂ္ဂရာရေကန်အနီးရှိ တရားမဏ္ဍပ်ကြီးမှာ ပရိသတ်လေးပါးတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူနေပါတယ်။

## တရားဟောကြား ထူးခြားချက်များ

မြတ်စွာဘုရား တရားဟောကြားတဲ့အခါ ဖြစ်ပေါ်လေ့ရှိတဲ့ ထူးခြားချက်ကလေးများအနက် အချို့ကို ဖော်ပြပါဦးမယ်။ တရားဟောနေတဲ့ မြတ်စွာဘုရားရဲ့မျက်နှာတော်ဟာ လပြည့်ဝန်းကြီးနဲ့ တူပါသတဲ့။ အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာမှ လပြည့်ဝန်းကို မော်ကြည့်သူ

တိုင်းဟာ လမင်းက မိမိဘက်သို့ချည်း မျက်နှာမူနေတယ်လို့ ထင်ရသလို တရားနာရသူတိုင်းဟာလည်း မြတ်စွာဘုရားက သူ့ကိုကြည့်ပြီးတော့ ဟောနေတယ်လို့ ထင်ရပါသတဲ့။

မြတ်စွာဘုရားဟာ မဂဓဘာသာ (ပါဠိ)ဖြင့် တရားဟောတော်မူမြဲ ဖြစ်ပါတယ်။ ဒါပေမယ့် တရားနာပရိသတ်ထဲမှာ လူမျိုးအသီးသီးပါရှိယင် လူမျိုးတိုင်းဟာ မိမိဘာသာစကားဖြင့် နားလည်ကြပါသတဲ့။ တရုတ်ကလည်း တရုတ်လိုနားလည်တယ်။ ကုလားကလည်း ကုလားလို နားလည်တယ်။ မြန်မာကလည်း မြန်မာလိုနားလည်တဲ့ သဘောပါပဲ။

**အသံတော်ရှစ်ပါး**

ဒါ့အပြင် မြတ်စွာဘုရားရဲ့ အသံတော်ကလည်း အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံပါတယ်။ အဲဒီရှစ်ပါးက တော့ (၁) သန့်ရှင်းခြင်း၊ (၂) သာယာခြင်း၊ (၃) သိလွယ်ခြင်း၊ (၄) နာပျော်ဖွယ်ရှိခြင်း၊ (၅) ဖရိုဖရဲမကြဲခြင်း၊ (၆) လုံးဝန်းခြင်း၊ (၇) နက်နဲခြင်း၊ (၈) ပဲ့တင်ထပ်ခြင်းတို့ ဖြစ်ကြပါတယ်။ ဒါတွေကို ဆိုရမှတ်ရ လွယ်အောင် ဆောင်ပုဒ်ကဗျာလေး စီထားတယ်။ ကဲ–ဆိုကြည့်ကြပါဦးစို့။

သန့်ရှင်း, သာယာ, သိလွယ်, နက်လို့၊ ကြဲဖွာမထွက် လုံးလှတယ်။
နာဖွယ်ရှိပြန် ပဲ့တင်ထပ်သတဲ့၊ ရှင်တော်မြတ်ရဲ့ အသံကွယ်။

---

[၂၂] နွားကျောင်းသားလေးသည် မဏ္ဍပ်တွင်း၌ တရားဟောတော်မူနေသော မြတ်စွာဘုရားနှင့် ပရိသတ်ကို မဏ္ဍပ်အစွန်၌ရပ်ကာ ငေးကြည့်နေပုံ။



**ဓမ္မတရား ဖားနာကြား**

ဒီလို အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ အသံတော်ရှင် မြတ်စွာဘုရားသခင် ဟောကြားနေတဲ့ တရားသံကို ဂဂ္ဂရာရေကန်ထဲက ဖားကလေးတကောင်က ကြားပါတယ်။ ဒါနဲ့ ရေကန်မှ တက်ကာ ပရိသတ်အစွန်မှာ ဝင်ပြီး "ဒါဟာ တရားသံပဲ" ဆိုတဲ့ အမှတ်သညာနဲ့ နာယူနေပါတယ်။ တရားအဓိပ္ပါယ်ကိုတော့ လူတွေလို သေသေချာချာ မသိပါဘူး။

ဒီနေရာမှာ ရေကန်ထဲ၌ အခြားဖားတွေ များစွာရှိနိုင်ပါလျက်နဲ့ ဒီဖားလေး တကောင်တည်း တရားနာတာကတော့ ဒီတရားပွဲကြီးကို မြတ်စွာဘုရားသခင် ဆင်ယင်ကျင်းပခြင်းဟာ ဒီဖားကလေးရဲ့ အကျိုးကို မျှော်ကိုးတာလည်း ပါဝင်လို့ပါပဲ။

အဲဒီခဏမှာပဲ နွားကျောင်းသားလေးတယောက်ဟာ တုတ်တချောင်းကိုင်ကာ တရားမဏ္ဍပ်အစွန်နားရောက်လာပါတယ်။ သူဟာ မြတ်စွာဘုရား တရားဟောကြားနေပုံ၊ လူတွေငြိမ်ပြီး ရိုရိုသေသေ တရားနာကြားနေကြပုံတွေကို ရပ်ကြည့်ယင်း လက်ထဲက တုတ်ကလေးကို အမှတ်မထင် မြေပြင်ပေါ် ထောက်ချလိုက်ပါတယ်။ သူ့တုတ်ဟာ တရားနာနေတဲ့ ဖားကလေးရဲ့ခေါင်းပေါ် ဖိမိရက်သား ဖြစ်သွားတယ်။ ဒါကို သူကတော့ မသိပါဘူး။

**ဖားဘဝမှ နတ်ဖြစ်ရ**

အဲဒီ ဖားကလေးဟာ နွားကျောင်းသားရဲ့ တုတ်ဒဏ်ကြောင့် အသက်ထွက်ခဲ့ရပါတယ်။ ဒါပေမယ့် တရားနာယူနေယင်း သေခဲ့ရတာဖြစ်လို့ ချက်ချင်းပင် တာဝတိံသာနတ်ပြည်မှာ ဆယ့်

နှစ်ယူဇနာရှိတဲ့ ရွှေဗိမာန်ရှင်နတ်သား သွားဖြစ်ပါတယ်။ အခြံအရံနတ်သမီးတွေကလည်း အလွန်များပါသတဲ့။

ဒီဖားနတ်သားလေးဟာ သူ့ကိုယ်သူ ပြန်လည်ဆင်ခြင်ကြည့်တဲ့အခါ ဖားဘဝက တရားနာခဲ့ရလို့ ဒီလိုနတ်စည်းစိမ်ကို ရရှိခြင်းဖြစ်တယ်ဆိုတာ သိရှိသွားပါတယ်။ ဒါနဲ့ သူဟာ ချက်ချင်းပဲ အခြွေအရံများနဲ့အတူ မြတ်စွာဘုရားရှိရာသို့ ဆင်းသက်လာခဲ့ပါတယ်။ ရောက်တဲ့အခါ ဗိမာန်ပေါ်မှ ဆင်းပြီး မြတ်စွာဘုရားရဲ့ ခြေတော်စုံကို ရိုသေစွာ ဦးတိုက်ရှိခိုးပြီး သင့်တင့်ရာမှာ ရပ်နေပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ကြီးကျယ်သော တန်ခိုး၊ များပြားသောအခြံအရံ၊ ထွန်းပြောင်သော ကိုယ်ရောင်ကိုယ်ဝါဖြင့် လာရောက်ရှိခိုးသူဟာ ဘယ်သူလဲ" လို့ မေးတော်မူပါတယ်။ ဒီလိုမေးတာကတော့ မသိလို့မေးတာ မဟုတ်ပါဘူး။ တရားနာပရိသတ်များအား ကံ, ကံရဲ့ အကျိုးနဲ့ မြတ်စွာဘုရားရဲ့ အာနုဘော်တို့ကို မျက်ဝါးထင်ထင် သိစေချင်လို့ မသိဟန်ဆောင်ပြီး မေးတော်မူခြင်းသာ ဖြစ်ပါတယ်။

ဒီတော့ ဖားနတ်သားက "တပည့်တော်ဟာ ရေမှာပေါက်ဖွားပြီး၊ ရေမှာပျော်ပါး ကျက်စားခဲ့တဲ့ ဖားကလေးဖြစ်ခဲ့ဖူးပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူနေစဉ် နွားကျောင်းသားရဲ့ တုတ်ချက်ကြောင့် အသက်ပျောက်ခဲ့ရပါတယ်။ တခဏတာမျှ တရားနာခဲ့ရလို့ တာဝတိံသာနတ်ပြည်မှာ ရွှေဗိမာန်ရှင်နတ်သား ဖြစ်နေပါတယ်။ တရားနာယူခဲ့ရတဲ့ကုသိုလ်ကြောင့် တပည့်တော်ရရှိတဲ့ နတ်စည်း

စိမ်အခြံအရံနဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကို မြတ်စွာဘုရား ရှုစားတော်မူပါ”လို့ ဝမ်းမြောက်စကား လျှောက်ထားပါတယ်။ ဒီအခါ တရားနာပရိသတ်တွေဟာ အားလုံး မြင်နေ ကြားနေကြရပါတယ်။

ဖားနတ်သားလေးဟာ ဝမ်းမြောက်စကား လျှောက်ထားနေရာမှ ဖားဘဝလို ယုတ်ညံ့တဲ့ အပါယ်ဘုံမျိုး ပြန်ရောက်ရမှာ တွေးကြောက်သွားသလား မပြောတတ်ပါဘူး။ စကားလမ်းကြောင်း ပြောင်းသွားတာတွေ့ရပါတယ်။ ပြောင်းသွားပုံက “ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားရဲ့ တရားဘော်တွေကို နေ့ပေါင်းများစွာ၊ ရက်ပေါင်းများစွာ နာကြားခွင့်ရကြတဲ့ သူတော်ကောင်း တွေမှာတော့ သေခြင်းကင်းရာ မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သွားကြပါပြီ။ စိုးရိမ်ခြင်းလည်း ကင်းပျောက်သွားကြပါပြီ”တဲ့။

သူ့စကားက တရားတော်ကို အကြိမ်များစွာ နာကြားခွင့်ရကြတဲ့ သူတော်ကောင်းများမှာ နိဗ္ဗာန်ရကြပါပြီ။ သူ့မှာတော့ တခဏမျှသာ တရားနာရလို့ နတ်စည်းစိမ်လောက်သာ ရရှိပါသေး တယ်။ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးဘူး။ အပါယ်ဘေးက မကင်းဝေးနိုင်သေးဘူးလို့ ဆိုလိုရိပ် ပါရှိနေပါတယ်။

ဒါနဲ့ မြတ်စွာဘုရားက ရောက်ရှိနေကြတဲ့ပရိသတ်နဲ့ရော၊ ဖားနတ်သားလေးနဲ့ပါ သင့်လျော် တဲ့ တရားဘော်ကို ရွေးချယ်ဟောကြားတော်မူပါတယ်။ တရားပွဲအပြီးမှာ လူအများအပြားဟာ အကျွတ်တရားရသွားကြပြီး၊ ဖားနတ်သားလေးလည်း သောတာပန်ဖြစ်သွားရပါတယ်။

[၂၃] ဖားနတ်သားလေးက သူ့အဖြစ်ကို မြတ်စွာဘုရားအား ပြန်လည်လျှောက်ထားနေပုံ။



၂။ သောတာပန်ဖြစ်သွားတယ်ဆိုတော့ ဖားဘဝလို ယုတ်ညံ့တဲ့ဘဝမျိုး ပြန်မရောက်တော့ပဲ အပါယ်လေးပါးဘေးက ထာဝစဉ် ကင်းဝေး လွတ်မြောက်သွားတော့တာပေါ့။ ဖားနတ်သားလေးဟာ ဒီလိုနတ်စည်းစိမ်လည်း စံစားရ၊ အရိယာလည်း ဖြစ်သွားရတာဟာ ဖားဘဝက "ဓမ္မသဝနကုသိုလ်ပန်း" ဆင်းမြန်းခဲ့ရလို့ ဖြစ်ပါတယ်။

ကဲ....ဓမ္မသဝနအကြောင်း ရပ်နားပြီး၊ သူနဲ့အုပ်စုတူ ဓမ္မဒေသနာအကြောင်း ဆက်ကြပါဦးစို့။

## တရားဟောပြ ကောင်းကျိုးရ

မဂ်ဖိုလ်နိဗ္ဗာန် ရရာရကြောင်း သူတော်ကောင်းတရားများကို အဖိုးအခ အကျော်အစော စသည်ကို မမျှော်မှန်းပဲ စေတနာသန့်သန့်ဖြင့် ရိုးရိုးသားသား ဟောကြားပြသတာဟာ ဓမ္မဒေသနာကုသိုလ်ဖြစ်ပါတယ်။ ဒီကုသိုလ်ဟာ (ဈာန်မဂ်ဖိုလ်မရမီ ရှေ့ပိုင်း) ဘာဝနာကုသိုလ်နဲ့ အတူတူပါပဲ။

အပြစ်ကင်းတဲ့ နှုတ်မှုပညာ လက်မှုပညာရပ်တွေကို စေတနာကောင်းနဲ့ သင်ပြပေးတာဟာလည်း ဓမ္မ ဒေသနာထဲမှာ အကျုံးဝင်တယ်လို့ ကျမ်းဂန်များမှာ ပြကြပါတယ်။

ဒီလို ဓမ္မဒေသနာ ကုသိုလ်ပန်း ဆင်မြန်းသူဟာ လူ့,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာကို ရရှိနိုင်ပါတယ်။ အထူးအားဖြင့် သူများတကာထက် ထူးခြားမြင့်မြတ်သူ ဖြစ်ရပါတယ်တဲ့။

## လောကထွတ်ထား မြတ်ဘုရား

မြတ်စွာဘုရားရဲ့ ယောကျ်ားမြတ်လက္ခဏာ ( ၃၂ ) ပါးထဲမှာ "ခြေဖမျက်မြင့်ခြင်း၊ အထက်သို့ ကော့တက်သော မွေးညင်းများရှိခြင်း" တို့လည်း အပါအဝင် ဖြစ်ပါတယ်။

ဒီလက္ခဏာရှင်များဟာ လူအဖြစ်နဲ့နေယင် စကြာမင်းဖြစ်နိုင်တယ်။ စကြာမင်းဆိုတာ လူသားအားလုံးတို့ထက် အမြင့်မြတ်ဆုံး၊ အချီးမွမ်းအပ်ဆုံး မင်းဖြစ်ဘယ်။ ရဟန်းပြုယင် ဘုရားဖြစ်နိုင်တယ်။ ဘုရားဆိုတာ ရှိသမျှ သတ္တဝါအားလုံးတို့ထက် အထူးခြားဆုံး၊ အမြင့်မြတ်ဆုံး၊ အချီးမွမ်းအပ်ဆုံး ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်ပါတယ်။ ဘယ် လူမင်း, နတ်ခင်း, ဗြဟ္မာမင်းတွေကမှ မြတ်စွာဘုရားကို မယှဉ်ပြိုင်နိုင်ပါဘူး။

အခါတပါးမှာ မြတ်စွာဘုရားဟာ ဥက္ကဋ္ဌမြို့ သုဘဂတောအုပ်အတွင်း အင်ကြင်းပင်မင်း အရင်းဝယ် သီတင်းသုံး စံနေတော်မူပါတယ်။ အဲဒီအခါ အယူလမ်းလွဲလိုက်နေသူ ဗကဗြဟ္မာကြီးဟာ အကြံမှား ကြံစည်နေတာကို သိမြင်တော်မူတာနဲ့ တရားဟောပြရန် ဗကဗြဟ္မာကြီးထံသို့ မြတ်စွာဘုရား ကြွသွားတော်မူခဲ့ပါတယ်။

## ဗကဗြဟ္မာ ခရီးဦးကြိုလှာ

ဗကဗြဟ္မာဟာ မြတ်စွာဘုရား 'ကြွလာတာကို မြင်တဲ့အခါ "အရှင်မြတ် ကြွပါ၊ အရှင်မြတ် ကြွလာခြင်းဟာ ကောင်းတဲ့လာခြင်း ဖြစ်ပါတယ်။ အရှင်မြတ် လာဖို့ကောင်းတာ ကြာပါပြီ။

ဒီကိုယ်နဲ့ ဒီဗြဟ္မာဘုံဟာ မြဲတယ်၊ ခိုင်ခံ့တယ်၊ တည်တံ့တယ်၊ သီးသန့်ဖြစ်တယ်၊ ရွေ့လျားခြင်းမရှိပါ။ ဒီဘုံမှာ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ သေပြီး ထပ်ဖြစ်သူလည်း မရှိပါ။ ဒီကိုယ်နဲ့ ဒီဘုံမှတပါး အခြား ထွက်မြောက်ရာ မရှိပါ”ဆိုတဲ့ စကားမျိုးကို ပြောကြားယင်း မြတ်စွာဘုရားအား ခရီးဦး ကြိုဆိုမှု ပြုပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက “အချင်းတို့၊ ဗကဗြဟ္မာဟာ အလွန်မိုက်မဲသူပဲ။ သူဟာ မမြဲတာကို မြဲတယ်၊ မခိုင်ခံ့တာကို ခိုင်ခံ့တယ်၊ မတည်တံ့တာကို တည်တံ့တယ်၊ သီးသန့်မဟုတ်တာကို သီးသန့်ဟုတ်တယ်၊ ရွေ့လျောတတ်ဘာကို မရွေ့လျောတတ်လို့ ပြောတယ်။ ဒီဘုံမှာ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ သေပြီး အသစ်ထပ်ဖြစ်သူ ရှိပါလျက် မရှိဘူးလို့ ပြောတယ်။ ဒီဘုံမှဘပါး အခြားဘုံတွေ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေ ရှိနေပါလျက် ဒီဘုံသာ ထွက်မြောက်ရာဖြစ်တယ်လို့ ပြောတယ်။ ဒီ ဗကဗြဟ္မာဟာ အလွန်မိုက်မဲသူဖြစ်တယ်”လို့ အခြားဗြဟ္မာများရှေ့မှာ ဗကအား အပြစ်တင်စကား မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရားရဲ့ အပြစ်တင်စကားကို ကြားရတဲ့အခါ ဘုရားနောက်သို့ အမြဲတမ်းလိုလိုတိတ်တဆိတ်နောက်ယောင်ခံလိုက်နေသူ မာရ်နတ်မိုက်က အလုပ်အကျွေးဗြဟ္မာငယ်တဦးကို ဝင်ပူးပြီး “အသင်ရဟန်း၊ ဗကဗြဟ္မာကြီးကို ဒီလို ထိခိုက်ပြီး မပြောလိုက်ပါနဲ့။ ဒီဗြဟ္မာမင်းကြီးဟာ တန်ခိုးရှင်ဖြစ်တယ်။

---

[၂၄] မဟာဗြဟ္မာ့ဘုံသို့ ကြွရောက်ခဲ့တော်မူလာသော မြတ်စွာဘုရားကို ဗကဗြဟ္မာကြီးက ခရီးဦးကြိုပြုနေပုံ။



လောကကို ဖန်ဆင်းတတ်တယ်။ သတ္တဝါတွေကို စီမံတတ်သူ၊ လွှမ်းမိုးနိုင်သူ ဖြစ်တယ်။ သတ္တဝါတွေရဲ့ အဖလည်း ဖြစ်တယ်” စတဲ့ စကားမျိုးနဲ့ ဗကဘက်က ရပ်တည် ပြောကြားလာပါတယ်။

ဒါပေမယ့် မြတ်စွာဘုရားက မာရ်နတ်ယုတ်ဖြစ်ကြောင်း ဖော်ထုတ်မိန့်ကြားပြီး သူ့စကားကို ဟန့်တား ပယ်ရှားပစ်တော်မူပါတယ်။

အဲဒီနောက် ဗကဗြဟ္မာကြီးက “အရှင်မြတ်၊ ကျွန်ုပ်ဟာ မြဲဘာကိုသာ မြဲတယ်၊ ခိုင်ခံ့တာကို သာ ခိုင်ခံ့တယ်၊ တည်တံ့သာကိုသာ တည်တံ့တယ်၊ သီးသန့်ဖြစ်တာကိုသာ သီးသန့်ဖြစ်တယ်၊ ရွေ့လျောခြင်းမရှိလို့သာ ရွေ့လျောခြင်းမရှိလို့ဆိုတာ ဖြစ်တယ်။ ဖြစ်သူ၊ အိုသူ၊ သေသူ၊ သေပြီး ထပ်ဖြစ်သူ မရှိလို့သာ မရှိလို့ဆိုတာ ဖြစ်တယ်။ ဒီဘုံမှတပါး အခြားထွက်မြောက်ရာ မရှိလို့သာ ထွက်မြောက်ရာမရှိလို့ ဆိုတာ ဖြစ်တယ်” စသည်ဖြင့် သူ၏ တည်မြဲအယူမှား (သဿတမိစ္ဆာဒိဋ္ဌိ) ကို သူကိုယ်တိုင် အခိုင်အမာ ခုခံကာကွယ် ပြောကြားပါတယ်။

## အယူမှားဝင် ဖန်ဆင်းရှင်

ဒီ ဗကဗြဟ္မာဟာ အလွန်တန်ခိုးကြီးသူဖြစ်တယ်။ စကြဝဠာ ကမ္ဘာပေါင်း တစ်ထောင်အတွင်းမှာ သတ္တဝါတို့ရဲ့ ဖြစ်မှုပျက်မှု မှန်သမျှကို အကုန်အစင် သိမြင်နိုင်သူဖြစ်တယ်။ အခြံအရံလည်း များတယ်။ အခြံအရံ ဗြဟ္မာများ၊ အခြားဗြဟ္မာငယ်များက သူ့ကို အမြဲဘမ်းတည်သူ “ဖန်ဆင်းရှင်” လို့တောင် ထင်နေကြတယ်။ သူကိုယ်တိုင်လည်း ဒီအတိုင်းပဲ အထင်မှားနေပါတယ်။ ဒီလို အထင်မှား

တာဟာ သူ့ရဲ့ အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောင်းသတိမရနိုင်တော့ပဲ မေ့လျော့သွားလို့ ဖြစ်ပါတယ်။

သူဟာ ရှေး လူဖြစ်စဉ်က ရသေ့လုပ်ပြီး စျာန်ရအောင် အားထုတ်ခဲ့ဖူးတယ်။ အဲဒီဘဝက သေတော့ အထက် (စတုတ္ထစျာန်) ဗြဟ္မာဘုံမှာ သွားဖြစ်တယ်။ အဲဒီဘုံက စုတေတော့ အောက် (တတိယစျာန်)ဗြဟ္မာဘုံမှာ ဖြစ်ပြန်တယ်။ တဖန် အဲဒီဘုံက သေတော့ အောက်(ဒုတိယစျာန်)ဗြဟ္မာဘုံမှာ ဖြစ်ပြန်တယ်။

ဒီလို အထက် အထက် ဗြဟ္မာဘုံတွေမှ အောက် အောက် ဗြဟ္မာဘုံတွေမှာ ပြောင်းပြောင်းဖြစ်လာလိုက်တာ နောက်ဆုံးမှာ လက်ရှိ(ပထမစျာန်)မဟာဗြဟ္မာဘုံ ရောက်လာတယ်။ ကာလအနေနဲ့ ပြောရယင် ကမ္ဘာပေါင်း ရာပေါင်းများစွာကြာအောင် ဗြဟ္မာဘုံအမျိုးမျိုးမှာ ဖြစ်လာခဲ့သူပါပဲ။

ယခု လက်ရှိဘုံရောက်စတုန်းကတော့ သူဟာ သူ့ရဲ့အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံနဲ့ ပြောင်းလဲဖြစ်လာခဲ့ရတဲ့ ဗြဟ္မာဘုံတွေကို ပြန်ပြောင်း သတိရပါသေးတယ်။ ဒါပေမယ့် ဒီဘုံမှာ ကြာလာတဲ့အခါ အတိတ်အကြောင်းအရာတွေကို ပြန်ပြောင်းသတိမရတော့ပဲ လုံးဝ မေ့ပျောက်ကုန်ပါတယ်။ ဒါနဲ့ သူဟာ အလွန်အားကြီးတဲ့ "တည်မြဲအယူမှား"ကို စွဲစွဲမြဲမြဲ ယူမှားမိသွားခြင်းပါပဲ။

သူ့ရဲ့ ခုခံပြောကြားတဲ့စကားကို ကြားတော့ မြတ်စွာဘုရားက "ဗကဗြဟ္မာ၊ သင်ဟာ စကြဝဠာ ကမ္ဘာပေါင်းတစ်ထောင်အတွင်းမှာ ဖြစ်တာပျက်တာလောကကိုသာ သိနိုင်သူဖြစ်တယ်၊ ငါဘုရားက သည့်ထက်ပိုသိတယ်။ သင်ဟာ ဒီဘုံမှတပါး အခြားဗြဟ္မာဘုံတွေ ရှိသေးတာ၊ မဂ်ဖိုလ်နိဗ္ဗာန်တရား

တွေ့ ရှိသေးတာကို မသိပေမယ့် ငါဘုရားကတော့ အကုန်သိတယ်။ သင်သိတာကိုလည်း ငါအကုန်သိတယ်။ သင်မသိတာတွေကိုလည်း ငါအကုန်သိတယ်။ သင်ရဲ့ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံ အကြောင်းရော၊ သင် ကျင်လည်လာခဲ့တဲ့ ဗြဟ္မာဘုံတွေကိုရော ငါ အကုန်သိတယ်''လို့ မိန့်ကြားပါတယ်။

ဒါ့အပြင် ဗကရဲ့ပန်ကြားချက်အရ သူ့ရဲ့အတိတ်ဇာတ်ကြောင်းစုံကို လက်ရှိ ဗြဟ္မာဘုံ ရောက်လာတဲ့အထိ မြတ်စွာဘုရားက အကုန်လုံး မြန်လည် ဟောပြတော်မူပါတယ်။

## ဘုရားကိုပြိုင် ဘယ်သူမှမနိုင်

အဲဒီအခါ ဗကဗြဟ္မာဟာ ဘာမျှပြောစရာမကျန်တော့ဘူး။ အရှုံးကြီးရှုံးသွားတယ်။ ဒါပေမယ့် သူ့ရဲ့အရှုံးကို ဖုံးကွယ်တဲ့အနေနဲ့ ကိုယ်ရောင်ဖျောက်ပြိုင်ကြဖို့ မြတ်စွာဘုရားကို စိမ်ခေါ်ပါတယ်။ မြတ်စွာဘုရားကလည်း သဘောတူစကား မိန့်ကြားတော်မူပါတယ်။

ဗြဟ္မာကိုယ်ဟာ (၁) ပကတိကိုယ် (၂) ဖန်ဆင်းကိုယ်ရယ်လို့ နှစ်မျိုးရှိတယ်။ ပကတိကိုယ်က အလွန့်အလွန်သိမ်မွေ့နူးညံ့လို့ (ဘုရားအပါအဝင်) လူသားတွေ မမြင်နိုင်ဘူး။ ဖန်ဆင်းကိုယ်ကိုသာ လူသားတွေ မြင်နိုင်တယ်။

---

[၂၅] မြတ်စွာဘုရားနှင့် ကိုယ်ရောင်ဖျောက်ပြိုင်သူ ဗကဗြဟ္မာကြီးသည် ဘုရားရှေ့၌ ကိုယ်ရောင်ဖျောက်မရ၍ ခပ်ကုပ်ကုပ်ကလေး ထိုင်နေပုံ။



အခု ဗကပြဟ္မာကြီး မြတ်စွာဘုရားကို လက်ခံတွေ့ဆုံနေတာဟာ ဖန်ဆင်းကိုယ်နဲ့ လက်ခံတွေ့ဆုံနေခြင်းဖြစ်တယ်။ ပြဟ္မာက ကိုယ်ရောင်ဖျောက်တယ်ဆိုတာ ဖန်ဆင်းကိုယ်မှ ပကတိကိုယ်ဖြစ်အောင် ပြန်ပြောင်းခြင်းပါပဲ။

ဗကပြဟ္မာဟာ မြတ်စွာဘုရားကို တန်ခိုးပြိုင်တဲ့အနေနဲ့ ဘုရားရှေ့မှာ ကိုယ်ရောင်ဖျောက်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် မြတ်စွာဘုရားရဲ့အဓိဋ္ဌာန်ကြောင့် သူဟာ ကိုယ်ရောင်ဖျောက်လို့ မရဘူး။ တဖန် သူဟာ ကိုယ်ပျောက်သွားဖို့ အမိုက်မှောင်ကြီး ဖန်ဆင်းကြည့်တယ်။ ဒါလည်းဖန်ဆင်းလို့မရဘူး။ ဒါနဲ့ လုပ်မိလုပ်ရာလုပ်တဲ့အနေနဲ့ ဗိမာန်တွင်းမှာ ဝင်ပုန်းကြည့်တယ်။ ပဒေသာပင်အောက်မှာ ဝင်ပုန်းကြည့်တယ်။ နောက်ဆုံးမှာ ဘယ်လိုမှပုန်းမရတာနဲ့ ခပ်ကုပ်ကုပ်ကလေး ထိုင်နေရှာတယ်။

ဒီတော့ အခြားပြဟ္မာတွေက "ဗကပြဟ္မာကြီး၊ သင်ဟာ ကိုယ်ရောင်ပျောက်အောင် လုပ်နေတယ်။ မိမိကိုယ်မိမိ ပုန်းနေတယ်ဆိုတာကိုမှ သတိရရဲ့လား"လို့ သျှောင်ပြောင်စကား ပြောကြားကြပါတယ်။

ဒီလို ဗကပြဟ္မာကြီး ကိုယ်ရောင်ဖျောက်မရ၊ ပုန်းမရလို့ လက်မှိုင်ချနေတော့မှ မြတ်စွာဘုရားက "ကဲ....ဗက၊ သင်ပုန်းလျှည့်တော့ ပြီးသွားပြီ။ ငါ့အလှည့်ရောက်ပြီ။ ငါကိုယ်ရောင်ဖျောက်ပြတော့မယ်" လို့ မိန့်ကြားပြီး ဗကရော အခြားပြဟ္မာတွေပါမမြင်နိုင်အောင် ကိုယ်ရောင်ဖျောက်ပြတော်မူပါတယ်။

မြတ်စွာဘုရားရဲ့ ကိုယ်ရောင်ပျောက်သွားပြီးနောက် ချက်ချင်း ဆိုသလိုပင် "ဘဝမှန်သမျှမှာ ပဋိသန္ဓေ၊ အို၊ နာ၊ သေဘေးတွေ မကင်းဘူး။ ဘဝကင်းရာ နိဗ္ဗာန်ကို ရှာဖွေရမှာ လမ်းမှားလိုက်

နေသူများ၊ ဘဝအမျိုးမျိုးမှာ ဖြစ်နေကြတာကို ငါဘုရား သိမြင်တော်မူတယ်။ ဒါကြောင့်လည်း ငါဘုရားတော့ ဘယ်ဘဝကိုမှ မြတ်တဲ့အနေနဲ့ အထင်မမှားတော့ဘူး။ ဘဝအပေါ် စွဲလမ်းနှစ်သက်မှု မှန်သမျှကိုလည်း အမြစ်လှန် အစဖြတ် အကြွင်းမဲ့ ပယ်သတ်ပြီးပြီ" စတဲ့ မြတ်စွာဘုရားရဲ့ တရားဟော ပြောသံကို ဗြဟ္မာတွေ ကြားရပါတယ်။ ဘုရားကိုတော့ သူတို့ လုံးဝ မမြင်ကြရပါဘူး။

မြတ်စွာဘုရားရဲ့ တရားဟောအပြီးမှာ ဗြဟ္မာအပေါင်း တစ်သောင်းလောက် အကျွတ်တရား ရသွားကြပါတယ်။ ဒီတော့မှ ဗကနှင့်တကွ ဗြဟ္မာပရိသတ်က မြတ်စွာဘုရားအား အမျိုးမျိုးချီးကျူး စကား ပြောကြားကြပါတယ်။

ဒီ ဗကတို့လို ဖန်ဆင်းရှင်လုပ်နေသူ တန်ခိုးကြီးဗြဟ္မာမင်းများကတောင် မြတ်စွာဘုရားကို မယှဉ်နိုင်အောင်ဖြစ်ရတာ ဘာကြောင့်လဲဆိုယင် မြတ်စွာဘုရားဟာ ရှေးရှေး အလောင်းတော်ဘဝ တွေမှာ မြတ်ကုသိုလ်ပန်း ဆင်မြန်းခဲ့လို့ ဖြစ်ပါတယ်။

ရှေးရှေး ဘဝပေါင်းများစွာမှာ ဘုရားအလောင်းဟာ အခြားသူများအား ကုသိုလ်(၁၀)ပါး သူတော်ကောင်းတရားများကို စေတနာကောင်းနဲ့ ဟောပြောပြသခဲ့ဖူးပါတယ်။ ဒါကြောင့် အခုလို လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် အမြင့်မြတ်ဆုံး၊ အထူးခြားဆုံး၊ အချီးမွမ်းအပ်ဆုံး ဖြစ်ရခြင်း ပါပဲ။ အကြောင်းမဲ့သက်သက် အလိုအလျောက် ဖြစ်လာရခြင်း မဟုတ်ပါဘူး။ ဒီလောက်ဆိုယင် "ဓမ္မ ဒေသနာ ကုသိုလ်ပန်း" ဆင်မြန်းသင့်ကြောင်း သိသာလောက်ပါပြီ။

ကဲ.. ဓမ္မဒေသနာအကြောင်း ဒီမျှနဲ့ရပ်နားပြီး ဒိဋ္ဌုဇုကမ္မအကြောင်း ဆက်ကြပါဦးစို့။

## အယူဖြောင့်က ကောင်းကျိုးရ

ဒိဋ္ဌိဇုကမ္မဆိုတာ အယူဖြောင့်အောင် ပြုမှု ဖြစ်ပါတယ်။ ဒီနေရာမှာ အယူဖြောင့်အောင် ပြုမှု ဆိုတာ ကံ၊ ကံရဲ့ အကျိုးကို ယုံကြည်တဲ့ (ကမ္မဿကတာ) ဉာဏ်ဖြစ်တာကို ဆိုလိုခြင်းပါပဲ။

ဒါန သီလ စတဲ့ အခြားအခြား ကုသိုလ်တရားတွေကို ပြုလုပ်တာဟာ ကံ၊ ကံရဲ့ အကျိုးကို ယုံကြည်မှုရှိလို့သာ ဖြစ်တယ်။ ဒါကြောင့် ဒီလိုအယူဖြောင့်တာဟာလည်း လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကို ရစေနိုင်ပါတယ်။ ဒါနဲ့သက်ဆိုင်တဲ့ ဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

## အယူလွဲမှား ဆိုးယုတ်ပွား

ငါးရာ့ငါးဆယ် ဇာတ်ပါဠိ လောမဟံသဇာတ်မှာ အယူမှားကို ဘုရားအလောင်းကိုယ်တိုင် စမ်းသပ်လိုက်စားခဲ့ဖူးတာ တွေ့ရှိရပါတယ်။ ဒီကမ္ဘာမှ နောက်ပြန်ရေတွက်ယင် ၉၁-ကမ္ဘာမြောက်မှာ ဘုရားအလောင်းဟာ အလွန်ပြင်းထန်တဲ့ အယူမှားကိုလိုက်စားခဲ့သူ အာဇီဝက တက္ကတွန်းတဦး ဖြစ်ခဲ့ ဖူးပါတယ်။

သူဟာ "အလွန့်အလွန်ခြိုးခြံမှုရှိသူ၊ အလွန့်အလွန် ခေါင်းခေါင်းပါးပါးကျင့်သူ၊ အလွန့် အလွန် စက်ဆုပ်ဖွယ်ရှိသူ၊ အလွန့်အလွန် ဆိတ်ငြိမ်ရာမှာနေရဲ့သူ" ဖြစ်ရမယ်ဆိုတဲ့အကြံနဲ့ အယူမှား ကို လိုက်စားခဲ့ခြင်းပါပဲ။

ကြံရွယ်ချက်အတိုင်းပဲ သူဟာ အဝတ် လုံးဝမဝတ်ပဲ ကိုယ်တုံးလုံးနေပါတယ်။ တကိုယ်လုံးမှာ မွှေးမွှေးတွေအလိမ်းလိမ်းကပ်ပြီး ညစ်ပတ်ပေရေနေပါတယ်။ အဖော်မမှီး တဦးတည်းနေပါတယ်။ တောသမင်ရိုင်းတွေဟာ လူရိပ်မြင်တာနဲ့ ဖြတ်ကနဲလန့်ပြေးသလို သူလည်း လူတွေကို ရိပ်ကနဲမြင်တာနဲ့ ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ထွက်ပြေးပါတယ်။ လူမြင်မခံပဲ တောထဲမှာသွားနေတယ်။ စားတဲ့အစားအစာကလည်း အလွန်ဖောက်ပြန်ပြီး စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါတယ်။ အများအားဖြင့် သူဟာ နွားချေးစတဲ့ အညစ်အကြေးတွေကို စားလေ့ရှိပါတယ်။

သူသွားနေတဲ့ တောအုပ်ကြီးကလည်း အင်မတန်ကြောက်စရာကောင်းပါတယ်။ သာမန်လူသားများဆိုယင် အထဲဝင်လိုက်ရုံနှင့် ကျောချမ်းပြီး ကြက်သီးတဖြန်းဖြန်း ထသွားလောက်အောင် ကြောက်မက်ဖွယ်တောကြီးဖြစ်ပါတယ်။ ဒီလို တောကြီးမျက်မည်းထဲမှာ တယောက်တည်းနေတာဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေမိအောင် ရည်ရွယ်ချက်နဲ့ တမင်နေခြင်းဖြစ်ပါသတဲ့။

ဆောင်းရာသီ အလွန်အေးပြီး ဆီးနှင်းတွေ အလွန်အမင်းကျတတ်တဲ့ အချိန်မျိုးမှာ ညဦးအခါ တောအုပ်ထဲမှာထွက်ပြီး လေတဟူးဟူးတိုက်နေတဲ့ (လွင်တီးခေါင်) အကာအကွယ်မဲ့ လွင်ပြင်မှာ အဝတ်မဝတ်၊ မီးမလှုံပဲ နေတယ်။ သူ့တကိုယ်လုံးဟာ ဆီးနှင်းရည်တွေ စိုရွှဲနေပါတယ်။ နေထွက်လာလို့ ဆီးနှင်းတွေပျောက်ကုန်မှ တောထဲပြန်ဝင်သွားတယ်တဲ့။ တောထဲမှာလည်း သစ်ပင်တွေပေါ်မှစီးကျ

လာတဲ့ ရေပေါက်တွေကြောင့် သူ့တကိုယ်လုံး စိုစွတ်ကုန်ပြန်ပါတယ်။ ဒီလို အအေးဒဏ်ကို အပြင်းအထန်ခံပြီး အကျင့်မှားကို စမ်းသပ် လိုက်စားခဲ့ဖူးပါတယ်တဲ့။

နွေရာသီ ချစ်ချစ်တောက်ပူပြင်းတဲ့အချိန်မျိုးမှာ နေ့အခါ တောအုပ်ထဲမှထွက်လာပြီး နေပူရှိန် လေပူရှိန် အလွန်ပြင်းလှတဲ့ အကာအကွယ်မဲ့ လဟာပြင်မှာ ကိုယ်လုံးတီးနဲ့ ငုတ်တုတ်ကြီးထိုင်နေတယ်။ သူ့တကိုယ်လုံးဟာ နေပူရှိန်ကြောင့် ချွေးပြိုက်ပြိုက်ကျနေပါတယ်။ ညအချိန်ရောက်မှ တောနက်ထဲပြန်ဝင်တယ်။ တောထဲမှာလဲ လေကမတိုက်တော့ ပူအိုက်ပြီး ချွေးပြိုက်ပြိုက် ထပ်ကျပြန်တယ်။ ဒီလို အပူဒဏ်ကို အပြင်းအထန်ခံပြီးတော့လည်း အကျင့်မှားကို လိုက်စားခဲ့ဖူးပါတယ်တဲ့။

သူဟာ ဒီလိုအကျိုးမဲ့အယူမှားကို လိုက်စားနေပေမယ့် တကယ့်အကျင့်မှန် အကျင့်မြတ်ကို ကျင့်ကြံနေတယ်လို့ အထင်ရောက်နေတယ်တဲ့။ "ငါဟာ နေပူချိန်မှာ အပူဒဏ်ကိုခံနိုင်တယ်။ အေးချိန်မှာ အအေးဒဏ်ခံနိုင်တယ်။ ကြောက်မက်ဖွယ်တောထဲမှာ တယောက်တည်း နေရဲတယ်။ ချမ်းပေမယ့် အဝတ်မဝတ်၊ မီးမလှုံပဲနေနိုင်တယ်။ ငါဟာ တကယ့်အကျင့်မြတ်ကို ရှာမှီးကြိုးကုတ် အားထုတ်သူ ရဟန်းမြတ်ဖြစ်ပြီ"လို့ အထင်ရောက်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်တဲ့။

---

[၂၆] အယူမှားလိုက်နေသူ ဘုရားအလောင်းသည် လူရိပ်မြင်တာနဲ့ တောထဲဝင်ပြေးပုံ။



## ငရဲနိမိတ်ထင်မှ နေ့ခင်တရ

ဒီလိုနဲ့ အယူမှားကို စမ်းသပ် လိုက်စားလာလိုက်တာ နှစ်ပေါင်းကြာလာပြီး သေခါနီး လျှောင်းစက်ရချိန်အထိ ရောက်လာပါတယ်။ အဲဒီအခါ သူလိုက်စားခဲ့တဲ့ အယူမှားရဲ့အစွမ်းကြောင့် ငရဲနိမိတ်တွေ ထင်လာပါတယ်။

ငရဲကျမည့်သူဟာ အများအားဖြင့် သေခါနီးမှာ ငရဲဘုံ၊ ငရဲမီးလျှံ၊ ငရဲခွေးစတဲ့ မကောင်းတဲ့ အာရုံနိမိတ်တွေကို မြင်ရတတ်ပါတယ်။ ဒါကို ဂတိနိမိတ်လို့ ခေါ်ပါတယ်။ ဒီ နိမိတ်တွေ ဖြစ်ပေါ်ပြီးတဲ့နောက် သေယင် ငရဲကျဖို့ ကျိန်းသေပါပဲ။

ဘုရားအလောင်းဟာ သေခါနီးလို့ ငရဲနိမိတ်တွေ ထင်လာမြင်လာတော့မှပဲ မိမိကျင့်ကြံလိုက်စားခဲ့တဲ့အယူဟာ မှားယွင်းတဲ့အယူဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွားပါတယ်။ ဒါနဲ့ ချက်ချင်းပဲ အဲဒီအယူမှားကို စွန့်လွှတ်ပြီး အယူမှန်ကို ပြန်ယူလိုက်ပါတယ်။

ဒီလိုသေခါနီးမှ အယူမှန်ပြန်ရောက်အောင် လုပ်ဖို့ဆိုတာ သာမန်လူတွေအတွက် အတော်မလွယ်တဲ့ အလုပ်ပါပဲ။ ဒါကြောင့် စောစောကတည်းက အယူမှားကို မလိုက်စားမိဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ အယူမှန်ဆိုတာက ''ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ ရှိတယ်။ ဒီကံတွေရဲ့အကျိုးလည်း ရှိတယ်။ ကုသိုလ်ပြုယင် ကောင်းကျိုး ခံစားရမယ်။ အကုသိုလ်ပြုယင် မကောင်းကျိုး ခံစား

---

[၂၇] အယူမှားနေသူ ဘုရားအလောင်းတက္ကတွန်းသည် ငရဲနိမိတ်တွေမြင်ရမှ မိမိအယူမှားနေမှန်းသိသွားပုံ။



ရမယ်။ ငရဲဘုံ၊ နတ်ဘုံဆိုတာလည်း ရှိတယ်” စတဲ့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်မှုပင် ဖြစ်ပါတယ်။ ဒီလိုယုံကြည်တာကိုပဲ အယူဖြောင့်အောင်ပြု (ဒိဋ္ဌိဇုကမ္မ) မှုလို့ ဆိုခြင်းပါပဲ။

ဘုရားအလောင်းဟာ သေခါနီးမှာ အယူဖြောင့်အောင် ပြုလုပ်နိုင်လိုက်တဲ့အတွက် သေတဲ့အခါ ငရဲမကျပဲ နတ်ပြည်ရောက်သွားပါတယ်။ ဒါကြောင့် အယူဖြောင့်အောင် ပြုတာဟာလည်း နတ်ပြည်ရောက်ကြောင်း တရားကောင်းဖြစ်တယ်ဆိုတာ သတိပြုလိုက်နာကြဖို့ပါပဲ။

ကဲ....ဘာဝနာအတွဲထဲက “ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ” တို့အကြောင်းတော့ ဒီမျှနဲ့ ရပ်နားပြီး၊ အဆုံးသတ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြည့်ကြပါဦးစို့။

### ဘာဝနာတွဲဆိုင်ရာ ဆောင်ပုဒ်ကဗျာ

ဘာဝနာဆိုင်ရာ အုပ်စုတွဲကို၊ ကွဲကွဲပြားပြား သိသင့်တယ်။
တရားပေစာ ကြားနာရတော့၊ ဓမ္မသဝန ဖြစ်ပါတယ်။
တရားပေစာ ဟောပြောပြတော့၊ ဓမ္မဒေသနာ ဖြစ်ပါတယ်။
ကံအကျိုးကို ယုံကြည်မှုက၊ ဒိဋ္ဌိဇုကမ် ဖြစ်ပါတယ်။
လူနတ်နိဗ္ဗာန် သုံးတန်အကျိုးကို၊ အမှန်ပွားတိုး စေနိုင်တယ်။
မြင့်မြတ်ကုသိုလ် ပွားစေမြဲဖို့၊ ဘာဝနာအထဲ ထည့်ရတယ်။
မှတ်ကွယ်-မှတ်ကွယ်။

## “သမထ ဘာဝနာ”

သမထဆိုတာ စိတ်အညစ်အကြေး(ကိလေသာ)တွေကို ငြိမ်းအေးစေသောသဘော၊ စိတ်ကို တည်ငြိမ်စေသောသဘော ဖြစ်ပါတယ်။ ဒီ နေရာမှာ ဘာဝနာဆိုတာက အထပ်ထပ် တိုးပွားအောင် အားထုတ်မှုလို့ ဆိုတယ်။ ဒါကြောင့် သမထ ဘာဝနာဆိုတာ စိတ်အညစ်အကြေးတွေကို ငြိမ်းအေးစေမှုသဘော၊ စိတ်ကိုတည်ငြိမ်စေမှုသဘောတွေ အထပ်ထပ်တိုးပွားအောင် အားထုတ်မှုဖြစ်တယ်။ လွယ်လွယ်ပြောရယင် “စိတ်တည်ငြိမ်အောင် အားထုတ်မှု” ပါပဲ။

ဒီ သမထအားထုတ်နည်းက အမျိုးပေါင်း(၄၀)တောင် ရှိပါတယ်။ အဲဒီအထဲမှာ ၁၀-မျိုးက အားထုတ်ပေမယ့် ဈာန်ရတဲ့အထိ မဖြစ်စေနိုင်ဘူး။ ကျန် ၃၀-ကတော့ ပေါက်ပေါက်ရောက်ရောက် အားထုတ်ယင် ဆိုင်ရာဆိုင်ရာ ဈာန်ရတဲ့အထိ ဖြစ်စေနိုင်ပါတယ်။

ဈာန်ဆိုတာ ဈာနဆိုတဲ့ပါဠိက ဆင်းသက်လာတဲ့ပါဠိပျက်[illegible]ပါပဲ။ ဆိုင်ရာအာရုံကို ရှုးစူး စိုက်စိုက်ရှုခြင်း၊ ဆန့်ကျင်ဘက်အတားအဆီး(နီဝရဏ)တရားဆိုးတွေကို လောင်ကျွမ်း စေခြင်းလို့ အဓိပ္ပါယ်ရပါတယ်။

ဒီ တရားစာက လူငယ်လူရွယ်များအတွက် အကြမ်းဖျင်းသဘောလောက် ဖော်ပြတာဖြစ်လို့ ဘယ် သမထက စျာန်ရစေနိုင်တယ်၊ ဘယ် သမထက စျာန်မရစေနိုင်ဘူးစတဲ့ အသေးစိတ်ဖော်ပြချက်တွေကို တမင် ချန်လှပ်ထားခဲ့ပါတယ်။

စျာန်ရစေနိုင်တဲ့ သမထဘာဝနာ ပွားများအားထုတ်သူဟာ စျာန်ရပြီး စျာန်မလျှောပဲသေယင် ဗြဟ္မာ ဖြစ်နိုင်ပါတယ်။ သမထ အားထုတ်သူဟာ စျာန်မရပေမယ့် ဒီကုသိုလ်က အကျိုးပေးယင် လူချမ်းသာ နတ်ချမ်းသာလောက်တော့ လွယ်လွယ်နဲ့ ရနိုင်ပါတယ်။

## ရှေ့သို့တဆင့် လှမ်းတက်သင့်

သမထဘာဝနာ ပွားများအားထုတ်သူဟာ သမထလောက်တွင် ရပ်မနေပဲ ရှေ့ဘာဆင့်တက်ပြီး ဝိပဿနာဘက် ကူးပြောင်းသင့်ပါတယ်။ မိမိအားထုတ်လို့ရရှိတဲ့ သမထသမာဓိ၊ ဒါမှမဟုတ် စျာန်ကို အခြေခံပြီး ဝိပဿနာတရား ဆက်လက်ပွားများမယ်ဆိုယင် မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်တဲ့အထိ ပေါက်မြောက်နိုင်ပါတယ်။ ဒါနဲ့ သက်ဆိုင်တဲ့ဝတ္ထုကြောင်းလေး ဖော်ပြပါဦးမယ်။

## ဆန်းကြယ်ထူးလှ ဝင်္ဂီသ

မြတ်စွာဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်မှာဝင်္ဂီသအမည်ရှိတဲ့ ပုဏ္ဏားလုလင်တဦး ရှိခဲ့ဖူးပါတယ်။ သူဟာ အရွယ်ရောက်တဲ့အခါ ပုဏ္ဏားများ တတ်သင့်တတ်ထိုက်တဲ့ဗေဒင်သုံးပုံကိုသင်ယူ

တတ်မြောက်ပါတယ်။ အထူးအားဖြင့် "ဆဝသိသမန္တန်" ကို တတ်မြောက်ပါတယ်။ ဒီမန္တန်က ဦးခေါင်းခွံကို မန်းမှုတ်ပြီး အဲဒီလူရဲ့ လားရောက်ရာဘဝကို သိနိုင်တဲ့ မန္တန်ဖြစ်ပါတယ်။

ဒီလို ဝင်္ဂီသရဲ့ အစွမ်းကို အခြားပုဏ္ဏားတွေမြင်ရတော့ သူ့ကို ရှေ့တန်းတင် ဘော၊ဟိုးပေးပြီး လူတွေကို လှည့်ဖြားကာ ငွေရှာဖို့ စိတ်ကူးပေါက်သွားကြတယ်။ ဒါနဲ့ ဒီအကြံသမား ပုဏ္ဏားတွေဟာ ဝင်္ဂီသကို လုံခြုံတဲ့ မြင်းရထားပေါ်တင်ပြီး ငွေရှာခရီး ထွက်ကြပါတယ်။

သူတို့ဟာ ရွာနိဂုံး မင်းနေပြည်တော်တို့သို့ လှည့်လည်သွားလာကြတယ်၊ မြို့ရွာတံခါးဝမှာ စခန်းချကြတယ်။ လူတွေ စုရုံးမိတဲ့အခါ "တို့ဆရာ ဝင်္ဂီသကို မြင်ရသူဟာ စီးပွားဥစ္စာ ရတယ်။ အခြံအရံ အကျော်အစောလည်း ရတယ်။ နတ်ပြည်နတ်ရွာတောင် ရောက်နိုင်တယ်"လို့ ဝါဒဖြန့် ဘေးတီးစကား ပြောကြားကြပါတယ်။

ဟိုနှစ်ပေါင်း ၂၅၀၀-ကျော်ခေတ်က ပုဏ္ဏားဆိုတာ ပညာတတ် အဆက်တန်းလှသာ မင်းဆရာ လူတန်းစားပါပဲ။ လူတွေက ပုဏ္ဏားဆိုယင် အထင်ကြီးကြတယ်။ ပုဏ္ဏားစကားဆိုယင် ဘုရားဟောထက်တောင် တချို့က ပိုလေးစားချင်တဲ့ခေတ် ဖြစ်ပါတယ်။

သိပ္ပံပညာ ထွန်းကားနေတဲ့ ခုခေတ်အခါမျိုးမှာတောင် ဗေဒင်ဟော၊ ယတြာချေ၊ ဓာတ်ရိုက် မာတ်ဆင် လုပ်နေသူတွေ စားသာနေတာကို ထောက်ဆကြည့်ယင် ဟိုခေတ်က ဗေဒင်ပညာတတ် ပုဏ္ဏားတွေ ဘယ်လောက် မျက်နှာပန်းပွင့် စားသာကြမယ်ဆိုတာ မှန်းဆနိုင်ပါတယ်။

အဲဒီ ဘေးတီးသမား ပုဏ္ဏားတွေရဲ့ စကားကို ကြားရတော့ လူတွေဟာ ဝင်္ဂီသကို ကြိတ်ကြိတ်တိုး လာကြည့်ကြတယ်။ ရိုးရိုး ကြည့်ခွင့်မရယင် တံစိုးလက်ဆောင်ပေးပြီး လာကြည့်ကြတယ်။ ဒီလိုဖြစ်လေလေ ပုဏ္ဏားတွေက ဘေးတီးစကား ပြောကြားလို့ ကောင်းလေလေပေါ့။

သူတို့က ရောက်လာသူများအား "တို့ဆရာ ဝင်္ဂီသ ဟာ ဇမ္ဗူဒိပ်ကျွန်းတခွင် မြေအပြင်မှာ အတုမရှိ ပညာရှင်ဖြစ်တယ်။ သုံးနှစ်ကျော်က သေဆုံးသူရဲ့ဦးခေါင်းခွံကို မန်းမှုတ်ပြီးမေးယင် အဲဒီ ဦးခေါင်းရှင်ရဲ့ ဖြစ်ရာဘဝကို ပြောပြနိုင်တယ်။ မယုံယင် မေးကြည့်ကြ" စသည်ဖြင့် ဆွယ်တရား ဟောကြပါတယ်။

လူတွေကလည်း ဗေဒင်ရူးတွေနဲ့ တူပါရဲ့။ ငွေတစ်ဆယ်ကျပ်၊ ၂၀-ကျပ်၊ ၁၀၀-ကျပ် စသည်ဖြင့် ငွေကြေးတတ်နိုင်ယင် တတ်နိုင်သလိုပေးပြီး သေဆုံးသူ ဆွေမျိုးတွေရဲ့ ဖြစ်ရာဘဝကို သူ့ထက် ငါဦး အလုအယက် မေးမြန်းကြပါတယ်။

ဝင်္ဂီသဟာ အမှန်တကယ်လည်း အစွမ်းထက်မြက်သူ ဖြစ်ပါတယ်။ ဦးခေါင်းခွံကို မန်းမှုတ်ကာ သေသူကိုဝင်ပူးစေပြီး၊ သေသူရဲ့ဖြစ်ရာဘဝ ပြောခိုင်းနိုင်သူဖြစ်တယ်။ ဒါကြောင့်လည်း လူတွေက

---

[၂၀] အကြီးသမားပုဏ္ဏားများသည် ဝင်္ဂီသပုဏ္ဏားငယ်ကို ရထားပေါ်တင်ကာ ငွေရှာခရီးထွက်ဖို့ ပြင်ဆင်နေကြပုံ။



ပိုက်သံပေးပြီး ပေဒင်မေးကြခြင်းပါပဲ။ အကြံသမားပုဏ္ဏားတွေဟာ ဝဂ်ီသကို အကြောင်းပြုပြီး ငွေရပေါက် ချောင်နေကြပါတယ်။

သူတို့ဟာ ဒီလိုနဲ့ မြို့ရွာတခွင်ပြဲပြဲစင်အောင် လှည့်လည်ငွေရှာယင်း နောက်ဆုံးမှာ သာဝတ္ထိပြည်သို့ ရောက်လာကြပါတယ်။ ဇေတဝန်ကျောင်းတော်အနီးမှာ စတည်းချကြပါတယ်။

သာဝတ္ထိပြည်သူပြည်သားတွေဟာ နံနက်စာစားပြီးနောက်၊ ပန်းနံ့သာ စသည် လက်စွဲပြီး ဘုရားဖူးတရားနာရန် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ သွားကြပါတယ်။ ဝဂ်ီသရဲ့ ဘေးတီးသမား ပုဏ္ဏားတွေဟာ ဘုရားဖူးသွားသူများကိုမြင်တော့ ထုံးစံအတိုင်း ဆွယ်တရားဟောကြပါတယ်။ ဝဂ်ီသကိုကြည့်ရန် ပေဒင်မေးရန် ပြောကြပါတယ်။

ဒါပေမယ့် ဘုရားဖူးသွားသူများက "သင်တို့ရဲ့ ဝဂ်ီသဟာ တို့ဆရာ ဘုရားလောက် မသိပါဘူး"လို့ ပြန်ပြောကြပါတယ်။ ပုဏ္ဏားတွေကလဲ "တို့ဆရာဝဂ်ီသက ပိုတော်တယ်" လို့ ပြောကြပါတယ်။ ဒီလိုနဲ့ သူတို့ဟာ "ငါ့ဆရာက မြတ်တယ်။ ငါ့ဆရာက ပိုသိတယ်"စသည်ဖြင့် အပြန်အလှန် အချေအတင်ငြင်းခုံကြတယ်။ နောက်ဆုံးမှာ ဘုရားဖူးများက ပုဏ္ဏားတွေကို ဘုရားထံမှောက်အရောက် ခေါ်သွားကြပါတယ်။

---

[၂၉] ဝဂ်ီသက လူသေခေါင်းခွံကိုခေါက်ပြီး ဖြစ်ရာဘဝကိုပြောပြနိုင်၍ လူတွေ ကြိတ်ကြိတ်တိုး မေးဒင်မေးနေကြပုံ။



## လောကဝိဒူ မေးတော်မူ

မြတ်စွာဘုရားဟာ ဒီပုဏ္ဏားတွေရောက်လာမယ်ဆိုတာ ကြိုတင်သိမြင်တော်မူပြီး ဖြစ်ပါတယ်။ ဒါကြောင့်(၁) ငရဲပြည်မှာဖြစ်သူရဲ့ခေါင်းခွံ။ (၂) လူ့ပြည်မှာဖြစ်သူရဲ့ခေါင်းခွံ။ (၃) နတ်ပြည်မှာဖြစ်သူရဲ့ ခေါင်းခွံ၊ (၄) ပရိနိဗ္ဗာန်ဝင်စံပြီးသူ ရဟန္တာအရှင်မြတ်ရဲ့ ခေါင်းခွံတို့ကို တန်ခိုးတော်ဖြင့် အဆယ်ပွဲယူဆောင်ပြီး ရှေ့တော်မှာ အစဉ်အတိုင်း ချထားပါတယ်။

ပုဏ္ဏားတွေရောက်လာတဲ့အခါ ဝင်္ဂီသအား အတတ်ပညာတခုခု တတ် မတတ် မေးတော်မူပါတယ်။ ဝင်္ဂီသက"ခေါင်းခွံကိုခေါက်ပြီး သေသူရဲ့ရောက်ရာဘဝကို သိနိုင်တဲ့ အတတ်ပညာ" တတ်ကြောင်း ပြောပြပါတယ်။

ဒါနဲ့ ဘုရားက ပထမအကြိမ်မှာ ငရဲဘုံ၌ဖြစ်သူရဲ့ ခေါင်းခွံကိုပြပြီး မေးပါတယ်။ ဝင်္ဂီသက ငရဲဘုံမှာဖြစ်တယ်လို့ အမှန်အတိုင်းပြောနိုင်ပါတယ်။ ဘုရားကလည်း"တော်ပါပေတယ် ဝင်္ဂီသ" လို့ ချီးကျူးမိန့်ကြားပါတယ်။

ဒုတိယအကြိမ်မှာ လူ့ဘုံ၌ဖြစ်သူရဲ့ခေါင်းခွံကိုပြပြီး ဘုရားကမေးပြန်ပါတယ်။ ဝင်္ဂီသကလည်း အမှန်အတိုင်း ဖြေနိုင်ပါတယ်။ ဝင်္ဂီသဖြေတာမှန်ကြောင်း ဝန်ခံပြီး မြတ်စွာဘုရားက ချီးကျူးစကား မိန့်ကြားပြန်ပါတယ်။

---

[၃၀] မြတ်စွာဘုရားက ဝင်္ဂီသအား ရဟန္တာအရှင်မြတ်၏ ခေါင်းခွံကိုပြပြီး မေးတော်မူရာ ဝင်္ဂီသ မပြောနိုင်၍ ချွေးဒီးဒီးကျပြီး ငိုင်နေရပုံ။



တတိယအကြိမ်မှာ နတ်ပြည်မှာဖြစ်သူရဲ့ ဦးခေါင်းခွံကိုပြပြီး မေးပါတယ်။ ဝင်္ဂီသကလည်း နတ်ပြည်မှာဖြစ်တယ်လို့ ဖြေပါတယ်။ ဘုရားက "ဝင်္ဂီသ တော်ပါပေတယ်၊ တော်ပါပေတယ်"လို့ ဝန်ခံပြီး ချီးကျူးစကား မြွက်ကြားပြန်ပါတယ်။

နောက်ဆုံးမှာ ပရိနိဗ္ဗာန်စံပြီးသူ ရဟန္တာအရှင်မြတ်ရဲ့ ဦးခေါင်းခွံကိုပြပြီး ဦးခေါင်းခွံရှင်ရဲ့ ဖြစ်ရာဘဝကို မေးပါတယ်။ ဝင်္ဂီသဟာ ဦးခေါင်းခွံကို မန်းမှုတ်လိုက်၊ လက်နဲ့ခေါက်ပြီး မေးလိုက်နဲ့ အကြိမ်ကြိမ် ပြုလုပ်မေးမြန်းပါတယ်။

ဒါပေမယ့် သူ့ကိုယ်မှ ချွေးသာ ဒီးဒီးကျလာတယ်၊ ရဟန္တာအရှင်မြတ်ရဲ့ ဖြစ်ရာဘဝကို မပြောနိုင်ရှာပါဘူး။ ဘယ်ပြောနိုင်ပါ့မလဲ၊ ရဟန္တာဆိုတာ ပရိနိဗ္ဗာန်ပြု (သေ) ပြီးယင် ဘယ်ဘဝမှာမှ ထပ်ဖြစ်တော့တာမှ မဟုတ်ပဲကိုး။ ဒါကို ဝင်္ဂီသက မသိရှာဘူး။

ဝင်္ဂီသဟာ ဘယ်လိုမှ မတတ်နိုင်တော့တာနဲ့ စကားမပြောပဲ ငေးငိုင်နေပါတယ်။ ဒီတော့မှ မြတ်စွာဘုရားက "ဝင်္ဂီသ၊ သင် ပင်ပန်းနေပြီလား။ မပြောနိုင်တော့ဘူးလား"လို့ မေးတော်မူပါတယ်။

ဝင်္ဂီသက "ကျွန်ုပ်တော့ မသိနိုင်တော့ပါ။ အရှင်မြတ်ကော သိပါသလား"လို့ ပြန်မေးပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက "ချစ်သား ဝင်္ဂီသ၊ ငါဘုရားဟာ ဒီသတ္တဝါကိုလည်း သိတယ်။ ဒီထက် လွန်တာကိုလည်း သိတယ်"လို့ မိန့်ကြားတော်မူပါတယ်။

ဒါနဲ့ ဝင်္ဂီသက မန္တန်ချင်း လဲဖို့ မြတ်စွာဘုရားအား စကားကမ်းလှမ်းပါတယ်။ မြတ်စွာဘုရားက "မန္တန်ချင်း လဲဖို့ မလိုဘူး၊ ရဟန်းပြုယင် အဲဒီမန္တန်ကို သင်ပေးမယ်"လို့ မိန့်တော်မူပါတယ်။

ဝင်္ဂီသဟာ မြတ်စွာဘုရားထံမှ မန္တန်သင်ယူပြီးယင် ဇမ္ဗူဒီပ်တကျွန်းလုံးမှာ ပြိုင်ဘက်ကင်းသူ ဆရာကြီးတဆူ ဖြစ်ရပါတော့မယ်ဆိုတဲ့ စကားနဲ့ သူ့အဖော် ပုဏ္ဏားများအား နှစ်သိမ့်ပြောကြားပြီး ရဟန်းပြုလိုက်ပါတော့တယ်။

## တေဒဂ်ရှင် နိဗ္ဗာန်ဝင်

အဲဒီနောက် မြတ်စွာဘုရားက ဝင်္ဂီသအား ကာယဂတာသတိ သမထတရား ပွားများနည်းကို သင်ပြပေးတယ်။ ဒီနည်းက ဒီကိုယ်ကောင်မှာရှိတဲ့ ဆံပင်အစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-ကောဋ္ဌာသကို ဆင်ခြင်အောက်မေ့တဲ့ နည်းပါပဲ။

ဝင်္ဂီသဟာ ဆံပင်အစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂-မျိုးလုံးကို အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်ပါတယ်။ ဒါပေမယ့် သူဟာ သမထတရား ပွားများအားထုတ်နေတယ်ဆိုတာကို နာမည်အနေနဲ့တော့ မသိပါဘူး။ သူ့စိတ်ထဲမှာ ဗုဒ္ဓမန္တန်ကို ရွတ်ဖတ်ဆင်ခြင် အောက်မေ့နေတယ်လို့ပဲ သိနေပါတယ်။

ဒီလို နာမည်အနေ၊ စကားလုံးအနေနဲ့ သမထတရား ပွားများ အားထုတ်နေတယ်ဆိုတာကို မသိပေမယ့် သဘောတရားအနေနဲ့ကတော့ သူလုပ်နေတာဟာ သမထအလုပ်ပင် ဖြစ်ပါတယ်။

ဒီလိုနဲ့ သူဟာ ကာယဂတာသတိကို အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်ယင်း စိတ်တည်ငြိမ်မှု (သမထသမာဓိ)ရလာတယ်။ အဲဒီနောက် ဖြစ်ဆဲရုပ်နာမ်အစဉ်ကို ဆက်လက်ပြီး ဝိပဿနာ ရှုမှတ်သွားလိုက်တာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တိုးတက်ပြီးတော့ ကိလေသာ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတယ်။

ဒီ ဝင်္ဂီသ မထေရ်ရဲ့အဖြစ်ကိုကြည့်ယင် သမထ သို့မဟုတ် ဝိပဿနာတရား ပွားများအားထုတ် ရမှာ နာမည်တွေ အခေါ်အဝေါ် စကားလုံးတွေက အဓိကမဟုတ်ပဲ သဘောတရားနဲ့ နည်းလမ်း မှန်ဖို့သာ အဓိကဖြစ်ကြောင်း သိသာထင်ရှားပါတယ်။ ဒါလည်း အထူးမှတ်သားသင့်တဲ့ အချက် ပါပဲ။

ဝင်္ဂီသမထေရ် ရဟန္တာဖြစ်ပြီးနောက်၊ သူ့အပေါင်းအဖော်ဟောင်း ပုဏ္ဏားတွေက အိမ်ပြန်ဖို့ လာဆွယ်ကြပါသေးတယ်။ ဆွယ်မရတဲ့အခါ ပုဏ္ဏားတွေဟာ ဝင်္ဂီသမထေရ်အား ရန်ပြုစကား ပြောကြားပြီး လက်လျှော့ပြန်သွားကြတယ်။ လူတွေကိုလှည့်ဖြားပြီး ငွေရှာတဲ့ သူတို့ရဲ့ မဟာလုပ်ငန်း ကြီးလည်း တခါတည်း ရပ်စဲသွားရတော့တာပေါ့။

ဝင်္ဂီသမထေရ်မြတ်ဟာ မြတ်စွာဘုရားကို မြင်တိုင်းမြင်တိုင်း ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အမျိုးမျိုးချီးကျူးဖွဲ့နွဲ့ ပြောလေ့ရှိပါတယ်။ နောက်ပိုင်းမှာ မြတ်စွာဘုရားက ဘွဲ့ထူး ဂုဏ်ထူးပေးတဲ့

[၃၁] ရဟန္တာဖြစ်သွားသူ ဝင်္ဂီသမထေရ်ကို အဖော်ဟောင်း ပုဏ္ဏားတွေက အိမ်ပြန်ဖို့ခေါ်မရ၍ ရန်ပြုစကား ပြောကြားနေပုံ။



အခါ ဆန်းကြယ်တဲ့ဉာဏ်ရှိသူ တပည့်သာဝကများအနက် အသာဆုံး အမြတ်ဆုံးဘွဲ့ထူးကို ဝင်္ဂီသမထေရ်မြတ်က ဆွတ်ခူးရရှိတော်မူသွားခဲ့ပါတယ်။

ဒါကြောင့် သမထတရား ပွားများအားထုတ်သူများဟာ သမထလောက်တွင်သာ ရပ်တန့်မနေကြပဲ ဝိပဿနာတရား ဆက်လက်ပွားများအားထုတ်ကြခြင်းဖြင့် မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တဲ့အထိ ရောက်ရှိနိုင်ကြပါစေသတည်းလို့ ဆိုညွှန်းလိုက်ရပါတော့တယ်။

ကဲ....သမထဘာဝနာအကြောင်းတော့ ဒီမျှနဲ့ ရပ်နားပြီး နိဂုံးချုပ်ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြပါဦးစို့။

## သမထဆိုင်ရာ ဆောင်ပုဒ်ကဗျာ

စိတ်တည်ငြိမ်အောင် အားထုတ်မှုကို၊ သမထဟု ခေါ်ပါတယ်။
စျာန်ရအောင်ပင် သမထပွားတော့၊ ဗြဟ္မာများလည်း ဖြစ်နိုင်တယ်။
အယုတ်ဆုံးနေ ်လူနတ်ဖြစ်လို့၊ အမှန်အစစ် ပွားသင့်တယ်။
သမထအခြေခံ ဝိပဿနာပွားတော့၊ မဂ်ဖိုလ်များလည်း ရနိုင်တယ်။
မှတ်ကွယ်....မှတ်ကွယ်။

# ''ဝိပဿနာ ဘာဝနာ''

ဝိပဿနာ ဆိုတာ ''အထူး ရှုတတ်-သိမြင်တတ်တဲ့ ဉာဏ်ပညာ'' ဖြစ်ပါတယ်။ ဘာဝနာက အထပ်ထပ်တိုးပွားအောင် အားထုတ်မှုတဲ့။ ဒီတော့ ဝိပဿနာဘာဝနာဆိုတာ အထူး ရှုတတ် သိမြင်တတ်တဲ့ ဉာဏ်ပညာအထပ်ထပ် တိုးပွားအောင် အားထုတ်မှု ဖြစ်ပါတယ်။ တည့်တည့်ပြောရယင် ''ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို သိအောင် ရှုမှတ်မှု'' ပါပဲ။

## ရုပ်တရား နာမ်တရား

ရုပ်ဆိုတာ အရေအတွက်အနေနဲ့ (၂၈) ခုရှိပေမယ့် သဘောတရားအနေနဲ့ကတော့ မသိတတ်တဲ့ သဘောတခုမျှသာ ဖြစ်ပါတယ်။ (ဝိပဿနာရှုရမည့်) နာမ်ဟာ အရေအတွက်အနေနဲ့ လောကီစိတ် (၈၁) ခု၊ စေတသိက် (၅၂) ခု၊ အားလုံးပေါင်း (၁၃၃) ခု ရှိပေမယ့် သဘောတရားအနေနဲ့ကျတော့ သိတတ်တဲ့သဘောတခုမျှသာ ဖြစ်ပါတယ်။

ဒီ ရုပ်နဲ့နာမ်ဟာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း တွေးတိုင်း ဒီလို အာရုံနဲ့ ဒွါရဆုံတွေ့တိုင်း ထင်ရှားရှိနေတဲ့ သဘောတရားတွေပါပဲ။

ဘယ်လိုလဲဆိုယင် မြင်ဆဲမှာ (၁) အဆင်းရယ်၊ (၂) မျက်စိအကြည်ရယ်၊ (၃) မြင်သိစိတ်နှင့် အပေါင်းပါစေတသိက်တွေရယ်၊ ဒီ သုံးမျိုးရှိတဲ့အထဲမှာ အဆင်းနဲ့မျက်စိအကြည်က ရုပ်တရား၊ မသိတတ်တဲ့သဘော ဖြစ်တယ်။ မြင် သိ စိတ်နဲ့ စေတသိက်တွေက နာမ်တရား၊ သိတတ်တဲ့သဘော ဖြစ်တယ်။ ဒါကြောင့် မြင်ဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိနေပါတယ်။

ကြားဆဲမှာ အသံနဲ့နားအကြည်က ရုပ်တရား၊ ကြားသိစိတ်နှင့် စေတသိက်တွေက နာမ်တရားပါပဲ။ ဒါကြောင့် ကြားဆဲမှာလည်း ရုပ်နဲ့နာမ်ဟာ အထင်အရှား ရှိပါတယ်။

နံဆဲမှာ အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်တရား၊ နံသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေက နာမ်တရားဖြစ်ကြတယ်။ ဒါ့ကြောင့် နမ်းဆဲရှူဆဲမှာလည်း ရုပ်နဲ့နာမ်ဟာ အထင်အရှားရှိပါတယ်။

စားဆဲမှာ အရသာမျိုးစုံနဲ့လျှာအကြည်က ရုပ်တရား၊ စားသိစိတ်နဲ့ ယှဉ်ဘက်စေတသိက်တွေက နာမ်တရားများဖြစ်ကြတယ်။ ဒါကြောင့် စားဆဲမှာလည်း ရုပ်နာမ်နှစ်ပါး ထင်ရှားရှိပါတယ်။

ထိဆဲမှာ ပူအေး၊ ပျော့မာ၊ လှုပ်ရှား၊ ထောက်ခံ၊ တွန်းကန်မှုနဲ့ ကိုယ်အကြည်က ရုပ်တရားများ ဖြစ်ကြတယ်။ ထိသိစိတ် နဲ့ စေတသိက်တွေက နာမ်တရားတဲ့။ ဒါကြောင့် ထိဆဲမှာလည်း ရုပ်နာမ်နှစ်ပါးဟာ ထင်ရှားရှိပါတယ်။

တွေးဆဲမှာ တွေးစရာအာရုံကတော့ ရုပ်နာမ်နှစ်မျိုးရော နိဗ္ဗာန်ပညတ်တွေရော ပါရှိပါတယ်။

ဒါပေမယ့် ဝိပဿနာရှုရာမှာတော့ နိဗ္ဗာန်နဲ့ပညတ်မပါရလို့ နာမ်နဲ့ရုပ် နှစ်ပါးကိုပဲယူရပါတယ်။ တွေးသိစိတ်နဲ့ စေဘသိက်တွေက နာမ်တရား၊ သူတို့ရဲ့မှီရာ ဟဒယဝတ္ထုကတော့ ရုပ်တရား ဖြစ်ပါတယ်။ ဒါကြောင့် တွေးဆဲမှာလည်း ရုပ်နာမ်နှစ်ပါး ထင်ရှားရှိတာပါပဲ။

ဒီလိုမြင်ဆဲရုပ်နာမ်၊ ကြားဆဲရုပ်နာမ်၊ နံဆဲရုပ်နာမ်၊ စားဆဲရုပ်နာမ်၊ ထိဆဲရုပ်နာမ်၊ တွေးဆဲရုပ်နာမ်တွေရဲ့ အဖြစ်အပျက်ကိုသိအောင် ရှုဘာမှတ်တာ နှလုံးသွင်းတာဟာ ဝိပဿနာ ဖြစ်ပါတယ်။

## ရှုမှတ်ဆဲတွင် နတ်ပွဲဝင်သူ

ဝိပဿနာတရား ရှုမှတ်ပွားများသူဟာ အကျွတ်တရားရနိုင်တဲ့ ပါရမီဉာဏ်ချိုး ပါမယ်ဆိုယင် ဒီဘဝမှာတင် မဂ်ဖောက်ဖိုလ်ဝင်နိဗ္ဗာန်မြင်ပြီး အရိယာဖြစ်သွားနိုင်ပါတယ်။

အကျွတ်တရားရနိုင်တဲ့ ဉာဏ်ချိုးမပါလို့ ဒီဘဝမှာ အရိယာမဖြစ်နိုင်တောင် နောက်ဘဝမှာ လူချမ်းသာ နတ်ချမ်းသာကို လွယ်လွယ်နဲ့ရနိုင်တဲ့အပြင် အရိယာလည်း ဖြစ်သွားနိုင်ပါတယ်၊ ဒါနဲ့ ပတ်သက်တဲ့ သာဓကဝတ္ထုလေး ဖော်ပြပါဦးမယ်။

## သမဏနတ်သား ရှုမှတ်ပွား

မြတ်စွာဘုရားလက်ထက်က အမျိုးကောင်းသားတဦးဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုပါတယ်။ သူဟာ ဖြည့်ကျင့်သင့်တဲ့ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို ဖြည့်ကျင့်တယ်၊ ဆရာသမား များထံမှာ ငါးနှစ်တာမျှ မှီခိုနေထိုင်ပြီး အချိုးသားရဟန်းများလိုက်နာရမည့် ပိနည်းစည်းကမ်းနဲ့

အမျိုးသမီး ရဟန်းများ လိုက်နာရမည့် ဝိနည်းစည်းကမ်းများကိုပါ လေ့လာတယ်။ ရဟန်းဆိုင်ရာ ပြုလုပ်ဖွယ် အမှုကြီးအမှုငယ်တွေကို ဆောင်ရွက်တတ်အောင် သင်ယူပါတယ်တဲ့။

ဒီလို ငါးနှစ်လောက်ကြာတဲ့အခါ နှစ်သက်ရာ တရားအားထုတ်နည်းကို သင်ယူပြီး ပေါ့ပေါ့ပါးပါး အသက်မွေးခြင်းရှိသူပီပီ တောထဲမှာ သွားနေပါတယ်။ သူဟာ မြတ်စွာဘုရားက အိပ်ချိန်အဖြစ် ခွင့်ပြုထားတဲ့ သန်းခေါင်ယံမှာတောင် မအိပ်စက်ပဲ နေ့ရောညပါ မပြတ် ဆက်တိုက်တရားနှလုံးသွင်း ရှုမှတ်ပါတယ်။

ဒီနေရာမှာ ညဥ့်အပိုင်းအခြားအကြောင်း အနည်းငယ် ဖော်ပြပါအုံးမယ်။ ယံ ဆိုတဲ့ စကားဟာ ယာမဆိုတဲ့ပါဠိကဆင်းသက်လာတဲ့ ပါဠိပျက်စကားဖြစ်ဘယ်၊ ညဥ့်ရဲ့အဖို့ ညဥ့်အပိုင်းအခြားလို့ ဆိုလိုပါတယ်။ ညဥ့်အပိုင်းအခြားက (၁) ညဥ့်ဦးယံ (၂) သန်းခေါင်ယံ (၃) မိုးသောက်ယံတို့ ဖြစ်ကြပါတယ်။

ညဥ့်ဦးယံဆိုဘာ ညနေ(၆)နာရီခန့်မှ ည(၁၀)နာရီခန့်အထိ အချိန်ပိုင်း ဖြစ်တယ်။ သန်းခေါင်ယံဆိုတာ ည(၁၀)နာရီခန့်မှ နံနက် (၂)နာရီခန့်အထိ အချိန်ပိုင်း ဖြစ်တယ်။ မိုးသောက်ယံကတော့ နံနက်(၂)နာရီခန့်မှ လင်းအားကြီးအချိန်အထိ ဖြစ်ပါတယ်။

---

[၃၂] ယောဂီရဟန်းလေးသည် သန်းခေါင်ယံမှာတောင် မအိပ်ပဲ လမ်းလျှောက်သင်း တရားရှုမှတ်နေပုံ။



အခု ရဟန်းတော်လေးဟာ အိပ်ချိန်မှာတောင် မအိပ်တော့ပဲ တရားကိုချည်း မပြတ် နှလုံးသွင်းရှုမှတ်နေပါတယ်။ ဒီလိုနဲ့ သာသနာ့ဝန် ထမ်းဆောင်ယင်း လေသင်ခုန်းဖြတ်ပြီး ပျံတော်မူသွားရှာပါတယ်။

ရဟန်းဘပါးပါးဟာ "(၁) စင်္ကြံမှာ တရားအမှတ်နဲ့ စင်္ကြံသွားတုန်း ပျံလွန်ခြင်း (၂) မီးရာတိုင်ကို မှီရပ်ပြီး တရားရှုမှတ်ယင်း ပျံလွန်ခြင်း (၃) စင်္ကြံစွန်း၌ သက်နှင်းခေါင်းမြီးခြုံကာ ထိုင်မှတ်နေယင်း ပျံလွန်ခြင်း (၄) လဲလျောင်းပြီး တရားရှုမှတ်နေတုန်း ပျံလွန်ခြင်း (၅) ပရိသတ်အလယ် တရားဘောပလ္လင်ထက်ဝယ် တရားဟောယင်း ပျံလွန်ခြင်း" ဒီ ငါးမျိုးထဲက တမျိုးမျိုးနဲ့ ပျံလွန်ယင် သာသနာ့ဝန် ထမ်းဆောင်ယင်း ပျံလွန်ခြင်း မည်ကယ်။

ယခု ယောဂီရဟန်းလေးကတော့ စင်္ကြံမှာ လမ်းလျှောက်ယင်း ပျံလွန်တော်မူခဲ့ပါတယ်။ သူဟာ ပါရမီဉာဏ် မရင့်သန်သေးလို့ ရဟန်းဘဝမှာ အရိယာတော့ မဖြစ်ခဲ့သေးဘူး။ ပျံလွန်ပြီးနောက် အိပ်ပျော်နေရာမှ ရုတ်တရက်နိုးလာသူလို တာဝတိံသာနတ်ပြည်ရှိ ကြီးမားလှတဲ့ နတ်ဗိမာန်တခုရဲ့ တံခါးဝမှာ ချက်ချင်း ဘွားကနဲ နတ်သား သွားဖြစ်ပါတယ်။ သူ့ကိုယ်ဟာ ရွှေအဆင်းရှိပြီး သုံးဂါဝုတ်မျှ မြင့်မားပါသတဲ့။

---

[၃၃] စင်္ကြံလျှောက်ယင်း တရားရှုမှတ်ဆဲဘွင် နတ်ရွာဝင်သူ ယောဂီရဟန်းလေးသည် တာဝတိံသာနတ်ပြည်ရှိ ကြီးမားသည့် ဗိမာန်တံခါးဝတွင် ရပ်လျက်ပင် နတ်သား သွားဖြစ်ပုံ။



သူဖြစ်ရာ နတ်ဗိမာန်အတွင်းမှာ နတ်သမီး တစ်ထောင်မျှ ရှိပါတယ်။ ဒီနတ်သမီးတွေဟာ သူ့ကို မြင်တယ်ဆိုယင်ပဲ "ဗိမာန်ရှင်နတ်သား ရောက်လာပြီ၊ ဝိုင်းဝန်း ဖျော်ဖြေကြမယ်" ဆိုတဲ့ အကြံနဲ့ နတ်စောင်းငြင်းတူရိယာတွေကို ယူဆောင်ကာ ဝိုင်းအုံလာကြပါတယ်။

ဒါပေမယ့် ရဟန်းယောဂီတဖြစ်လဲ နတ်သားလေးကတော့ ဘယ်မှမကြည့်ပဲ ခေါင်းငိုက်စိုက် ချကာ ဣန္ဒြေကြီးတခဲ့သားနဲ့ ရပ်နေပါတယ်။ သူ့ဟန်ပန်က ကျောင်းအလည်လာသူ အမျိုးသမီးကို မြင်ယင် ရှက်ရွံ့စိတ်နဲ့ ပခုံးစွန်းလုံအောင် နှစ်ထပ်သင်္ကန်းကြီး ပြင်ခြုံပြီး မျက်လွှာချကာ ခေါင်းငုံ့ နေသူ ပံ့သကူဓုတင်ဆောင် ရဟန်းတော်လိုပါပဲတဲ့။

အမှိုက်ပုံ လမ်းလေးခွ စသည်မှ ရတတ်သမျှ အဝတ်စုတ်များကို ချုပ်စပ်ဖွပ်ဆိုးပြီး ပြုလုပ် ထားတဲ့သင်္ကန်းကို ပံ့သကူသင်္ကန်းလို့ခေါ်တယ်။ ဒီသင်္ကန်းမျိုးသာ အမြဲဆင်မြန်းတဲ့ ရဟန်းတော်ကို လည်း ပံ့သကူဓုတင်ဆောင်ရဟန်းလို့ ခေါ်ပါတယ်။

နတ်သမီးတွေဟာ ဒီနတ်သားရဲ့အမူအရာကို မြင်လိုက်တာနဲ့ ရဟန်းဘဝမှ ပြောင်းလာသူ နတ်သားဖြစ်မှန်း ရိပ်မိ သိရှိသွားကြပါတယ်။ ဒါနဲ့ "အရှင်နတ်သား၊ ဒါဟာ နတ်ပြည်ပါ။ တရား အားထုတ်ရမည့်နေရာ မဟုတ်ပါဘူး။ နတ်စည်းစိမ် ခံစားရမည့် နေရာ ဖြစ်ပါတယ်" လို့ သတိပေး စကား ပြောကြားကြပါတယ်။

---

[၃၄] သူ့ကိုယ်သူ နတ်သားဖြစ်မှန်းမသိ၍ ဘယ်မှမကြည့်ပဲ မျက်လွှာချကာ ရပ်နေသူ ရဟန်းတဖြစ်လဲ နတ်သားကို နတ်သမီးများက မှန်ထောင်ပြနေကြပုံ။



ဒီလိုပြောကြပေမယ့် သူကတော့ မလှုပ်ဘူး။ မျက်လွှာချပြီး ဘယ်မှစောင်းငဲ့မကြည့်ပဲ ထိုင်မြဲ ထိုင်နေပါတယ်။ နတ်သမီးတွေက နတ်တူရိယာအမျိုးမျိုးတွေကို တီးမှုတ်ပြကြပေမယ့် သူက တော့ မကြည့်ဘူး။ သူ့ကိုယ်သူ ယောဂီရဟန်းလို့ ထင်နေတုန်းပါပဲ။

နတ်သမီးတွေကလည်း အလျှော့မပေးကြဘူး။ သူ့ရှေ့မှာ ကိုယ်လုံးပေါ်မှန်ကြီးကို ထောင်ပြ ကြတယ်။ နတ်သားလေးဟာ မှန်ထဲမှာ သူ့အရိပ်သူ မြင်သွားတော့မှပဲ ရဟန်းဘဝက ပျံလွန်ပြီး နတ်ပြည်ရောက်နေတယ်ဆိုတာ သိသွားရှာပါတယ်။

သူဟာ ရဟန္တာဖြစ်ချင်လို့ မအိပ်မနေ ကြိုးစားပြီး တရားအားထုတ်ခဲ့ဘာ ဘာမဟုတ်တဲ့ နတ်စည်းစိမ်ကို လာရနေတယ်။ သူ့အဖြစ်က ရွှေတံဆိပ်လိုချင်လို့ လက်ဝှေ့ဝင်ထိုးတာ တံဆိပ်မရပဲ ဆန်ကြမ်းတဆုပ်လောက်သာရတဲ့ လက်ဝှေ့သမားလို ဖြစ်နေပြီလို့ တွေးမိကာ အတော်စိတ်မကောင်း ဖြစ်သွားရှာပါတယ်။

အဲဒီနောက်''နတ်စည်းစိမ်ဆိုတာ ရလွယ်တယ်၊ ဘုရားပွင့်တဲ့ခေတ်အခါနဲ့ ကြုံဖို့က အလွန်ရခဲ တယ်''လို့ တွေးမိပြီး အခြံအရံနတ်သမီးများနဲ့အတူ ချက်ချင်း မြတ်စွာဘုရားရှိရာသို့ သွားရောက်ပါ တယ်။ အဲဒီအချိန်အထိ သူဟာ ဗိမာန်တွင်းလည်း မဝင်ခဲ့သေးဘူး။ ရဟန်းဘဝက သီလတောင် မပျက်စီးသေးဘူးတဲ့။

---

[၃၅] နန္ဒဝန်ဥယျာဉ်အတွင်း၌ နတ်သား နတ်သမီးများ သီဆိုတီးမှုတ် ကခုန်ပျော်ပါးနေကြပုံ။



မြတ်စွာဘုရားထံမှောက် ရောက်တဲ့အခါ ရှိသေစွာရှိခိုးပြီးနောက် သင့်တင့်ရာမှာ ရပ်တည်ကာ၊ နတ်ပြည်လောကအပေါ် သူ့ရဲ့အမြင်ကို တင်ပြပြီး တရားတောင်းပါတယ်။ သူက နတ်သမီးများရဲ့ သီချင်းဆိုသံ၊တီးသံမှုတ်သံ ပျော်ဖြေသံများနဲ့ ညံကားနေတဲ့ အလွန် နှစ်သက်မွေ့ပျော်ဖွယ် နန္ဒဝန် ဥယျာဉ်တော်ကြီးကို တစ္ဆေ မြေဖုတ်ကြီးတို့ရဲ့နေရာ(မှေတာကြီး)အဖြစ် ဖော်ပြကာ ဒီလိုနေရာမျိုး မှ ထွက်မြောက်ပြီး အရဟတ္တဖိုလ်ပေါက် ရောက်နိုင်တဲ့ ဝိပဿနာတရား ဟောကြားပါရန် မြတ်စွာ ဘုရားအား တောင်းပန် လျှောက်ထားပါတယ်။

နတ်ပြည်ရှိ နန္ဒဝန် နတ်ဥယျာဉ်ဆိုတာ အလွန်နှစ်သက်မွေ့လျော် ပျော်မွေ့ဖွယ် ကောင်းပါ သတဲ့။ နတ်သက်ကြွေတော့မှာကိုသိရလို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ကြောက်ရွံ့ဗျာများနေကြတဲ့ စုတေကာနီး နတ်သမီး နတ်သားများတောင် ဒီဥယျာဉ်ထဲဝင်လိုက်ရုံနဲ့ သေဘေးကို မေ့လျော့ပြီး ပျော်မွေ့သွားနိုင်ကြပါတယ်တဲ့။

ဒီလောက် နှစ်သက်မွေ့လျော်ဖွယ်ကောင်းတဲ့ နတ်ဥယျာဉ်နဲ့ နတ်အာရုံကာမဂုဏ်တွေကို အထင် မကြီးရုံမျှမက ဒီနေရာမျိုးမှ လွတ်ရာလွတ်ကြောင်း ဝိပဿနာတရားကောင်းကို ဟောကြားဖို့လာရောက် လျှောက်ထားနေတာဟာ သာမန် နတ်သားနတ်သမီးများအဖို့ စိတ်ကူးပေါက်ဖို့တောင် မလွယ်လှပါ ဘူး။ အခု ယောဂီတဖြစ်လဲ နတ်သားလေးက ဒီလိုလာရောက် လျှောက်ထားနေတာဟာ ရှေးဘဝက ဂိပဿနာတရားကို နေ့ရောညပါ မအိပ်မနေ ကြိုးစားအားထုတ်ခဲ့လို့သာ ဖြစ်နိုင်ပါတယ်။

နတ်သားလေးရဲ့စကားကို ကြားရတော့ မြတ်စွာဘုရားက သူ့ရဲ့အဖြစ်ကို ပြန်လည်ဆင်ခြင်ကြည့်တယ်။ တရားအားထုတ်ယင်း သေပြီး နတ်ဖြစ်လာတယ်။ သီလတောင် မပျက်သေးဘူးဆိုတာကို မြင်တော်မူပါတယ်။ ဒါနဲ့ မြတ်စွာဘုရားက သူ့အား အရဟတ္တဖိုလ်ပေါက် ရောက်နိုင်တဲ့ ဝိပဿနာတရား ဟောကြားတော်မူပြီး သစ္စာလေးပါးကို ခွဲခြားပြတော်မူပါတယ်။

တရားပွဲအပြီးမှာ နတ်သားလေးဟာ သောတာပန် ဖြစ်သွားပါတယ်။ မြတ်စွာဘုရားက အရဟတ္တဖိုလ်ပေါက် တရားကိုဟောပေမယ့် တရားနာသူ နတ်သားရဲ့ ပါရမီဉာဏ်က သောတာပန်ဖြစ်နိုင်ရုံလောက်သာအားရှိလို့ ရဟန္တာမဖြစ်ပဲ သောတာပန် တည်သွားခြင်းပါပဲ။ သောတာပန်ဆိုတာ အပါယ်ဘေးက ထာဝစဉ်ကင်းဝေးနိုင်ပြီဖြစ်လို့ ကျေနပ်မယ်ဆိုယင် ကျေနပ်လောက်တဲ့ အဆင့်ပါပဲ။ အဲဒီနောက် နတ်သားလေးလည်း မြတ်စွာဘုရားအား နှံသာပန်းစသည်ဖြင့် ပူဇော်ပြီး နတ်ပြည်သို့ ပြန်သွားပါတယ်။

ဒီနတ်သားလေးဟာ ရဟန်းဘဝတုန်းက နေ့ရောညပါ မအိပ်မနေ တရားအားထုတ်ခဲ့ရဉ်က ပါရမီဉာဏ် မရင့်သန်သေးလို့ အရိယာမဖြစ်ခဲ့ပေမယ့် နတ်ဖြစ်ပြီး တရားနာရ၊ တရားပြန်နှလုံးသွင်းရတဲ့ အခါ လွယ်လွယ်နဲ့ အရိယာဖြစ်သွားတာဟာ "ဝိပဿနာကုသိုလ်ပန်း"ဆင်မြန်းခဲ့လို့ ဖြစ်ပါတယ်။

**ဝိပဿနာရှုနည်း အညွှန်း**

ကဲ....ဝိပဿနာရဲ့အဓိပ္ပါယ်၊ ဝိပဿနာတရား အားထုတ်ယင် ရရှိနိုင်တဲ့အကျိုးပြ သာဓကတွေကိုတော့ ဖော်ပြပြီးသွားပြီ။ အခု ဝိပဿနာရှုပုံရှုနည်းကို အနည်းငယ် ညွှန်ပြပါဦးမယ်။

ဝိပဿနာ ရှုမှတ်တယ်ဆိုတာ "မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်"လို့ မှတ်ရတယ်။ ကြားတိုင်း ကြားတိုင်း ကြားတယ် ကြားတယ်လို့ မှတ်ရတယ်။ နမ်းတိုင်း ရှူတိုင်း နမ်းတယ် မွှေးတယ် စသည်ဖြင့် မှတ်ရတယ်။ စားတိုင်းစားတိုင်း စားတယ် ဝါးတယ် မျိုတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ထိတိုင်းထိတိုင်း ထိတယ် ထိတယ်လို့ မှတ်ရတယ်။

"ပူမှု အေးမှု ပျော့မှု မာမှု လှုပ်ရှားမှု သွားမှု လာမှု ရပ်မှု ထိုင်မှု အိပ်မှု ဖောင်းမှု ပိန်မှု" တွေကို ရှုမှတ်တာဟာ တွေ့ထိရုပ်ကို မှတ်တာပါပဲ။

တွေးတိုင်း ကြံတိုင်းလည်း တွေးတယ် ကြံတယ် စသည်ဖြင့် မပြတ် နှလုံးသွင်း ရှုမှတ်ရပါတယ်။ ဒီလို အာရုံနဲ့ ဒွါရ ဆုံတွေ့တိုင်း ဆုံတွေ့တိုင်း ရှုမှတ်ရတယ်။

အထက်က ဖော်ပြလိုက်တာကတော့ အကျဉ်းဆုံးအမြွက်မျှ ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါတယ်။ အခြေခံကစပြီး စနစ်တကျ ရှုမှတ်ပုံရှုမှတ်နည်းတွေကို အသေးစိတ်သိချင်ယင်တော့ ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်ပေးတရားတော်စာအုပ်မှာ လေ့လာဖတ်ရှုနိုင်ပါတယ်။

အကြမ်းဖျင်းလောက် အားထုတ်ဖြစ်ရုံသိချင်ယင်တော့ စာရေးသူရဲ့ ဒိဋ္ဌ-တကျော ငယ်ခွာရေး၊ ဒုစရိုက်အပြစ်ဘေးကင်းလွတ်ရေး၊ ကံနဲ့လူသား စတဲ့ တရားစာအုပ်များမှာလည်း လေ့လာဖတ်ရှုနိုင်ပါတယ်။ စာရေးသူရဲ့ စာအုပ်တိုင်းမှာလိုလို အလုပ်ပေးတရားတွေ ထပ်ကာထပ်ကာ ပါနေပြီးဖြစ်လို့ ဒီစာအုပ်မှာတော့ ဝိပဿနာအလုပ်ပေးတရားကို တမင် ချန်လှပ်ထားခဲ့ပါတယ်။

## ပိဋကတ်သုံးပုံရဲ့ အနှစ်ချုပ်

ဒီလို မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း တွေးတိုင်း မပြတ် ရှုမှတ်မှု (သတိပဋ္ဌာန် ဝိပဿနာ)ဟာ မြတ်စွာဘုရားရှင် လေးဆယ့်ငါးဝါကာလကြာအောင် ဟောကြားထားခဲ့တဲ့ မဂ်ဖိုလ် နိဗ္ဗာန် ရရန်လမ်းညွှန် (ပရိယတ္တိဓမ္မ)တရားအားလုံးရဲ့ အနှစ်ချုပ်ပင် ဖြစ်ပါတယ်။

ဒီစကားနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းဖော်ပြပါဦးမယ်။

## ပိဋကတ်(၃)ပုံ

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ( ၄၅ )ဝါ ကာလကြာအောင် ဟောကြားတော်မူထား ခဲ့တဲ့ တရားတွေဟာ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ နိကာယ်အားဖြင့် (၅)ရပ်၊ ပိဋကတ် အားဖြင့် (၃)ပုံ ရှိပါတယ်။

## ဗောဓိပက္ခိယတရား (၃၇)ပါး

ဒီတရားတော်တွေကို အကုန်လုံး အနှစ်ထုတ်လိုက်ယင် ဗောဓိပက္ခိယ တရား( ၃၇ )ပါး ရပါ တယ်။ သူတို့က (၁) သတိပဋ္ဌာန်လေးပါး (၂) သမ္မပ္ပဓာန်လေးပါး (၃) ဣဒ္ဓိပါဒ်လေးပါး (၄) ဣန္ဒြေငါးပါး (၅) ဗိုလ်ငါးပါး (၆) ဗောဇ္ဈင်ခုနစ်ပါး (၇) မဂ္ဂင်ရှစ်ပါးတို့ ဖြစ်ကြပါ တယ်။

## မဂ္ဂင် ရှစ်ပါး

ဗောဓိပက္ခိယတရားတွေကို ထပ်ပြီးအနှစ်ထုတ်ယင် မဂ္ဂင်ရှစ်ပါးရပါတယ်။ သူတို့က (၁) သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ (၂) သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်း၊ (၃) သမ္မာဝါစာ - မှန်စွာပြောခြင်း၊ (၄) သမ္မာကမ္မန္တ-မှန်စွာပြုလုပ်ခြင်း၊ (၅) သမ္မာအာဇီဝ - မှန်စွာအသက်မွေးခြင်း၊ (၆) သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်း၊ (၇) သမ္မာသတိ - မှန်စွာအမှတ်ရခြင်း၊ (၈) သမ္မာသမာဓိ-မှန်စွာတည်ကြည်ခြင်းတို့ ဖြစ်ကြပါတယ်။

## သိက္ခာ(၃)ရပ်

ဒီ မဂ္ဂင်ရှစ်ပါးကို ထပ်ပြီးအနှစ်ထုတ်လိုက်ယင် သီလ၊ သမာဓိ၊ ပညာအားဖြင့် သိက္ခာသုံးပါးရပါတယ်။ သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့က သီလသိက္ခာ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့က သမာဓိသိက္ခာ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့က ပညာသိက္ခာ ဖြစ်ကြပါတယ်။

## သတိပဋ္ဌာန်

ဒီ သိက္ခာသုံးပါးကို ထပ်ပြီးအနှစ်ထုတ်လိုက်ယင် နောက်ဆုံးမှာ “အပ္ပမာဒ”တရား တပါးသာ ရပါတယ်။ အပ္ပမာဒတရားဆိုတာ အကုသိုလ်တရားတွေကို ရှောင်ရှားရမှာ မမေ့မှု၊ ကုသိုလ်တရားတွေကို ပွားများအားထုတ်ရမှာ မမေ့မှုဆိုတဲ့ သတိတရားပင် ဖြစ်ပါတယ်။

ဝိပဿနာအလုပ်စကားနဲ့ ပြောရယင်တော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း တွေးတိုင်း ကွေးတိုင်း ဆန့်တိုင်း သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း အိပ်တိုင်း ဖောင်းတိုင်း ပိန်တိုင်း၊ ဒီလို

အာရုံနဲ့ဒွါရ ဆုံတွေ့တိုင်း ဆုံတွေ့တိုင်း ထင်ရှားရှိတဲ့ ရုပ်တရား နာမ်တရားတွေကို မပြတ် အမှတ်ရမှု သတိပဋ္ဌာန်တရားပင် ဖြစ်ပါတယ်။

## ရှုမှတ်တိုင်းမှာ မဂ္ဂင်ပါ

ဒီလို ဝိပဿနာတရား ရှုမှတ်ပွားများတဲ့အခါ မှတ်တိုင်းမှတ်တိုင်းမှာ မဂ္ဂင်ရှစ်ပါး ပါဝင်နေပုံကို ဆက်လက်ဖော်ပြပါဦးမယ်။

## သီလမဂ္ဂင် (၃)ပါး

ဝိပဿနာတရား ပွားများအားထုတ်မည့် ယောဂီဟာ ဆိုင်ရာသီလကို ဆောက်တည်ထားရပါတယ်။ ဒါမှမဟုတ် မိမိဆိုင်ရာ သီလကို စင်ကြယ်အောင် ပြုလုပ်ထားရပါတယ်။ ဒီလို သီလကို ဆောက်တည် စင်ကြယ်စေပြီးတာနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါး ပွားများမှုဟာ အလိုအလျောက် အကျုံးဝင်သွားပါတယ်။

## သမာဓိမဂ္ဂင် (၃)ပါး

ဆိတ်ငြိမ်ရာ သစ်ပင်အောက် ဒါမှမဟုတ် တောထဲသွားပြီး နေရာယူ၊ ကြာကြာတိုင်နိုင်မယ့် အထိုင်တမျိုးမျိုးနဲ့ ကိုက်သလိုထိုင်၊ မျက်စိမှိတ်၊ အသက်မှန်မှန်ရှူ၊ စိတ်က ဝမ်းဗိုက်ကို အာရုံပြုပြီး အသက်ရှူသွင်းတိုင်း ဝမ်းဗိုက်ဖောင်းတက်လာယင် ဖောင်းတယ်လို့ စိတ်ဖြင့်မှတ်၊ နှုတ်က လိုက်မဆိုနဲ့။ အသက်ရှူထုတ်တိုင်း ဝမ်းဗိုက်ပိန်ကျသွားယင် ပိန်တယ်လို့ စိတ်ဖြင့်မှတ်၊ ဘာမှ မှတ်စရာမရှိယင် ဒီ ဖောင်းတာပိန်တာကိုပဲ မှတ်၊ မြင်မှု ကြားမှု စသည် ပေါ်ယင် ပေါ်ရာပေါ်ရာ ပြောင်းမှတ်။

ဒီလို မှတ်သွားယင် ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတိုင်းဖောင်းတိုင်း မှတ်နိုင်အောင် အားထုတ်မှုက သမ္မာဝါယာမ မဂ္ဂင်၊ ဖောင်းတိုင်းဖောင်းတိုင်း မပြတ်အမှတ်ရမှုက သမ္မာသတိမဂ္ဂင်၊ ဖောင်းတယ်လို့ မှတ်တိုင်းမှတ်တိုင်း မှတ်စိတ်က မှတ်စရာအာရုံဖြစ်တဲ့ ဖောင်းမှုပေါ်မှာ ကပ်ခနဲ ကပ်ခနဲ ကျရောက်သွားတာက သမ္မာသမာဓိမဂ္ဂင်၊ ဒီသုံးပါးဟာ သမာဓိမဂ္ဂင် သုံးပါးဖြစ်ပါတယ်။

## ပညာမဂ္ဂင် (၂)ပါး

ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတာက တခြား မှတ်စိတ်က တခြားပဲ။ မှတ်ဆဲမှာ ဖောင်းတာနဲ့ မှတ်စိတ် ဒီ(၂)မျိုးပဲရှိတယ်။ ငါ သူတပါး ယောကျ်ား မိန်းမ စတဲ့ တရား ဘာမှမရှိဘူးလို့ အမှန်အတိုင်းသိတဲ့ဉာဏ်။

ဖောင်းတာရှိလို့ မှတ်စိတ်ရှိတာပဲ။ ဖောင်းတာမရှိယင် မှတ်စိတ်မရှိနိုင်ဘူး။ ဖောင်းမှုအာရုံက အယင်ဖြစ်တယ်။ ဖောင်းတာကိုရှုမှတ်စိတ်က နောက်မှဖြစ်တယ် စသည်ဖြင့် အာရုံနဲ့မှတ်စိတ်ကို ကွဲကွဲပြားပြား သိမြင်မှု၊ ကြောင်းကျိုး ရုပ်နာမ်သဘောတွေကို အမှန်အတိုင်း သိမှု စတဲ့ ဉာဏ်ပညာဟာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။

ဖောင်းတယ်လို့ မှတ်တဲ့အခါ ရှုမှတ်စိတ်ကို မှတ်စရာအာရုံ ဖောင်းမှုဘက်သို့ ခေါင်းတည့်ပေးတဲ့ သဘော ဦးလှည့်ပေးတဲ့သဘောက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်ပါတယ်။ ဒီ မဂ္ဂင်(၂)ပါးကတော့ ပညာမဂ္ဂင်များပါပဲ။

တခြားအမှတ်တွေမှာလည်း ဒီနည်းအတိုင်းပါပဲ။ မှတ်တိုင်းမှတ်တိုင်း လောကီမဂ္ဂင်ရှစ်ပါးဟာ အလိုအလျောက် အကျုံးဝင်သွားပါတယ်။ ရှုမှတ်ဆဲမှာ ရှုမှတ်သူက ဒီမဂ္ဂင်ရှစ်ပါး အမည်တွေကို မသိပေမယ့် သဘောတရားအနေနဲ့ကတော့ အမှတ်တိုင်းမှာ မဂ္ဂင် ၈-ပါး ပွားများပါဝင်နေပါတယ်။ ဒီ လောကီမဂ္ဂင်များကို အထပ်ထပ်ပွားများအောင် အားထုတ်ယင် အရိယမဂ္ဂင်ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ပါတယ်။

## တကြောင်းတည်းသော လမ်းမှန်

ဒါ့ကြောင့် ရှေ့ပိုင်းမှာ ဖော်ပြခဲ့တဲ့ ဖြစ်ဆဲရုပ်နာမ်ကို မပြတ်ရှုမှတ်မှု (သတိပဋ္ဌာန်အလုပ်)ဟာ မဂ်ရောက်ဖိုလ်ပင် နိဗ္ဗာန်မြင်ရန် တခုဘည်းသောလမ်းမှန် တကြောင်းတည်းသောလမ်းမှန် ဖြစ်တယ် ဆိုတာ ယုံယုံကြည်ကြည် လိုက်နာရှုမှတ် သွားသင့်ပါတယ်။ ဒီလိုရှုမှတ်သွားယင် ပါရမီဉာဏ် ရင့်သန်ပြီးသူဖြစ်ပါက ဒီဘဝမှာတင် အရိယာဖြစ်သွားနိုင်ပါတယ်။ ပါရမီဉာဏ် မရင့်သန်သေးလို့ ဒီဘဝမှာ အရိယာ မဖြစ်နိုင်သေးယင်လည်း နောက်ဘဝမှာ လူချမ်းသာ နတ်ချမ်းသာရရှိပြီး လွယ်လွယ်နဲ့ အရိယာ ဖြစ်သွားနိုင်ပါတယ်။

## ဝိပဿနာကုသိုလ်ပန်း ဆင်မြန်းကြပါ

ဒီ ဝိပဿနာကုသိုလ်ပန်းဟာ တခြားကုသိုလ်ပန်းတွေထက် ပိုမိုဦးစားပေး ဆင်မြန်းသင့်တဲ့ ပန်းတပွင့်ပါပဲ။ ဘာကြောင့်လဲဆိုယင် အခြားအခြား ကုသိုလ်ပန်းတွေက သာသနာပအခါမှာလည်း

ပွင့်ကြတယ်။ သာသနာတွင်းအခါမှာလည်း ပွင့်ကြပါတယ်။ အချိန်မရွေး ပွင့်ကြပါတယ်။ အချိန်မရွေး ပန်ဆင်ချင်ယင် ပန်ဆင်နိုင်ခွင့်ရှိတဲ့ ပန်းတွေပါပဲ။

“ဝိပဿနာပန်း”ကတော့ သာသနာပမှာ မပွင့်ပဲ၊ သာသနာတွင်းမှာသာ ပွင့်တဲ့“ရာသီ၂န်း” တနည်းအားဖြင့် “ရှားပါးပန်း” ဖြစ်လို့ပါပဲ။

ကဲ-ဝိပဿနာပန်း ဆင်မြန်းကြဖို့ တိုက်တွန်းဟောကြားတဲ့ တရားကတော့ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုပြီး တရားသိမ်းကြပါစို့။

**ဝိပဿနာဆိုင်ရာ ဆောင်ပုဒ်ကဗျာ**

သိဘတ်တာဟာ နာမ်သဘောကွဲ့၊ မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊ ဝိပဿနာ ဖြစ်ပါတယ်။
ဝိပဿနာ အလုပ်စခန်းမှာ၊ မဟာစည်နည်းလမ်း ဖော်ပြမယ်။
ဖောင်းပိန်ကိုသာ အခြေခံထားလို့၊ ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။
စာသံပေသံ မပါငြားလည်း၊ ဉာဏ်စဉ်တိုးပွား မင်္ဂဆိုက်မယ်။
မင်္ဂဉာဏ်ပေါက်ယင် ဖိုလ်ဉာဏ်ရောက်လို့၊ နိဗ္ဗာန်မျက်မှောက် ပြုရမယ်။
အယုတ်ဆုံးနော် လူနတ်ဖြစ်လို့၊ အမှန်အစစ် ရှုသင့်တယ်။
မှတ်ကွယ်-မှတ်ကွယ်။

## နိဂုံးအနေ ဆုမွန်ခြွေ

ကဲ.... ပန်း အနေထားကာ တင်စားဟောကြားလာခဲ့တဲ့ "ပုညကြိယဝတ္ထုဆယ်ပါး" ကတော့ စုံသွားပါပြီ။ ဒီ ဆယ်ပါးဟာ အကျဉ်းအားဖြင့် "ဒါန၊ သီလ၊ ဘာဝနာ" သုံးပါးမျှသာ ဖြစ်ပါတယ်။

ဒီ သုံးပါးကို ပြုလုပ် ကြိုးကုတ် အားထုတ်သူများဟာ သာမန် လူသားတိုင်း လိုလားနှစ်သက်တဲ့ လူချမ်းသာ နတ်ချမ်းသာကိုလည်း ရနိုင်တယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကိုလည်း ရရှိနိုင်ပါတယ်။ ဒီလို ရရှိနိုင်ပုံကိုလည်း သာဓကဝတ္ထုစုံလင်စွာနဲ့ စွမ်းနိုင်သမျှ ဖော်ပြခဲ့ပြီးပါပြီ။

ဒါကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မြတ်ကုသိုလ်ပန်း ဆင်မြန်းနိုင်ကြပါစေ။ မြတ်ကုသိုလ်ပန်း ဆင်မြန်းခြင်းဖြင့် လူချမ်းသာ၊ နတ်ချမ်းသာမျှမက နိဗ္ဗာန်ချမ်းသာကိုပါ ကိုယ်စီကိုယ်ငှ ရရှိနိုင် ခံစားနိုင်ကြပါစေလို့ ပတ္ထနာပြုတဲ့ နိဂုံးဂါထာရွတ်ပြီး တရားသိမ်းကြပါစို့။

ဒါနံ ဒဒါထ သဒ္ဓါယ၊ သီလံ ရက္ခထ သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောထ၊ ပပ္ပေါထ အမတံ ဝရံ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ သဒ္ဓါယ၊ ရဘနာသုံးတန် ကံ့ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားဖြင့်။ ဒါနံ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရန် ရည်သန်တောင့်တ ပြုလုပ်ရတဲ့ မြတ်ဒါနကို။ ဒဒါထ၊ တတ်စွမ်းသမျှ ပေးလှူနိုင်ကြပါစေကုန်သတည်း။ သီလံ၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်ပြုရငါးပါး ရှစ်ပါး စသည်ပြားသော မြတ်သီလကို။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ရက္ခထ၊ စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာ ဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာ အလုပ်ဟူသရွေ့၌ ပျော်မွေ့သောစိတ် ရှိကြကုန်သည်။ ဟောထ၊ စင်စစ်မသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။ အမတံ ဝရံ၊ သေခြင်းကင်းရာအမှန် မြတ်သောနိဗ္ဗာန်သို့။ သီဃံ၊ ဘာဝမကြာ ဆောလျင်စွာ။

ပပွေါထ၊ ရောက်နိုင်ကြပါစေကုန်သတည်း။ ပပွေါထ၊ မြင်တိုင်း,ကြားတိုင်း,နံတိုင်း,စားတိုင်း,ထိတိုင်း,တွေးတိုင်း,ကွေးတိုင်း,ဆန့်တိုင်း,သွားတိုင်း,ရပ်တိုင်း,ထိုင်တိုင်း,အိပ်တိုင်း,ဖောင်းတိုင်း,ပိန်တိုင်း၌တကယ်ထင်ရှားရှိနေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတရားတို့ကို မပြတ် ရှုမှတ်ပွားများကြခြင်းဖြင့် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်တက်ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

[သာဓု၊ သာဓု၊ သာဓု။]

ပြန်တန်ဆာ အရှင်သုန္ဒရ
မဟာစည်နိုင်ငံခြားသာသနာပြုဓမ္မကထိက
ကမ္မဋ္ဌာနာစရိယ
ကန္တဗောဓ ဝိပဿနာ ဘာဝနာရိပ်သာ
သီရိလင်္ကာနိုင်ငံ။

**ပြွန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ-ဘီအေ)**
မဟာစည်နိုင်ငံခြားသာသနာပြုဓမ္မကထိက

**ရေးသားသော စာအုပ်များ**


၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော် ၇-ကျပ်
၂။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော် ၇-ကျပ်
၃။ ကံနှင့်လူသားပုံပြတရားတော် ၈-ကျပ်
၄။ လူ့ကျင့်ဝတ် ပုံပြတရားတော် ၇-ကျပ်
၅။ အမြတ်ဆုံးစစ်သည်နှင့် စကားစစ်ပွဲ တရားတော် ၇-ကျပ်
၆။ ကုသိုလ်ပန်း ပုံပြတရားတော် ၇-ကျပ်


ပင်ရင်းဖြန့်ချိရေး
**သီရိရတနာ စာပေတိုက်**
၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# ရွှေး ပန်စေချင်

လှလိုသူ ပျိုဖြူများရယ်တို့၊ ပန်ထားကြ သူ့ထက်ငါ၊ ပန်းပေါင်းစုံစွာ။
ခဏဘာ, လှပါကြ, ပင်ပွင့်ပန်း၊ ။
ဆင်မြန်းရာ, ချိန်ခါကြာတော့၊ ညှိုးခြောက်ကာနွမ်း။ ။

ကုသိုလ်ပန်း၊ ဆင်မြန်းကြ များသူငါ၊
မြင့်မြတ်ရာ သာစခန်းသို့၊ လှမ်းတက်နိုင်ဘာ။
လူ့, နတ်ရွာ၊ ဖြူဟွာကဲ့မလွဲ။ ။
ထို့ထက်လွန်…နိဗ္ဗာန်နန်း၊ စံမြန်းရမြဲ။ ။